မန္တလေးတိုင်း လယ်ဝေးမြို့နယ်
ထန်းတပင်ကျေးရွာ၊ ထန်းတပင်တောရကျောင်းဆရာတော်
မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်
နဘူးကျင်းရွာ၊ ရန်ကင်းတောရကျောင်းဆရာတော်

သာသနဓဇသိရီပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစကအရညဝါသီ
သက်တော်ရှည်

အရှင်ဇောတိကာဘိဝံသ မြွတ်အား

မလေးရှားနိုင်ငံသား အရှင်ဥတ္တမဝံသ
စကုမြို့ အရှင်နန္ဒဝံသ
ညောင်ကန်အေး အရှင်ဓမ္မပါလ
မြစ်သား အရှင်ကောသလ္လ
တောင်တွင်း အရှင်စန္ဒိမာ
အရှင်သာသန တို့မှ
မေးမြန်းလျှောက်ထားသောပုစ္ဆာများကို
ဖြေကြားတော်မူသည့်ကျမ်း။

မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်၊ ထန်းတပင်တောရ သက်တော်ရှည်တောရဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း

၁။ ၁၂၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၆)ရက်၊ စနေနေ့ ည (၂ း ၃၀) နာရီအချိန်တွင် ရမည်းသင်းမြို့နယ်၊ နဘူးကျင်းရွာ၊ ခမည်းတော်ဦးဘ၊ မယ်တော် ဒေါ်အေးမှန်တို့မှ ဖွားမြင်တော်မူသည်။

၂။ ၁၂၉၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၃)ရက်၊ တနင်္ဂနွေနေ့တွင် ရမည်းသင်းမြို့နယ်၊ သရက်ကန်ရွာကျောင်းဆရာတော် အရှင်ဥက္ကံသကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။

၃။ ၁၃၀၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်၊ တနင်္ဂနွေနေ့တွင် ရမည်းသင်းမြို့နယ်၊ ကြာပင်အင်းရွာကျောင်းဆရာတော် အရှင်စက္ကိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော အထက်တန်းရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

၄။ ရမည်းသင်းမြို့နယ်၊ သရက်ကန်ရွာကျောင်းဆရာတော် အရှင်ဥက္ကံသ၊ သက္ကယ်ကျင်းတောကျောင်းဆရာတော် အရှင်သီဟ၊ ဇီးဖြူကုန်းရွာ၊ ဂန္ဓာရုရကျောင်းဆရာတော် အရှင်ဥက္ကံသ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်၊ ဘုရားဖြူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာဝံသ(အဂ္ဂမဟာပဏ္ဍိတ)တို့ထံတွင် ပညာရင်နို့ သောက်စို့တော်မူခဲ့သည်။

၅။ ၁၃၁၅ ခုနှစ်တွင် ကျင်းပသော နိုင်ငံတော် အစိုးရဓမ္မာစရိယ စာမေးပွဲတွင် ကျမ်းရင်း (၃)ကျမ်းနှင့် ဂုဏ်ထူး (၆) ကျမ်းကို ဖြေဆို အောင်မြင်တော်မူခဲ့ရာ ၁၃၁၆ ခုနှစ်၊ နတ်တော်လဆန်း (၁၅)ရက်၊

သောကြာနေ့၌ ရန်ကုန်မြို့၊ အလုံသမ္မတအိမ်တော်တွင် ကျင်းပသော မဟာဘွဲ့နှင်းသဘင်အခမ်းအနားဝယ် နိုင်ငံတော်သမ္မတကြီး ဒေါက်တာ ဦးဘဦးကိုယ်တိုင် 'သာသနဓဇသိရီပဝရဓမ္မာစရိယ'ဘွဲ့တံဆိပ်ကို ဆက်ကပ်သည်။

၆။ ၁၃၁၆ ခုနှစ်မှ ၁၃၂၄ ခုနှစ်အထိ (၉)နှစ်တိုင်တိုင် ရန်ကုန်မြို့၊ ဘုရားဖြူကျောင်းတိုက်တွင် ဂဏဝါစက စာချအဖြစ်ဖြင့် စာပေပို့ချ၍ ဂန္ထဓူရတာဝန်ကို ထမ်းရွက်တော်မူခဲ့သည်။

၇။ ၁၃၂၅ ခုနှစ်၊ နယုန်လဆန်း (၅)ရက်နေ့တွင် ရန်ကုန်မြို့၊ ဘုရားဖြူကျောင်းတိုက်မှ မင်းဘူးခရိုင်၊ စကုမြို့နယ်၊ ရွှေစက်တော်သို့ ကြွရောက်ကာ အာရညကင်တောသို့ ဝင်တော်မူသည်။

၈။ စကုမြို့နယ်၊ ရွှေစက်တော်တောရ၊ စကုမြို့နယ်၊ မြောင်းဦးရွာ၊ ရန်ကင်းတောရ မင်းတုန်းမြို့နယ်၊ တောင်လတ်တောရ ရမည်းသင်းမြို့နယ်၊ နဘူးကျင်းရွာ၊ ရန်ကင်းတောရ ပျော်ဘွယ်မြို့နယ်၊ သောင်ကုန်းရွာ၊ သုသာန်၊ လယ်ဝေးမြို့နယ်၊ ထန်းတပင်ရွာ၊ ထန်းတပင်တောရ ရမည်းသင်းမြို့နယ်၊ ရွှေဈေးရွာ၊ ရွှေမင်းဝံတောရတို့တွင် သီတင်းသုံးတော်မူခဲ့သည်။

၉။ ၁၃၃၁ ခုနှစ်မှစ၍ နဘူးကျင်းရွာ၊ ရန်ကင်းတောရနှင့် ထန်းတပင်ရွာ၊ ထန်းတပင်တောရတို့တွင် သင့်လျော်သလို သီတင်းသုံးတော်မူရာ၊ ယခုနှစ် (၁၃၆၄)၌ ထန်းတပင်တောရတွင် ဝါကပ်တော်မူသည်။

၁၀။ အရဏကာလဝိနိစ္ဆယ၊ စိဝရဝဏ္ဏဝိနိစ္ဆယ၊ ဆန္ဒဒါနဝိနိစ္ဆယ၊ ခုတင်ဝိနိစ္ဆယ၊ ဓမ္မသံယုတ္တဂါထာ၊ ဝန္ဒနာစုံကျမ်းများကို ရေးသားပြုစုတော်မူခဲ့သည်။

၁၁။ မြန်မာပြည်အရပ်ရပ်မှ ပင့်လျှောက်ချက်များကို လက်ခံကြွရောက်ကာ ဦးစီးပဓာနအဖြစ်ဖြင့် သိမ်များကို သမုတ်တော်မူခဲ့ရာ ၁၃၆၄ ခုနှစ်၊ ကဆုန်လဆန်း (၁၁)ရက်နေ့အထိ သိမ်အလုံးပေါင်း (၁၄၀)သမုတ်ခဲ့ပြီးဖြစ်သည်။



သာသနဓဇသိရီပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစကအရညဝါသီ
သက်တော်ရှည်

အရှင်တိဿရဓော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ မေး = "တောကျောင်းရှိသည်၊ သစ်ပင်မခုတ်ရ"ဟု ရေးထားသော ကတ်ပြားကို မြင်သိလျက်သားနှင့် ကျောင်းဝင်းထဲသို့ ဝင်ရောက်၍ သစ်ပင်ကို ငှတ်ခုတ်သော ထင်းခုတ်သမားကို မိ၍ ခုတ်ပြီးသား သစ်တုံးကို ယူသွားခွင့်မပြုဘဲ ရဟန်းက သိမ်းကောင်းပါ၏လော?

ဤမေးခွန်းကို မေးလျှောက်ရခြင်းအကြောင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

ယခုခေတ် အာဏာပိုင်အစိုးရလက်ထက်၌ မြေကွက်ဟူသမျှသည် ပုဂ္ဂလိကပိုင်မရှိ၊ အစိုးရပိုင်သည်ချည်းဖြစ်၍ အစိုးရက ယာယီအသုံးပြုခွင့် ပေး၍သာ ပြည်သူပြည်သားများ လယ်ယာစသည်တို့ကို လုပ်ကိုင်ခွင့် ရကြသည်ဟု ကြားသိရသည်။ သို့ဖြစ်၍ ရှေးက ရဟန်းပုဂ္ဂိုလ်, သင်္ဃာ, ဂိုဏ်း, ကျောင်းအားလှူခဲ့သော ကျောင်းနေရာ, အာရာမ်နေရာ, တောမြေကွက်နှင့် ၎င်းတို့၌ အလေ့ကျပေါက် သောသစ်ပင် စသည်တို့ကို ယခု အဘယ်သူက ပိုင်သလဲဟု မေးစရာထွက်လာပါသည်။

ထို့ပြင်တစ်ပါး ယခု ရန်ကင်းတောရကျောင်းဝင်း (၁၉-ဧကကျော်)ကို မြောင်းဦးကျေးရွာအုပ်စု ရ-ဝ-တအဖွဲ့က သာသနာ့မြေအဖြစ်ဖြင့် ပိုင်းခြားသတ်မှတ်၍ ၎င်းအတွင်းရှိ သစ်ပင်မခုတ်ရ၊ ခုတ်သောပုဂ္ဂိုလ်များ အပေါ် အရေးယူမည့်အကြောင်း အစည်းအဝေးထိုင်ပြီး အတည်ပြု ဆုံးဖြတ်ခဲ့ပြီးဖြစ်သော်လည်း တရားဝင်အနေဖြင့် အသိအမှတ်ပြုဖို့ရန် အစိုးရမြေစာရင်းဌာနအား တင်ပြလျှောက် ထားဆဲသာဖြစ်သည်။ ထို့ပြင်

တောကျောင်းဝင်းသည် သစ်တောကြိုးဝိုင်းထဲလည်း မပါဝင်၊ ကာကွယ်တောလည်းမဟုတ်၊ ဆည်မြောင်း၏ တစ်မိုင်အတွင်းမှာ တည်ရှိနေသည့်အတွက် ယာမြေစာရင်းထဲပါဝင်ကြောင်း မြေစာရင်းအရာရှိတစ်ဦးဆီက ကြားသိရပါသည်။ ဤအကြောင်းတို့ကို ဆင်ခြင်စဉ်းစားလိုက်သော် –

''သာသနာ့မြေဟု အသိအမှတ်မပြုရသေးသမျှ ကာလပတ်လုံး သစ်ပင်ခုတ်ခြင်းကြောင့် အစိုးရက အရေးမယူ။ ယာခုတ် ယာလုပ်လျှင်ကား အခွန်ကောက်ရသည်ဖြစ်ရကား ကျောင်းဝိုင်းထဲတွင် ထင်းခုတ်သမားကို ရဟန်း က 'နောက်မခုတ်တော့နှင့်'ဟု တားမြစ်သော်လည်း အစိုးရမှာ အကောက်အခွန် မဆုံးရှုံးသောကြောင့် ထင်းခုတ်သမားကို တားကောင်းသည်။ ယာခုတ်သမားကို တားလျှင်ကား အစိုးရမှာ အကောက်အခွန် လျော့ပါးဆုံးရှုံးသွားလိမ့်မည် ဖြစ်သောကြောင့် ရဟန်းက ယာခုတ်သမားကို မတားကောင်း''ဟု ဆင်ခြင်စဉ်းစား၍ ဆုံးဖြတ်လိုက်ပါသည်။ သို့ရာတွင် တောကျောင်းရှိမှန်း သိလျက်သားနှင့် ဝင်ခုတ်သော ထင်းခုတ်သမားတို့ကို တားကောင်းသော်လည်း သူတို့ခုတ်ပြီးသား သစ်သားတုံးသည် ခိုးယူဓားပြုပိုင်ပစ္စည်းဖြစ်သွားမနေဘူးလားဟု သံသယရှိသောကြောင့် မသိမ်းဝံ့ပါ။ တစ်ခါ မသိမ်းဘဲ သူတို့အား ယူသွားခွင့်ပေးပြန်လျှင်လည်း ကုလဒူသနအမှုဖြစ်မနေဘူးလားဟု ဒွိဟသံသယဖြစ်ပြန်၏။ ဤ၌ ကုလဒူသကစိတ်မရှိက ပေးကောင်း၏ဟု ယူဆလျှင် အသက်မွေးဝမ်းကြောင်းသည့်အနေဖြင့် မဟုတ်ဘဲ သနားသဖြင့် ဆေးကုပေးလျှင်လည်း ကုလဒူသန အနေသန မိစ္ဆာဇီဝအမှုတို့ မဖြစ်ဟု ဆိုရာရောက်မနေဘူးလား (နံပါတ် ၅–ပုစ္ဆာ၌လည်း သီးသန့်မေးလျှောက်ပါသေး၏။)ဟု တွေးမိပြန်၏။ ထို့ကြောင့် ဤမေးခွန်း နံပါတ် ၁–ကို မေးလျှောက်ရခြင်းဖြစ်ပါသည်ဘုရား။

၁။ ဖြေ= ဤမေးခွန်းသည် တောရကျောင်း အာရာမ်အလွန်ကျယ်စွာ သတ်မှတ် ပိုင်းခြားချဲ့ထားရာမှ အစပြု၍ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

သံဃာများစွာ ဖြစ်လာရသည့်တိုင်အောင် တိုးပွားလာတော့သည်။ (ဝိတက်စရိုက်များသောသူသည် ကသိုဏ်းဝန်းကျယ်ကျယ်နှင့် မလျော်သကဲ့သို့) သံဃာများတတ်သူသည်း အာရာမ်ကျယ်ကျယ်နှင့် မလျော်ဟု ဆိုရပေလိမ့် မည်။ ထို့ပြင် မိမိရဟန်းပိုင်ပစ္စည်းဘဏ္ဍာကို ခိုးယူရာ၌ ခိုးသူ၏ ပစ္စည်းဖြစ်နေ၏။ သို့သော်လည်း ထိုးပစ္စည်းကို (သဂါသညာဖြင့်) ပြန်ယူရာ၌ အပြစ်မရှိ။

မိမိရဟန်းက တိတိကျကျ တကယ်စင်စစ် မပိုင်သေးသောပစ္စည်းကို ခိုးယူရာ၌ကား မိမိရဟန်းပိုင်ပစ္စည်းကို ခိုးယူသကဲ့သို့ မစဉ်းစားသင့်ပါ။ သကာသညာစစ်စစ် ဖြစ်ရန်ခဲယဉ်းသောကြောင့် ဖြစ်ပါ၏။ သကာသညာ စစ်စစ်ထား ၍ မဖြစ်သေးသော ထိုပစ္စည်းကို ယူသွားခွင့် ပေးခြင်းကိုလည်း ကုလဒူသနဖြစ်သည်ဟု မစဉ်းစားသင့်ပါ။ ကိုယ်ပိုင်ပစ္စည်းကို ပေးခြင်း မဟုတ်သောကြောင့်တည်း။ ကုလဒူသနအရာ၌ စိုက်ပျိုးထားသော ရဟန်းပိုင် သစ်ပင်၊ သစ်သီး၊ ပန်း စသည်ကို ပေးခြင်းနှင့် ရဟန်းပိုင် ပုဂ္ဂလိက ဂဏိက သံဃိကဖြစ်သော ပစ္စည်းကိုပေးခြင်း စသည်ကိုသာ ကုလဒူသနဖြစ်သည်ဟု ယူသင့်သည်။ ရဟန်းပိုင် တိတိကျကျမဟုတ်သေးသော ပစ္စည်းကို (သည်းခံလက်လျှော့သောအားဖြင့်) ပေးလိုက်ရခြင်းမျိုးကို ကုလဒူသန ဖြစ်သည်ဟု မယူသင့်။

ထို့ပြင် သနားသဖြင့် ဆေးကုခြင်းကြောင့် မိစ္ဆာဇီဝမဖြစ်ဟု ယူဆလျှင် ရဟန်းများစွာပင် သနားလှပါသည်ဟု အကြောင်းပြ၍ ဆေးကုကြရန်သာ

ရှိတော့ ၏။ မိမိအလိုကား သနားစိတ်ဖြင့် ဆေးကုကောင်းသည်ဟု မယူလိုပါ။ မကုကောင်းဘူးဟူ၍သာ ယူလိုပါ၏။ အကြောင်းကား – ဒုတိယပါရာဇိက ဝိနိတ ဝတ္ထုများ၌ –

ပါသေ ဗဒ္ဓံ သုကရံ ကာရုညေန မုဉ္စိ (ဝိ–၁–ဂျ၉)ဟု ကျော့ကွင်း၌ မိနေသော ဝက်သတ္တဝါကို လွှတ်ရာ၌ သနားသဖြင့် လွှတ်သည်ဟု အဆိုရှိပါ၏။ မိစ္ဆာဇီဝအရာ၌ကား သနားသဖြင့် ဆေးကုသည်ဟု အဆိုမရှိပါ။ ထို့ကြောင့် မကုကောင်းဘူးဟု ယူလိုက်ခြင်းဖြစ်ပါ၏။

~ ~ ~

၂။ မေး = ပိဋကတ် ပါ–ဠ–ဋီ တို့ကို စုံစုံလင်လင် နှံ့နှံ့စပ်စပ်လေ့လာလိုလျှင် ဘယ်ကျမ်းဘယ်ကျမ်းက စ၍ ကြည့်ရမည်။ ဘယ်ကျမ်းပြီးမှ ဘယ်ကျမ်းကို ကြည့်ရမည် အစရှိသော အစီအစဉ်ရှိပါ၏ လော?။ ဘယ်လိုအစီအစဉ်ဖြင့် ကြည့်၍ လေ့လာလျှင် ခရီးပို၍ ထိရောက်မည်နည်း?

၂။ ဖြေ = ပါ–ဠ–ဋီ ကြည့်လျှင် မဇ္ဈိမနိကာယ်က စ၍ ကြည့်ပါ။ ပါဠ ကြည့်ပြီး ဠ–ကြည့်, ဋီ–ကြည့်ပါ။ ထို့နောက် သံယုတ္တနိကာယ်၊ အင်္ဂုတ္တရ နိကာယ်၊ ဒီဃနိကာယ်၊ ခုဒ္ဒကနိကာယ်တို့ကို ကြည့်ပါ။

ခုဒ္ဒကနိကာယ်၌ ဝိနယပိဋကနှင့် အဘိဓမ္မပိဋကတို့ ပါဝင်နေ၍ များလှ ပါသည်။ မိမိကြည့်စဉ်ကအတိုင်းသာ ရေးလိုက်ခြင်းဖြစ်ပါ၏။ မိမိသည် ပထမ အကြိမ်ကြည့်စဉ်က (ဒီဃနိကာယ်ကို ဖယ်ထား၍ ရှင်းမှတစ်ပါး) အားလုံး ဤစဉ်အတိုင်း ကြည့်ခဲ့ပါ၏။ ဒီဃနိကာယ်ကိုကား ရှေးရှေးကပင် ဆရာများထံ စာလိုက်ရာ၌ ပါဝင်ပြီး ကြည့်ပြီးဖြစ်နေပါ၏။

ဒုတိယအကြိမ် စသည်တို့၌ကား "ဒီမဇ္ဈိမံအင်္ဂါ ခုဒ္ဒပင်္ဂါ မိုးအင်နိကာယ" ဟု ဆိုသည့်အတိုင်း ဒီဃ–မဇ္ဈိမ–သံယုတ္တ–အင်္ဂုတ္တရ–ခုဒ္ဒက နိကာယ် ၅–ခုအစဉ်အတိုင်း ကြည့်ပါ၏။

၃။ မေး =ကြိုးကန်ရွာကျောင်း ပါ–၄–ဋီ ပိဋကတ်အလှူခံပုံနှင့် ရေစက်ချပုံတို့ကို စုံစုံလင်လင် သိလိုပါသည်ဘုရား?

၃။ ဖြေ = ပါ–၄–ဋီ ကျမ်းစာများကို မိမိအလှူမခံပါ။ ကြိုးကန်ကျောင်းဆရာတော်ကြီး အလှူခံပါသည်။ အလှူခံပုံ–ရေစက်ချပုံကို ယခုလက်ရှိ ဦးဇင်းလကို မေးပါ၊ သူသိသလောက် ဖြေပါလိမ့်မည်။

~ ~ ~

၄။ မေး =အလဇ္ဇီပရိဘောဂနှင့် ပတ်သက်၍ ဝိနယဂရုကဟု ဝန်ခံသော်လည်း အလဇ္ဇီအရွေ့ပါသိက သဒ္ဓိဝိဟာရိကတပည့်နှင့် အတူနေ၍ ပစ္စယပရိဘောဂပြု သော ရဟန်းလည်း အလဇ္ဇီပင်ဖြစ်သည်ဟု (ဝိ–၄–၂–၂၇၄။)၌ ဆို၏။

ဤအရာ၌ အလဇ္ဇီပရိဘောဂ မအပ်ဘူးဆိုသည်မှာ လဇ္ဇီက အလဇ္ဇီ၏ ပစ္စည်းကို လက်ခံ၍ သုံးဆောင်ခြင်း တစ်မျိုးတည်းကိုသာ ဆိုလိုသည်။ လဇ္ဇီရဟန်းက မိမိပိုင်ပစ္စည်းကို အလဇ္ဇီရဟန်းအား ပေးလှူခြင်းနှင့် အလဇ္ဇီဆီက လှူအပ်သောပစ္စည်းကို လက်ခံသုံးဆောင်ခြင်း ဤ ၂–မျိုးစလုံးကို ဆိုလိုသည် မဟုတ်။ ထို့ကြောင့် လဇ္ဇီက ကိုယ်ပိုင်ပစ္စည်းကို အလဇ္ဇီအား လှူသောလှူ၍ အလဇ္ဇီက ပေးလှူသောပစ္စည်းကို

လက်ခံသော်လည်း ကိုယ်တိုင်တော့ မသုံးဆောင်ဘဲ သူများကို စွန့်ပစ်လိုက်လျှင် အလဇ္ဇီပရိဘောဂ မဖြစ်ပါ။ အပ်စည် သည်သာတည်းဟူသော ယူဆချက်ကို ဆရာတော်ဘုရား ဘယ်လိုသဘောရပါ သနည်းဘုရား? ထို့မှတစ်ပါး အလဇ္ဇီပရိဘောဂဒုက္ကဋ်ကို ပါဠိတော်၌ ဘယ်လို သွင်းရမည်နည်း။ "ပုဂ္ဂလော အလဇ္ဇီပိဏ္ဍပါတော ဓမ္မိယော၊ ပုဂ္ဂလံ ဇိဂုစ္ဆိတ္ဂွာ ပိဏ္ဍပါတောန ဂဟေတဗ္ဗော" တိ ယံ ဝုတ္တံ (ဝိ-၅-၂-၂၇၄။) ပိဋ္ဌေ၊ တံ အယုတ္တံ ဝသေနဝုတ္တံ ဥဒါဟု အာပတ္တိဝသေန? သစေ အာပတ္တိဝသေန ဝုတ္တံ၊ သုတ္တံ အာဟရိတ္ဂွာ ဒဿေထ ဘန္တေ သုတ္တာနုလောမံ ဝါ။

၄။ ဖြေ =အလဇ္ဇီပရိဘောဂအရာ၌ သမ္ဘောဂကိုထောက်လျှင် ပေးခြင်းသက်သက်ဖြင့်လည်းကောင်း၊ ခံယူခြင်းသင်သက်ဖြင့် လည်းကောင်း အလဇ္ဇီပရိဘောဂ ဖြစ်သည်ဟု ယူသင့်ပါ၏။

သမ္ဘောဂ၌ ဆိုပုံကား -

အာမိသသမ္ဘောဂေါ် နာမ အာမိသံ ဒေတိ ဝါ ပဋိဂ္ဂဏှာတိ ဝါ ဓမ္မသံဘော ဂေါ် နာမ ဥဒ္ဒိသတိ ဝါ ဥဒ္ဒိသာပေတိ ဝါ-ဟု (ဝိ-၂-၁၀၀။)၌ ဆိုထား၏။

ယင်းသို့ ဝိကပ်အနက်ရှိသော ဝါ-သဒ္ဒါတို့ဖြင့် ဆိုထားသောကြောင့် ပေးခြင်းသက်သက် ယူခြင်းသက်သက်ဖြင့်ပင် သမ္ဘောဂဖြစ်သည်ဟု ယူဆထား ခြင်းဖြစ်ပါ၏။ ပရိဘောဂလည်း ထိုနည်းပင် ဖြစ်သည်ဟု ယူသင့်ပါ၏။ အကယ်၍ ထိုဝါ-သဒ္ဒါများသည် ဝိကပ်မဟုတ် သမုစ္စည်းဖြစ်သည်ဟု ယူလျှင်ကား အလဇ္ဇီပုဂ္ဂိုလ်နှင့် အပေးအယူ နှစ်မျိုးလုံးလုပ်မှသာ သမ္ဘောဂပရိဘောဂ ဖြစ်သည်ဟု ယူရပေလိမ့်မည်။

ဤ၌ သမ္ဘောဂနှင့် ပရိဘောဂတို့သည်။

ဥဘောပိ "ကေသမ္ဘောဂ ပရိဘောဂါ ဟုတွာ ဓိဝထာ" တိ ဟူသော (ဝိ-၌-၂-၁၇၇၊ ဝိမတိ-၁-၃၃၈။) အဆိုကို ထောက်လျှင် တူယောင် ယိုးမှားပင် ဖြစ်သည်ဟု ယူသင့်ပါ၏။ ဆိုခဲ့သည့်အတိုင်း ပေးခြင်းဖြင့်၊ ယူခြင်းဖြင့် အလင်္ကိပရိဘောဂဖြစ်သည်ဟု ယူရပါမည်၊ သုံးဆောင်မှ ဖြစ်သည်ဟု မယူသင့်ပါ။မသုံးဆောင်သော်လည်း အလင်္ကိပရိဘောဂကား ဖြစ်နေပါပြီဟု မှတ်ရန်ယူရန်သာ ရှိပါတော့၏။

နည်းယူထောက်ထားစရာကား -

ပဋိဂ္ဂါဟကေန ပဋိဂ္ဂဟေတွာ အပရိဘုတ္တေပိ ဒေယျဓမ္မေ ပုညံဟောတိ ယေဝ-ဟူသော (အဘိ-၌-၃-၁၉၉။) စကားပင် ဖြစ်ပါသည်။

ဤ၌ နည်းယူအတူ ဟပ်ပုံကား. . . အလင်္ကိ၏ ပစ္စည်းကို ခံယူခြင်းနှင့် လှူဒွယ်ဝတ္ထုကို ခံယူခြင်းသည်တူသည်ဟု ဟပ်ယူပါ။ မသုံးဆောင် သော်လည်း အလင်္ကိပရိဘောဂဖြစ်ခြင်းနှင့် မသုံးဆောင်သော်လည်း ကောင်းမှုဖြစ်ခြင်းသည် တူသည်ဟု ဟပ်ယူပါ။ ဆက်၍ ဆိုပါဦးမည်၊ ဋီကာကျော်၏ မေးခွန်း (၄)အဆုံးနား၌-

ပိဏ္ဍပါတော န ဂဟေတဗ္ဗော = ဆွမ်းကို မခံယူအပ်-ဟု ဆိုထား၏။ ဤ၌ ခံယူလျှင် အလင်္ကိပရိဘောဂဖြစ်နေမည်၊ ထို့ကြောင့် န ဂဟေတဗ္ဗော- မခံအပ် ဟု တားမြစ်လိုက်ခြင်းဖြစ်သည်ဟု ယူပါ၊ သတိပြုရန်ကား- န ဂဟေတဗ္ဗော-ဟူသာ ဆို၍ န ပရိဘုဉ္ဇိတဗ္ဗော-ဟု မဆိုသည်ကိုလည်း သတိပြုသင့်ပါ၏။ မဆိုသောကြောင့် သုံးဆောင်လျှင် အလင်္ကိပရိဘောဂဖြစ်၍ မသုံးဆောင်လျှင် အလင်္ကိပရိဘောဂ မဖြစ်ပါဟူသော အယူကို ဆင်ခြင်စဉ်းစားသင့်သည်ဟု မှတ်ပါ။ ထို့ပြင် အလင်္ကိပရိဘောဂဒုက္ကဋ်ကို

အလဇ္ဇိနိဿယဒုက္ကဋ်၌ သွင်းယူသင့်ပါ၏။

ပါဠိကား -

န ဘိက္ခဝေ အလဇ္ဇီနံ နိဿယော ဒါတဗ္ဗော၊ ယော ဒဒေယျ၊ အာပတ္တိ ဒုက္ကဋဿ (ဝိ-၃-၁၂၇။) န ဘိက္ခဝေ အလဇ္ဇီနံ နိဿာယ ဝတ္ထဗ္ဗံ၊ ယော ဝသေယျ၊ အာပတ္တိ ဒုက္ကဋဿ (ဝိ-၃-၁၂၇။)တို့ပင် ဖြစ်ပါ၏။

ဤ၌ အလဇ္ဇီကိုမှီ၍ နေလျှင်ပင် ဓမ္မပရိဘောဂဖြစ်ပြီးလျှင် ဆရာနှင့် တပည့် ကျင့်ဝတ်ကျင့်ရာ၌ သပိတ်သင်္ကန်း ပေးခြင်းယူခြင်း စသည် ရှိနေသော ကြောင့် အာမိသပရိဘောဂလည်း ဖြစ်လာတော့၏။

အဋ္ဌကထာကား -

ဓမ္မပရိဘောဂေါတိ "ဧကကမ္မံ ဧကုဒ္ဒေသော"တိ အာဒိနာ ဝုတ္တသံဝါသော စေဝ နိဿယဂ္ဂဟဏဒါနာဒိကော သဗ္ဗော နိရာမိသပရိဘောဂေါ စ ဝေဒိတဗ္ဗော။ (ဝိမတိ-ဋီ-၁-၃၃၈။)

န ဘိက္ခဝေ အလဇ္ဇီနံ နိဿယော ဒါတဗ္ဗောတိ ဣမိနာ အလဇ္ဇိဟိ ဘိက္ခူဟိ သာမဏေရေဟိ ဝါ သဒ္ဓိံ ဒွေပိဓမ္မာမိသပရိဘောဂါ ပဋိက္ခိတ္တာ ဟောန္တိ။ (ဝဇိရ-ဋီ-၄၃၉။)

ဤဋီကာတို့၌ ဆိုသောစကားအရ မှီ၍နေခြင်း ပေးခြင်း ယူခြင်းဖြင့် အလဇ္ဇီပရိဘောဂ ဖြစ်ခြင်းကိုလည်းကောင်း၊ ပါဠိတော်စကားအရ ဒုက္ကဋ်အာပတ် သင့်ခြင်းကိုလည်းကောင်း ကောင်းစွာသိအပ်၏။

ဤအဖြေစကားများဖြင့် -

"ပုဂ္ဂလော အလဇ္ဇီ ပိဏ္ဍပါတော ဓမ္မိယော၊ ပုဂ္ဂလံ ဇိဂုစ္ဆိတွာ ပိဏ္ဍပါ တော န ဂဟေတဗ္ဗော" တိ ယံ ဝုတ္တံ စသော မေးခွန်း၏ အဖြေလည်း ပြီးပါပြီ။

~ ~ ~

၅။ မေး = အသက်မွေးဝမ်းကျောင်းသည့်အနေဖြင့် မဟုတ်ဘဲ ဒကာ ဒကာမတို့ ကို သနားသောအားဖြင့် ဆေးကုပေးခြင်း၊ ဗေဒင်ဟောပြခြင်း အစရှိသော အနေသနကို ပြုလုပ်သော ရဟန်း၏ မိစ္ဆာဇီဝအမှု၊ ကုလဒူသနအမှု ဒုက္ကဋ်အာပတ် တို့ ဖြစ်ပါ၏လော?

၅။ ဖြေ = မေးခွန်းပါ ဆေးကုခြင်းသည် မိစ္ဆာဇီဝ ကုလဒူသန ဖြစ်ပါသည်။ ဒုက္ကဋ်အာပတ်လည်း သင့်ပါသည်။

ဤအဖြေနှင့် ဆိုခဲ့ပြီးသော နံပါတ်(၁)အဖြေကို ဆက်စပ်၍ ကြည့်ပါဟု ညွှန်ကြားပါ၏။

~ ~ ~

၆။ မေး = ပက်လက်ကုလားထိုင်ပေါ် ထိုင်အိပ်လျှင် မုဒုနိသဇ်ဇတင် ရသည်ဟု အချို့က ဆိုကြ၏။

အချို့မှုကား ဒိဝါသေယျသိက္ခာပုဒ်နှင့် ပတ်သက်၍ ပက်လက် ကုလားထိုင်ပေါ် ထိုင်အိပ်လျှင် အာပတ်မှ မလွတ်ဟုလည်း ဆိုကြပြန်သတဲ့၊ ဤအရာ၌ ဆရာတော်ဘုရား ဘယ်လိုသဘောရပါသနည်းဘုရား?

သတိမူဖို့ရန် သာဓကများ -

သေယျာတိကာယပ္ပသာရဏာ သင်္ဂါတံ သယနမ္ပိ ဝုစ္စတိ၊ ယသ္မိံ သေနာသနေ သယန္တိ, တမ္ပိ။ (ဝိ-ဋ္ဌ-၃-၁၁။)

ကဋ္ဋိဝ ပန ဘူမိံ ဖုသာပေန္တော သယနံ နာမ ဟောတိ။ ပိဋ္ဌိ- ပသာရဏာ လက္ခဏာဟိ သေယျာ။ (ဝိမတိ-ဋီ-၁-၁၆၂။)

၆။ ဖြေ =ဇတင်ဝိနိစ္ဆယ၌ ပဋ္ဌက်အင်းပျဉ် သတ္တက်အင်းပျဉ်ခေါ် ကုလားထိုင်၌ ထိုင်၍ အိပ်ခြင်းကို အပ်သကဲ့သို့ ဆို၏။

မိဋ္ဌာဘာယထေရ်ကို သာဓကတင်ထားပါ၏။

ဤနေသဋ္ဌကရတင်၌ "သေယျံ ပဋိက္ခိပါမိ"ဟု ပယ်ထားသော သေယျ, ဒိဝါသေယျ, သဟသေယျ ဤသေယျ ၃-ပါးတို့သည် သေယျအချင်းချင်းတူကုန် ၏ဟု ယူပါ၏။ ဒိဝါသေယျအရာ၌ ကုတင် ညောင်စောင်းပေါ်မှာ ထိုင်၍ အိပ်သော ရဟန်းသည် ခြေထောက်တို့ကို မြေမှမလွတ်စေမူ၍ အိပ်ပါ၏ဟု ဆို၏။ (ဝိ-၄-၁-၂၄၅။)

ဤအချက်၌ ဝိမတိဋီကာဆရာက ခြေထောက်မြေမှ မလွတ်သော ကြောင့် အိပ်ရာမရောက်၊ သေယျမဖြစ်၊ အာပတ်မသင့်ဟု (ဝိမတိ-ဋီ-၁-၁၆၂။)၌ ဆိုထား၏။ အကယ်၍ ခြေထောက်မြေမှ လွတ်လျှင်ကား အိပ်ရာရောက်မည်၊ သေယျဖြစ်မည်၊ အာပတ်သင့်မည်ဟု အဓိပ္ပါယ်ဆိုက်ရောက်နေပါ၏။ ဤစကား များကို ထောက်ထား၍ အင်းပျဉ်ပေါ်မှာ ခြေထောက်ကို အောက်သို့ချကာ ထိုင်လျက်အိပ်သော ရဟန်း၏ သေယျဖြစ်မဖြစ်ကို ဆိုလတ္တံ့သော အစိတ်အင်္ဂါ တို့ဖြင့် သိအပ်၏။

၁။ခါးအထက် ကျောကုန်းကို ဆန့်တန်းထားခြင်း၊

၂။ကျောကုန်းကို မြေ, အခင်းစသည်၌ ထိစေခြင်း၊

၃။ခြေထောက်တို့ကို မြေမှ လွတ်စေခြင်း။

ဤအင်္ဂါသုံးပါးညီလျှင် အိပ်ခြင်းဟုခေါ်သော သေယျဖြစ်၏။

၁။ခါးအထက်ကျောကုန်းကို ဆန့်တန်းမထားခြင်း၊

၂။ကျောကုန်းကို မြေ, အခင်းစသည်၌ မထိစေခြင်း၊

၃။ခြေထောက်တို့ကို မြေ၌ ထိထားရာမှ မလွတ်စေခြင်း၊

ဤအင်္ဂါသုံးပါးညီလျှင် အသေယျဖြစ်၏။ အိပ်ခြင်းသို့ မရောက်

သေယျ မဖြစ်ဟု ဆိုလိုပါ၏။

သေယျ မဖြစ်လျှင် ထိုင်–ရပ်–သွား (၃)ပါးတွင် တစ်ပါးပါးဖြစ်သည်ဟု မှတ်ယူအပ်၏။

အကျဉ်းမှတ်ရန်လင်္ကာ

ကျောဆန့်တန်းခြင်း၊ ကျောအခင်းထိ၊ ခြေရင်းမြေလွတ်၊
သုံးညီညွတ်သော်၊ မချွတ်သေယျ၊ ဖြစ်တတ်စွတည်း။
ထိုမှတစ်မူ၊ ပြောင်းပြန်ဟူ၊ မှတ်ယူ အသေယျ။

ဒိဝါသေယျ သဟသေယျတို့၌ သေယျဖြစ်လျှင် အာပတ်သင့်၏။ မဖြစ်လျှင် မသင့်လွတ်၏။ နေသဋ္ဌိက ဓုတင်အရာ၌ သေယျဖြစ်လျှင် ဓုတင် ပျက်၏။ မဖြစ်လျှင် မပျက်၊ ဤသို့လျှင် သိက္ခာပုဒ်နှင့် ဓုတင်အထူးကို မှတ်ယူအပ် ၏။ ပက်လက်ကုလားထိုင်ဟူသော စကား၌ ပက်လက်ဟူသော စကားအရ လဲလျောင်းမှုသာ ပက်လက်ဖြစ်နိုင်သည်။ ကုလားထိုင်ဟူသော စကားအရ ထိုင်၍ နေစရာ ထိုင်နေရာဟု အဓိပ္ပါယ်ရောက်သည်။ ထိုစကားနှစ်ပိုဒ်သည် အချင်းချင်း ဆန့်ကျင်နေသည်ဟု ထင်ပါ၏။ ဆန့်ကျင်ပုံကား –

ပက်လက်ဟုဆိုလျှင် လဲလျောင်းခြင်းဖြစ်၏။ ထိုင်နေခြင်း မဟုတ်ပါ။ ကုလားထိုင်ဟုဆိုလျှင် ထိုင်နေရာ, ထိုင်ခြင်း နှစ်မျိုးရသော နေရာဟုယူလျှင် သင့်လျော်ပါ၏။ သို့သော်လည်း ထိုနှစ်မျိုးတွင် ထိုင်ခြင်း အခိုက်အတန့်၌သာ နေသဋ္ဌိကဓုတင်နှင့် သင့်လျော်၏။ လဲလျောင်းခြင်း အခိုက်အတန့်၌ကား နေသဋ္ဌိကဓုတင်နှင့် မသင့်မလျော်ဟု မှတ်အပ်၏။

ထို့ပြင် ယခုခေတ် ပက်လက်ကုလားထိုင်သည် ပက်လက်လန်လွန်း

သည်၊ ထိုင်အိပ်ခြင်းမဟုတ်ဘဲ လဲလျောင်းအိပ်ခြင်း (နိပ္ပန္နသေယျ)သို့ ရောက်သည်ဟု ဆိုလောက်နေပါသည်။ ယင်းသို့ ရောက်လျှင် သေယျဖြစ်ထိုက်သော အင်္ဂါတို့တွင် ကျောကုန်းဆန့်တန်းခြင်း, ခါးအထက်ကျောကုန်း အခင်း၌ထိခြင်း ဟူသော အင်္ဂါနှစ်ပါးညီပြီးလျှင် ခြေထောက် မြေမှလွတ်ခြင်း အင်္ဂါ ၁-ပါးမျှသာ ကျန်တော့သည်။ မြေမှလွတ်လျှင်ကား အင်္ဂါ ၃-ပါးပြည့်၍ သေယျသို့ ရောက်ပြီး လျှင် နေသဒ္ဒိကမှတင် ပျက်ပြီဟု မှတ်သင့်၏။ ထို့ကြောင့် ပက်လက်ကုလားထိုင်၌ ထိုင်အိပ်ခြင်းကို မပြုသင့်ဟု ယူပါ။

ပြုသင့်သည်ကိုလည်း ဆိုပေအံ့ -

နိသီဒိတွာ အပဿာယ သုပန္တဿ အနာပတ္တိ (ဝိ-၄-၁-၂၄၅။)၌ လာသော ကျောင်းနံရံကိုလည်းကောင်း တိုင်ကိုလည်းကောင်း မှီ၍ ထိုင်အိပ်ခြင်း ကိုကား ပြုသင့်ပါ၏။ ဤထိုင်အိပ်နည်းသည် ခြေထောက်ကို မြေမှမလွတ်အောင် သတိပြုစရာ မလိုပါ။ အလိုလို မြေ၌ အခင်းစသည်၌ ခြေထောက်ထိနေသော ကြောင့်တည်း။ ခါးအထက် ကျောကုန်းကိုလည်း မြေ-အခင်းစသည်၌ မထိအောင် သတိပြုစရာမလိုဘဲ နံရံ တိုင်စသည်၌ မှီထားသောကြောင့်တည်း။ ကျောကုန်းကိုလည်း ဆန့်တန်းထားခြင်းမရှိဘဲ ထိုင်နေသောအားဖြင့် တစ်ဆစ်ချိုး ကွေးနေသောကြောင့်တည်း။

~ ~ ~

၇။ မေး = သံပတ်စက်နာရီထဲမှာ ကျောက်ပါရှိသဖြင့် အနာမာသဝတ္ထုဖြစ်ရကား မအပ်စပ်ဟု ပြောသံကြားရပါသည်။ ကျောက်စစ်မဟုတ် ကျောက်တုပါ၊ ဒါကြောင့် အပ်စပ်တာပါပဲဟု အချို့ယူဆကြပါ၏။

ဒုတိယပါဒ၌ ကျောက်စစ် ကျောက်တု ဘယ်လိုကွဲပြား ထူးခြား

သလဲ?။ ကျောက်စစ်က တွင်းထွက်သဘာဝကျောက်ဖြစ်၍ အဖိုးတန်သည်။ ကျောက်တုက ဓာတ်ခွဲခန်းထဲက ပလပ်စတစ်ပစ္စည်းကဲ့သို့ ဓာတုဗေဒ သိပ္ပံနည်းဖြင့် ထွက်သည်။ သဘာဝကျောက် မဟုတ်သောကြောင့် အဖိုးမတန် ရတနာစာရင်းမဝင် အနာမာသဝတ္တုမဟုတ်ဟု ဤသို့ ထူးခြားပုံကို ဆိုလိုပါ၏လော? ဆရာတော် အဘယ်သို့ စိစစ်ဝေဖန်၍ ဆုံးဖြတ်လိုပါသနည်းဘုရား?

၇။ ဖြေ = မေးခွန်းပါ ဒုတိယပါဒအတိုင်း ယူပါသည်။ ရှေးမြန်မာ ရှင်ဘုရင်များခေတ်ကပင် ကျောက်ဖြစ်အောင်လုပ်သော ကျောက်ချက်အတတ်ပညာ ရှိနေပြီဟု ကြားဖူးပါ၏။

ပျဉ်းမနားမြို့၏ မြောက်ဘက်၌ ကျောက်ချက်ရွာဟူ၍ ယနေ့တိုင်အောင် ရှိနေသေး၏။ ထိုပြင် ကျောက်စစ်၌ အပေါက်သေးသေး မဖောက်နိုင်၊ ဖောက်လို့ မရ။ ကျောက်တု = ချက်ကျောက်၌သာ အပေါက်သေးသေး ဖောက်နိုင်သည်၊ ဖောက်လို့ရသည်ဟု ကြားဖူးပါ၏။

ထိုချက်ကျောက်ကို အလှူခံလျှင်လည်း ဒုက္ကဋ်အာပတ် မသင့်ဟု ယူဆပါ ၏။ ဤကျောက်၌ အစစ်အတုရှိသလို ရွှေ၌လည်း အစစ်အတု ရှေးကပင် ရှိခဲ့ သည်၊ နိဿဂ္ဂိ မဟုတ်ဟု ဆိုခဲ့ကြသည်။ ယခုခေတ်၌လည်း ဂိုလ်းရွှေ, ဒစ်စကို ရွှေဟု အစစ်အတု နှစ်မျိုးရှိသည်ဟု ပြောကြ၏။ ငွေ၌ကား အစစ်အတု ရှိသည်ဟု မကြားဘူးပါ။ ကြေးဖြူသည် ငွေနှင့် အဖြူရောင်တူ၏။ ထို့ကြောင့် မအပ်ဟု ကြားဘူး၏၊ နိဿဂ္ဂိယကား မဟုတ်ပါ။

~ ~ ~

၈။ မေး = တောကျောင်း၌ ဝါကပ်နေသော ရဟန်းတစ်ပါးသည် ဝါကျွတ်ခါနီး ဖျားနာမောပန်း အားနည်း၍ အလွန်ဆိုးပါးသည့်

ရောဂါအခြေအနေသို့ ရောက်သဖြင့် သီတင်းကျွတ်လဆန်း (၁၄)ရက်နေ့တွင် မြို့ရှိဆေးရုံသို့ ချက်ချင်းကြွ၍ အကုသခံဖို့ရန် ဆေးကုသမားက အရေးတကြီး ညွှန်ကြားလျှောက်ထားရာ -

နဝမိအခွင့်အရေးယူသည့် အနေအားဖြင့် ဝါမပန်ဘဲ ဝါကပ်ရာ ကျောင်းမှ အပြီးထွက်သွားလျှင် ထိုရဟန်း၏ ဝါကျိုး, မကျိုး ပဝါရဏာပြုခွင့် ရ, မရဟူသော အရေးနှင့် ပတ်သက်၍ အချို့က "ဝါမပန်ဘဲ ထွက်သွားလို့ ဝါကျိုးသည်၊ ဝါကျိုးလို့ ဒုက္ကဋ်အာပတ်လည်း သင့်သည်၊ ပဝါရဏာ ပြုခွင့်လည်း မရ"ဟု ဆိုသည်။ အချို့ကမူ "နဝမိအတွက် ဝါပန်စရာမလို၊ ထို့ကြောင့် ဝါလည်းမကျိုး၊ ပဝါရဏာ ပြုခွင့်လည်း ရ၏"ဟု ဖြေရှင်းလိုက်၏။ အချို့ကား "နဝမိအခွင့်၌ သတ္တာဟ ကရဏီယရှိလျှင် ထွက်သွားရာ ဝါလည်းမကျိုး၊ ပဝါရဏာပြုခွင့်လည်း ရသည်။ မိမိ၌ ဖြစ်သော ရောဂါဆိုသည်ကား ပါဠိတော်၌လာသော သတ္တာဟကရဏီယထဲ မဝင်ရကား မိမိနေမကောင်းလို့ နဝမိအခွင့်ယူပြီး ထွက်သွားလျှင် ဝါလည်းကျိုး၊ ပဝါရဏာပြုခွင့်လည်း မရပါဘူး။ သို့သော် သင့်တော်သော ဆေးမရခြင်းဟူသော အန္တရာယ်ရှိလျှင် ဝါကပ်ရာကျောင်းမှ အပြီးဖဲသွားရန် ခွင့်ပြုချက်ရှိ၍ အာပတ်ကား မသင့်"ဟု ဆိုပြန်၏။ ဆရာတော် အဘယ်သို့ ဆုံးဖြတ်လိုပါသလဲဘုရား?

ဆုံးဖြတ်ရန် ကြည့်ရှုလေ့လာသင့်သော အထောက်အထားများမှာ- (ဝိ-၃-၂၀၈။) (ဝိ-၅-၃-၃၅၀) (သာရတ္ထ-ဋီ-၃-၂၈၃။) (ခုဒ္ဒသိက္ခာဋီသစ်-၃၈၉။) (ဝိနိစ္ဆယ-ဋီ-၂-၂၀၆။) (သာရတ္ထဋီ-၁-၄၃၃-၄၃၄။) (ဝဇိရ-ဋီ-၅၆။) (ဝိမတိ-ဋီ-၁-၉၀။)

စကားစပ်မိ၍ အနည်းငယ်ဆိုစရာ ရှိပါသေး၏။ ဝါတွင်း၌ နဝမိအခွင့်မှ

တစ်ပါးသောအရာတွင် သတ္တာဟကရဏီယ ပေါ်လာသဖြင့် ဝါကပ်ရာကျောင်းမှ တခြားနေရာသို့ ညဉ့်အိပ်သွားလိုလျှင် ရဟန်းတစ်ပါးဆီမှာ "သတ္တာဟဗ္ဗန္တရေ နိဝတ္တိဿာမိ"ဟု နှုတ်မြွက်ဆိုလျက် ဝါပန်ပြီးမှ သွားကောင်း၏။ ထိုသို့ ဝါမပန်ဘဲ "၇-ရက်အတွင်း ပြန်လာမည်"ဟု နှလုံးသွင်းရုံမျှဖြင့် ထွက်သွားရာ (၇)ရက် အတွင်း အမိပြန်လာနိုင်စေကာမူ ဝါကျိုးပြီးမှ ပြန်လာသည်မည်၏"ဟူသော ဝါအမျိုးကို ဝိနည်း ပါ-၄၅-၃၆တို့တွင် အဘယ်ကျမ်းဂန် အဘယ်စာမျက်နှာမှာ တွေ့နိုင်ပါမည်နည်း?

ဂ။ ဖြေ =မေးခွန်း၌ ဆေးဆရာက ညွှန်ကြားလျှောက်ထားခြင်းဟု ပါရှိရာ ထိုလျှောက်ထားခြင်းသည် "ပဟိတေ"၌ အကျုံးဝင်နိုင်သည်ဟု ထင်၏။ သတ္တာဟကရဏီယဖြင့် သွားနိုင်သောအကြောင်း ဖြစ်သင့်သည်ဟု ယူဆသည်။ သတ္တာဟကရဏီယကိုပင် "ဝါပန်"ဟူသော ဝေါဟာရ ပြုထားကြသည်။ "ဝါပန်"နှင့် "သတ္တာဟကရဏီယ" အတူတူပဲဟူ၍ မှတ်အပ်၏။

နဝမီအခွင့်အရေးဟူသော စကားလည်း မေးခွန်း၌ ပါရှိပြန်ရာ ထိုအခွင့် အရေးကို ဝါမပန်ဘဲ သွားနိုင်သော အခွင့်အရေးဟု ယူထားခြင်းသည် မကောင်းပါ။ မသင့်ပါ။ ဝါမပန်ဘဲ သွားလိုရာ သွားနိုင်လျှင် လဆန်း (၉)ရက်နေ့၌ပင် ဝါကျွတ်နေပြီဟု ယူရာရောက်နေလိမ့်မည်။ နဝမီအခွင့် အရေးသည်လည်း "ဝါပန်"ခေါ် သတ္တာဟကရဏီယဖြင့် သွားရမည့် အခွင့်အရေးပင် ဖြစ်ပါသည်။ ယင်းသို့ ဖြစ်ကြောင်းကိုလည်း ဆိုလတ္တံ့သော သာဓကစကားများဖြင့် ကောင်းစွာမှတ်သား အပ်၏။

သော သတ္တာဟံ အနာဂတာယ ပဝါရဏာယ သကရဏီယော ပက္ကမတိ။ ပ။ အနာပတ္တိ။ (ဝိ-၃-၂၁၆။)

ကရဏီယံ နာမ သတ္တာဟကရဏီယန္တိ လိခိတံ။ (ဗိ-ဋီ-၄၇၂။)

သကရဏီယောတိ သတ္တာဟကရဏီယေနေဝ သကရဏီယော။ (သာရတ္ထ-ဋီ-၃-၂၈၅။)

နဝမိတော ပဋ္ဌာယ ဂစ္ဆန္တေနာပိ သတိယေဝ ကရဏီယေ ဂန္တဗ္ဗံ နာသတီတိ ဒဋ္ဌဗ္ဗံ။ (သာရတ္ထ-ဋီ-၃-၂၈၅။)

"သော သတ္တာဟံ အနာဂတာယ ပဝါရဏာယ သကရဏီယော ပက္ကမတိ"တိ ဝုတ္တတ္တာပဝါရဏာဒိဝသေပိ သတ္တာဟကရဏီယံ ဝိနာ ဂန္တုံ န ဝဋ္ဋတီတိ ဝေဒိတဗ္ဗံ။ (ဝိမတိ-ဋီ-၂-၁၇၉။)

"သတ္တာဟကရဏီယ"ခေါ် ဝါပန်မှုကို နုတ်မြွက်၍ ပန်ရမည်ဟု ပါဠိ-ဋ္ဌ-ဋီတို့၌ အဆိုမရှိပါ။ နှလုံးသွင်းစိတ်ထားရန်သာ ဖြစ်ပါ၏။

"အန္တောသတ္တာဟေ အာဂစ္ဆိဿာမီ"တိ အာဘောဂံ ကတွာဂန္တဗ္ဗံ-ဟု (သာ-ဋီ-၃-၂၈၂။)၌ နှလုံးသွင်းရန် အဆိုရှိ၏။ ယင်းသို့ နုတ်မြွက်ရန် မရှိ၊ နှလုံးသွင်းစိတ်ထားရန်သာ ရှိနေသော်လည်း နှလုံးသွင်းစိတ်ထားမှုဆိုတာ မထင်ရှား မခိုင်မာပါ၊ ကျောင်းဝိုင်းအပြင်ထွက်သွားပြီးမှ မထွက်သေးခင်က ထိုသည့် စိတ်ထားမှု ရှိမှရှိလေရဲ့လားဟု သံသယ ဒွိဟ ဖြစ်နေတတ်ပါ၏။ ဤကဲ့သို့ မထင်ရှားသော စိတ်ထားမှုကို ထင်ရှားခိုင်မာလာအောင် နုတ်မြွက်၍ ဝါပန်မှုကို ရှေးက မထေရ်ကြီးများ ပြုလုပ်ခဲ့ကြသည်။ ဤသို့ နုတ်မြွက်ဝါပန်မှုသည် ကာလရှည်လျားလာသောအခါ စွဲယူမှုဖြစ်လာသဖြင့် နုတ်မြွက်၍ ဝါပန်မှသာ အပြင်သို့ ထွက်သွားကောင်းသည်-ဟူသော အဆိုဖြစ်လာတော့သည်။ စင်စစ် အမှန်ကား (၇)ရက်အတွင်း ပြန်လာမည်ဟု နှလုံးသွားစိတ်ထားဖြင့် အပြင်သို့ ထွက်သွားအပ်ပါသည်။

သတိပြုရန်လိုသည်ကား ဝါပန်ထွက်သွားနိုင်ခြင်း၏ အကြောင်းများ မှန်ကန်လုံလောက်ဖို့သာ လိုပါသည်၊ အကြောင်းများမှာ သီတင်းသုံးဖော်တို့ နာခြင်း၊ အမိအဖ နာခြင်း၊ တစ်စုံတစ်ယောက်က ပင့်ခေါ်ခြင်းစသော အကြောင်းများပင် ဖြစ်ပါသည်။ အကြောင်းများ မှန်ကန်လုံလောက်ခြင်း မရှိဘဲ ဝါပန်ထွက်သွားလျှင်ကား ကျောင်းဥပစာမှအထွက် ဒုတိယခြေလှမ်း၌ ဝါကျိုးသည်ဟု ညောင်လွန့် တောရဆရာတော် အရှင်မေဓာဝီ ဆုံးဖြတ်သည်ဟု ကြားဘူးပါ၏။ ဤနည်းဖြင့် ထွက်သွားပြီးလျှင် အပြင်မှာ တစ်ညဉ့်မျှပင် မအိပ်ဘဲ ပြန်လာစေကာမူ ဝါကျိုးပြီးမှ ပြန်လာသည် မည်၏ဟုလည်း ဆုံးဖြတ်၏။ အကြောင်းမမှန်မကန် မလုံမလောက်ဘဲ ကျောင်းဥပစာမှ ဖဲခွာထွက်သွားခြင်းကြောင့်ဟု ဆိုပါ၏။ သာဓကကား –

န ဘိက္ခဝေ ဝဿံ ဥပဂန္တွာ ပုရိမံ ဝါ တေမာသံ ပစ္ဆိမံ ဝါ တေမာသံ အဝသိတွာ စာရိကာ ပက္ကမိတဗ္ဗာ။ ယော ပက္ကမေယျ၊ အာပတ္တိ ဒုက္ကဋဿ။ (ဝိ–၃–၁၉၃။) ဖြစ်ပါသည်။

နုတ်မြွက် ဝါပန်မှုသာ သွားကောင်း၏၊ နှလုံးသွင်းရုံမျှဖြင့် ထွက်သွားရာ (၇)ရက်အတွင်း ပြန်လာစေကာမူ ဝါကျိုးပြီးမှ ပြန်လာသည် မည်၏ ဟူသော မေးခွန်းပါ ဝါအမျိုးသည် ပါ–ဋ္ဌ–ဋီတို့၌ မရှိပါ။

ဤ၌ ယခုဆိုခဲ့သောနည်းနှင့် ရောထွေးယောင်ရမ်းသွားသော ဝါဖြစ်သည်ဟု ယူဆပါ၏။

~ ~ ~

၉။ မေး = ''ပစ္စည်းလေးပါးအကာ မှတ်ပါဘုရား''ဟု လျှောက်ထား ရာ လျှောက်ထားသည့်အတိုင်းသာ မှတ်ကောင်း၏၊ ဘာပစ္စည်းကိုမျှ အလှူတော့ မခံကောင်း မတောင်းကောင်းဟု မြန်မာဘာသာ

ရေးဝိနည်းဆိုင်ရာ စာအုပ်တစ်အုပ်၌ ဖတ်ရှုမှတ်သားရဘူးပါသည်။ ထိုစကားသည် -

ယေသံ အယျာနံ ပတ္တေန အတ္ထော၊ အဟံ ပတ္တေန၊
(ဝိ-၁-၃၅၅။)

ယေသံ အယျာနံ လာသုဏေန အတ္ထော၊ အဟံ လာသုဏေန၊
(ဝိ-၂-၃၃၉။)

ဝဒေယျာသိ အယျေ၊ ယေန အတ္ထော၊ (ဝိ-၂-၃၃၅-၃၃၇။)

ဝဒေယျထ၊ ဘန္တေ ယေန အတ္ထော။ ပဋိဗလာ မယံ အယျသဒါတုံ ယဒိဒံ စီဝရပိဏ္ဍပါတသေနာသနဂိလာနပ္ပစ္စယဘေသဇ္ဇပရိက္ခာရံ။ (ဝိ-၁-၁၉၂။ ဝိ-၁-၃၁၂။)

ဟူသော ဝိနည်းပါဠိတော်၌ တွေ့ရှိရသော ဖိတ်နည်းကို ထောက်ထားလျှင် မှန်သကဲ့သို့ ထင်ရပါသည်။ ထို့ကြောင့် ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်း လိုသည်ဖြစ်၍ "အလိုရှိတာ ပြောပါဘုရား" သို့မဟုတ် "ပစ္စည်းလေးပါးဖြင့် အရှင်ဘုရားကို ဖိတ်ပါသည်ဘုရား အလိုရှိတာ မိန့်ပါဘုရား"ဟု လျှောက်ထားပါက ကျမ်းဂန်နှင့် ပိုပြီးညီမည့်အပြင် သဘာဝလည်း ပိုကျမည် ထင်မိပါသည်။ သို့ရာတွင် "ပစ္စည်းလေးပါးဖြင့် ဖိတ်ပါသည်ဘုရား"ဟု လျှောက်ထားရာ သင်္ကန်း ဆွမ်း, အိပ်ရာထိုင်ရာ, ကုတင်ညောင်စောင်း, ဆေးဟူသော ပစ္စည်းလေးပါးမှ အလွတ်ဖြစ်သော ကျမ်းစာအုပ်, ဗလာစာအုပ်, စာရေးကိရိယာ, ထီး, ဖိနပ် စသည်တို့ကို တောင်းကောင်း, မတောင်းကောင်း သိလိုပါသည်ဘုရား? တောင်းကောင်းပါက ထိုပစ္စည်းတို့ကို ပစ္စည်းလေးပါးတို့တွင် အဘယ်သို့ ထည့်သွင်းရမည်နည်း?

သိင်္ဂဝေရမရိစာဒိဘေသဋ္ဌမ္ပိ အဝသေသပတ္တထာလကာဒိ
သမဏပရိက္ခာ ရောပိတိ (ဝိ-၅-၄-၁၀၈။) တ္တုမိနာ န ကေဝလံ
ဘေသဋ္ဌမေဝ ဂိလာနပစ္စယော ဟောတိ၊ အထခေါ် အဝသေသ
ပရိက္ခာရောပိ ဂိလာနပစ္စယေ အန္တောဂဓေါ်ယေဝါတိ ဒသေသတိ။
(ဝိနယာလင်္ကာရ-ဋီ-၂-၄၄။) ဟူသော

တောင်ဖီလာဆရာတော်ဘုရားကြီး၏ အဆိုအရ ဆေးပစ္စည်းထဲသို့
ထည့်သွင်းရမည်-ဟု ဖြေရလိမ့်မည်။ ဤသို့ယူလျှင် -

ပရိက္ခာရောဘာသဝိညတ္တိ၊ န လဗ္ဘာ ပစ္စယဒွယေ။

ဝိညတ္တိယေဝ တတိယေ၊ သေသေ သဗ္ဗမ္ပိ လဗ္ဘတိ။ ။

ဟူသော ခုဒ္ဒသိက္ခာဂါထာနှင့် (ဝိ၅-၂-၁၅၀-၅၁။) (ဝိနယသင်္ဂဟ၅-
၁၇။) လာ စကားတို့နှင့်အညီ ဆွေမျိုးဉာတိလဲ မတော်စပ် အလှူခံဖို့ရန်လဲ
မဖိတ်မံဘူးသော ပုဂ္ဂိုလ်ထံ၌ ရောဂါနှင့် မသက်ဆိုင်နိုင်သော စာအုပ်,
စာရေးကိရိယာ, ကတ်ကြေး, အပ်, ဓားငယ် အစရှိသော ပစ္စည်းတို့ကို
တောင်းရမ်း၍ပင် အလှူခံ ကောင်းသည်ဟု ဆိုရရောက်မနေပါလောဟု
စဉ်းစားဆင်ခြင်လိုက်သော်. . ဝိနယာ- လင်္ကာရအဖွင့်သည် စတုပစ္စယ
ဘာဇနအခန်း၌ ဆိုသောစကားဖြစ်၍ သံဃိကပစ္စည်း ဝေဖန်သည့်
အရာ၌သာ သက်ဆိုင်သောကြောင့် သင့်လျော်ပါသည်။ ပစ္စည်းအလှူခံ
သည့်အရာမှာကား ၎င်းအဖွင့်စကားနှင့် မဆိုင်တော့သဖြင့် ပစ္စည်းလေးပါး
အလွတ်ပစ္စည်းများကို ဆေးပစ္စည်းထဲ မထည့်သင့်ကြောင်း ထင်ရှားပါသည်။
သို့ဖြစ်ပါ၍ အဘယ်ပစ္စည်းထဲ သွင်းရမည်နည်း? ပစ္စဝေက္ခဏာ (၄)ပါးနှင့်
တိုက်ကြည့်ပြန်လျှင်လည်း တစ်ပါးနှင့်မျှ မကိုက်ညီနိုင်ဘဲ ဖြစ်နေပါသည်။
ခိုင်လုံသော အထောက်အထား သာဓကများကို ထောက်ပြ၍ အဆုံးအဖြတ်

ချီးမြှင့်တော်မူပါဘုရား။

၉။ ဖြေ =ဤပိတ်ကြားနည်းမေးခွန်းကား မေးခွန်းသည်ပင် အဖြေ အရာ ရောက်နေပါသည်။

ဝိနယဝိနိစ္ဆယေ ဟိ အာဂတေ ဂရုကေ ဌာတဗ္ဗံ သော ဝိနယ-ဓမ္မတာ-ဟု (ဝိ၊ဋ္ဌ-၁-၂၇၅။)၌ နည်းပေးလမ်းပြ ရှိနေသောကြောင့် အလေးဖက်သို့ လိုက်ပြီးလျှင် ပါဠိတော်နှင့်လျော်သော ပိတ်ကြားနည်းကို ယူက မမှားနိုင်ပါ။ သင့်လျော်ပါ၏။

နောက်ဆက်တွဲမေးခွန်းပါ ပစ္စည်းလေးပါးလွန် ပစ္စည်းဘဏ္ဍာများကို ပစ္စည်းလေးပါး၌ ထည့်သွင်းသောနည်းကား မရှိပါဟု ဆိုချင်ပါ၏။ အကြောင်းကား မေးခွန်းပါ ဋီကာဖွင့်ရာ သံဝဏ္ဏောတဗ္ဗဖြစ်သော အဋ္ဌကထာ (ဝိ၊ဋ္ဌ-၄-၁၀၈။)၌-

"သဗ္ဗော ဝုတ္တာနုရူပေနေဝနယေန သုဋ္ဌုသလ္လက္ခေတွာ ဘာဇေတဗ္ဗော"ဟု

အလုံးစုံကို ဆိုခဲ့ပြီးသော သင်္ကန်း, ကျောင်း, ဆေး ဝေဖန်နည်းနှင့် လျော်သောနည်းဖြင့် ကောင်းစွာ ဝေဖန်အပ်၏။ ဝေဖန်ရမည်ဟု ဆို၏။ ဤစကား သည် နည်းလမ်းညွှန်ကြားခြင်းသာ ဖြစ်သည်၊ ဆေး၌ ထည့်သွင်းခြင်း မဟုတ်ပါဟု ဆိုချင်ပါ၏။ ဝိနယာလင်္ကာရဋီကာ ဆရာတော်ကတော့ "ဝုတ္တာနုရူပနယ"ဆိုတဲ့ နည်းယူခြင်းကိုပင် "အနွော်ဂမ"ဟု ဖွင့်ဆိုမိခြင်း ဖြစ်ပါသည်။

ထည့်သွင်းခြင်းမဟုတ် နည်းယူရန် ညွှန်ကြားခြင်းသာ ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလာအောင် (ဝိ၊ဋ္ဌ-၄-၁၀၇။) ဣတိ စီဝရက္ခန္ဓေမှ စ၍

(၁၀၈)၌ ရှိသော 'ဘာဇယေတိ'ဟု ဂါထာဆုံးသည့်တိုင်အောင် ပြန်ကြည့်ပါဟု တိုက်တွန်း ပါ၏။ ကြည့်ပြီးသောအခါ ဆိုလတ္တံ့သော အဋ္ဌကထာ (ဝိ၊ဋ္ဌ-၄-၁၀၈။)နှင့် မြန်မာပြန်တို့ကို ကျေနပ်နှစ်သက်မည်ဆိုလျှင် ဆေး၌ ထည့်သွင်းခြင်းမဟုတ် ညွှန်ကြားခြင်းသာ ဖြစ်သည်ဟူသော အဆိုကို ကျေနပ်နှစ်သက် လက်ခံလာပါလိမ့်မည်ဟု ထင်မြင်ယူဆပါ၏။

သိင်္ဂိဝေရမရိစာဒိဘေသဇ္ဇမ္ပိ အဝသေသပဏ္ဏာလကာဒိ သမဏပရိက္ခာရ ရောပိ သဗ္ဗော ဝုတ္တာနုရူပေနေဝ နယေန သုဋ္ဌု သလ္လက္ခေတွာ ဘာဇေတဗ္ဗော။ (ဝိ၊ဋ္ဌ-၄-၁၀၈။)

ချင်း ငရုတ်စသော ဆေးကိုလည်းကောင်း သက်န်းနှင့် ကျောင်းမှ ကြွင်းကျန်သော ရဟန်းပရိက္ခရာကိုလည်းကောင်း အလုံးစုံပစ္စည်းဘဏ္ဍာကို ဆိုခဲ့သော သင်္ကန်း, ကျောင်း, ဆေး ဝေပန်နည်းနှင့် လျော်သည်သာဖြစ်သော နည်းဖြင့် ကောင်းစွာမှတ်သား၍ ဝေပန်အပ်၏၊ ဝေပေးရမည် (ဝိ၊ဋ္ဌ-၄-၁၀၈။) မြန်မာပြန်။

~ ~ ~

၁၀။ မေး = အနုဇာနာမိ ဘိက္ခဝေ ပဋိစ္ဆာဒနိယံ-ဟူသော (ဝိ-၃-၂၉၉-လာ) ဘုရားခွင့်ပြုချက်။ ပဋိစ္ဆာဒနိယေနာတိ မံသရသေန-ဟူသော (ဝိဋ္ဌ-၃-၃၇၄-လာ) ဘေသဇ္ဇက္ခန္ဓက အဋ္ဌကထာ ဤစကားတို့နှင့်အညီ -

အားနည်းသော ဂိလာနရဟန်းသည် မွန်းလွဲသည့်အခါ အသားစွပ်ပြုတ်ကို အဖတ်မပါ အရည်သက်သက် သောက်ကောင်း၏ ဟူသော ယူဆချက်ကို ဆရာတော်ဘုရား ဘယ်လိုသဘောရပါသနည်း?

၁၀။ ဖြေ = အသားရည်ကို ခွင့်ပြုရာ၌ ကာလ (နံနက်)ဟူ၍လည်းကောင်း၊ ဝိကာလ (နေလွဲ)ဟူ၍လည်းကောင်း ခွဲခြားခြင်း မရှိသော်လည်း ကာလ (နံနက်)၌သာ သုံးဆောင်သင့် သောက်သုံးသင့်သည်ဟု ယူဆပါ၏။

အကြောင်းကား သပ္ပိစသော ဆေးငါးပါးတို့ကို ခွင့်ပြုရာ၌ပင် အစမူလမှာ ကာလ၌သာ ခွင့်ပြုခဲ့၏။ နောက်ထပ် အကြောင်းပေါ်လာသောအခါမှသာ ကာလ-ဝိကာလ နှစ်ချိန်လုံးမှာပင် ခွင့်ပြုတော်မူ၏။ အနုပညတ်ဟု ဆိုအပ်ပါ၏။ ဤအသားရည်၌ကား မူလပညတ်မျှသာရှိ၍ အနုပညတ် ပေါ်လာခြင်း မရှိရကား ကာလ (နံနက်)၌သာ ခွင့်ပြုပညတ်သည်ဟူသော အကြောင်းအရိပ် ရှိနေပါ၏။ ထို့ကြောင့် ကာလ (နံနက်)၌သာ သောက်သင့်သည်ဟု ယူပါ၏။

~ ~ ~

၁၁။ မေး = မြို့တွင်းရှိ ဒကာပိုင်ခြံတွင် ရက်ရှည်နေသည့်အခါ ဝါသုပ-ဂတသအနာပတ္တိအရ ရွာတွင်းနေထိုင်ရေးဆိုင်ရာ သေခိယ သိက္ခာ ပုဒ်အချို့ကို ကျင့်စရာမလို၊ ထိုသိက္ခာပုဒ်တို့ကား -

၁။ သုပ္ပဋိစ္ဆန္န၊ ၂။ ဥက္ခိတ္တကာယ၊ ၃။ ကာယပ္ပစာလက၊

၄။ ဗာဟုပ္ပစာလက၊ ၅။ သီသပ္ပစာလက၊ ၆။ ခမ္ဘကတ၊

၇။ ဩဂုဏ္ဌိတ၊ ၈။ ပလ္လတ္ထိက၊ သိက္ခာပုဒ်ပေါင်း (၈)ပါးမျှသာ ဖြစ်ပါသည်။ ထို (၈)ပါးမှ တစ်ပါးတခြားဖြစ်ကြသော ၁။ ဥဇ္ဇဂ္ဃိက ၂။ သုသံဝုတ၊ ၃။ ဩက္ခိတ္တစက္ခု၊ ၄။ အပ္ပသဒ္ဒ သိက္ခာပုဒ်ပေါင်း (၄)ပါးတို့ကိုကား လိုက်နာကျင့်သုံးရသေးသည် ဖြစ်၍ ကိုယ့်ကျောင်းမှာ အမှတ်တမဲ့ လွတ်လွတ်လပ်လပ် နေထိုင်သကဲ့သို့ မနေသင့်ဟု ကောက်နုတ်ချက်

ချရပေလိမ့်မည်။ (ဤနောက် ၄-ပါးတို့၏ အနာပတ္တိ၌ "ဇါသူပဂတသာ" မပါသောကြောင့် ဖြစ်ပါသည်။) ခြံပိုင်ရှင်ဒကာက "ကျောင်းအမှတ်နဲ့ သိတင်းသုံးတော်မူပါဘုရား"ဟု လျှောက်ထားပါက သုသံဝုတစသော သိက္ခာပုဒ် ၄-ပါးကိုပါ မကျင့်ဘဲ တကယ့်လွတ်လွတ်လပ်လပ် နေထိုင်ခွင့် ရနိုင်ပါမည်လော? အထောက်အထားနှင့်တကွ ဖြေရှင်းပါဘုရား။

၁၁။ ဖြေ = မေးခွန်းပါ ဇါသူပဂတရဟန်းလွတ်သော သိက္ခာပုဒ် (၈)ပုဒ်၊ မလွတ်သော သိက္ခာပုဒ် (၄)ပုဒ်တို့သည် မေးခွန်းအတိုင်းပင် ဖြစ်ပါသည်။

အန္တရဃရအရာ၌ ဇါသူပဂတရဟန်းအား အာပတ်မလွတ်သော သွားခြင်း နှင့် ဆိုင်ရာသိက္ခာပုဒ်များလည်း ရှိသေး၏။ နေခြင်းနှင့်ဆိုင်ရာ သိက္ခာပုဒ်များ၌သာ လွတ်မလွတ် နှစ်မျိုးခွဲထားခြင်း ဖြစ်ပါသည်။

နောက်ထပ်မေးခွန်းအတွက်ကား ဇါသူပဂတဓော် ရွာတွင်း၌နေသော ရဟန်း၏ထံသို့ နောက်ထပ်သွားသော ရဟန်းသည် ချမ်းသာလွတ်လပ်စွာ သွားနိုင်သည်ဟု ဖွင့်ဆိုကြသည်သာ များလှသည်၊ ချမ်းသာ (လွတ်လပ်)စွာ နေနိုင်သည်ဟု ဖွင့်ဆိုသည်ကား နည်းလှပါ၏။

ပထမနေသော ရဟန်းအား "ကျောင်းအမှတ်နဲ့နေရန်" လျှောက်ထားလျှင် လွတ်လပ်စွာ နေနိုင်ပါသည်-ဟု ဆိုသော စကားများ သည် ပါဠိ-ဋ္ဌ-ဋီတို့၌ မရှိပါ။ အစဉ်အလာ ပြောဆိုနေကြသော စကားများသာ ဖြစ်ပါသည်။

အန္တရာရာမဓော် ရွာတွင် ကျောင်းနှင့် စပ်လျဉ်းသော အဆိုများနှင့်

ရောနှော ယောင်မှားသော အဆိုများလောဟု ထင်မိပါ၏။

အဆိုပါစကားများ ဖြစ်ပေါ်လာခြင်း၏ အကြောင်းဖြစ်သော အပ်သကဲ့သို့ ယောင်မှားစရာလည်းဖြစ်သော စကားများကား ရှိပါ၏။ ထိုအဆိုများကို ပယ်ချသော စကားများလည်းရှိပါ၏။ ထိုတွင် ယောင်မှားစရာဖြစ်သော စကားများကို ရှေးဦးစွာ ထုတ်ပြပါမည်။

“ဧကဒိဝသမ္ပိ ဝါသူပဂတဿ သန္တိကံ ယထာသုခံ ဂန္တုံ ဝဋ္ဋတိ၊ ကော ပန ဝါဒေါ စတုပဉ္စာဟံ ဝါသမဓိဋ္ဌာယ ဝသိတဘိက္ခုနီနံ သန္တိက”န္တိ ဂဏ္ဌိပဒေလိခိတံ။ (ကင်္ခါ-ဋီ-သစ်-၄၃၇။)

ယထာ ဝါသူပဂတဿ အန္တရာယေ ကာယံ ဝိဝရိတွာ နိသီဒိတုံ ဝဋ္ဋတိ၊ တထာ တဿ သန္တိကေ ဂန္တုကာမဿပိ။ ပ။ ယထာကာမံ ဂန္တုံ ဝဋ္ဋတိ။ (ကင်္ခါ-ဋီ-ဟောင်း-၁၀၇။)

ဝါသူပဂတဿ ဣတ္တကာပိ ပုရိမေသု စ ဒွိဝိသစတုဝိသေသု အနာပတ္တိ (ပလ္လတ္တိက) (ကင်္ခါ-ဋ္ဌ-၂၈၁။) ယတ္ထ ဘိက္ခုနီယော ဧကရတ္တိမ္ပိ ဝသန္တိ အယံ ဘိက္ခုနုပဿယောတိ (ဝိ-၂-၈၀။)
ဝစနတော တာသံ သမီပံ ဝါ တာဟိ ဂဟိတ ဝါ သာဂါရံ ဝါ ဂစ္ဆာမီတိ ဂစ္ဆတော ယထာသုခံ ဂန္တုံ ဝဋ္ဋတိ၊ န ဟိ တာဝတာ တံ ဃရံ အန္တရာယရသင်္ချံ ဂစ္ဆတီတိ နော တက္ကောတိ အာစရိယော၊ (ဝဇိရ-ဋီ-၃၄၆။)

ဤကျမ်းများ၌ နောက်မှသွားသော ရဟန်းအတွက် ဂန္တုံတို့သာ

ပါရှိ၏။ နိဿိဒ်တုံ ဝသိတုံတို့ မပါသည်ကို သတိပြုသင့်၏။ တစ်နည်း ဂန္တုံကို ပဓာနနည်း, ဥက္ကဋ္ဌနည်းဟု ယူလျှင်ကား နိဿိဒ်တုံ ဝသိတုံတို့ကိုလည်း ဆွဲထည့်ယူနိုင်သေး၏။

ထိုမှတစ်ပါး ပယ်ချသော စကားများသည်ကား –

ကေစိ ပန "ကေကသိုဝ် ပဥ္စမံ ဂန္တာ ဝါသပရိက္ခဟောကတော တတော အဍ္ဍယောဇနံ ယထာ သုခံ ဂန္တုံ ဝဋ္ဋတိ"တိ ဝဒန္တိ။ အပရေ ပန "ဂေဟာသာမိကေ ဟိ 'ယာဝ ကုမှေ နိဝသိဿထ၊ တာဝ တုမှာကံ ဣမံ ဂေဟံ ဒေမိ' ဟိ ဒိန္နေ အဍ္ဍယောဇနံ အဝါသာ ဓိပ္ပါယေတိ အန္တရာရာမေ ဝိယ ယထာသုခံ ဂန္တုံ နိဿိဒ်တုဥ္စ ဝဋ္ဋတီ"တိ ဝဒန္တိ တံ သဗ္ဗံ န ဂဟေတဗ္ဗံ တထာဝစနာ ဘာဝါ။ ဒါနလက္ခဏာ ဘာဝါ။ တာဝတ္တကေန ဝိဟာရ သမ္ဗန္ဓုပ–ဂမနတော စ။ (ဝိမတိ–ဋီ–၂–၆၁။)

ဤဝိမတိ–ဋီ အပရေဝါဒ၌ ဂန္တုံ နိဿိဒ်တုံ နှစ်ချက်ပါသော်လည်း နောက်မှသွားသော ရဟန်းအတွက် ဆိုခြင်းဖြစ်၏။ ပထမသွား၍ နေသော ရဟန်းအတွက် ဆိုခြင်းမဟုတ်ဟု သတိပြုသင့်၏။

ထို့ပြင် ကျောင်းဝိုင်းအတွင်း၌ပင် အန္တရဃရ–ဟု ဆိုသော စကားရှိ၏။ သတိပြုရန် ဗဟုသုတဖြစ်ရန် ထည့်၍ ရေးလိုက်ပါသည်။

အန္တရဃရံ နာမ ဂါမေ ဝါ ဟောတု ဝိဟာရေ ဝါ ပစိတ္တာ ဘုဥ္စိတ္တာ ဂိဟီနံ ဝသနဋ္ဌာနံ။ (ဝိနယဝိနိစ္ဆယ–ဋီ–၂–၁၀။)

၁၂။ မေး = ဂရင်ဆော်ဒါ, ဘာလီဖျော်ရည်, စပါကလင်, လိမ္မော်ရည်, သံပရာရည် အစရှိသော ကာလတာရှည်စွာ သိမ်းထားသော်လည်း မပုပ်မသိုးတတ်သောသဘောရှိသည့် ဘိလပ်ရည်မျိုးစုံ

ကို ရေအေးနှင့် ဖျော်စပ်ထားသည့်အတွက် ယာမကာလိကထဲ သွင်းရသည်ဖြစ်၍ မွန်းလွဲသောအခါ သောက်ကောင်း၏ဟု ဆိုကြပါသည်။ ထိုဖျော်ရည်မျိုး၌ ဘုရားတပည့်တော် သံသယ မကင်းရှင်းနိုင်ဘဲ ဖြစ်နေပါသည်။

သံသယဖြစ်ပုံကား– ပါဠိတော်လာသော အဋ္ဌဝိဓပါနနှင့် အဋ္ဌကထာ၌ လာသော အနုလောမပါနတို့၏ သဘောမှာ လတ်ဆတ်သော အသီးအရွက် အပွင့်တို့ကို ညှစ်၍ ထွက်လာသောအရည်ကို ရေအေးဖြင့် ဖျော်စပ်၍ ဖြစ်လာသည့် အဖျော်ဖြစ်ရကား တစ်ညဉ့်လွန်လျှင် ပုပ်သိုးတတ်သောကြောင့် ရေရှည်မခံနိုင်သည့် သဘောရှိ၏။

ဘိလပ်ရည်မျိုးစုံကား ထိုသို့သဘောရှိဟန်မတူပါ။ ရေရှည်ခံနိုင်အောင် လတ်ဆတ်သော သဘာဝပစ္စည်းကိုသော်လည်းကောင်း ဓာတုဗေဒပစ္စည်း ကို သော်လည်းကောင်း မီးကင်ချက်ပြုတ်၍ အမှုန့်ကလေး, သို့မဟုတ် အရည်ပျစ်ဖြစ်အောင် ပြုပြင်စီရင်ရပါလိမ့်မည်။ ထို့နောက် ဖျော်ရည်ဖြစ်အောင် ရေအေးဖျော်စပ်ပြီး ပုလင်းထဲထည့်သွင်းကြ၏။ တစ်ဖန် တာရှည်ခံနိုင်ရေး အတွက် ပုလင်းထဲရှိနေသည့်လေကို စက်ဖြင့်ထုတ်နုတ်ပစ်ပြီး လေလုံအောင် ပိတ်ထားရသည်။ မီးဖြင့် ပြုပြင်စီမံခြင်းကြောင့်ရသော ထိုအမှုန့် အရည်အပျစ်တို့ကို အဗ္ဗောဟာရိကဟု ယူကြဟန်တူပါ၏။ ရထရေဏုမြူမှုန့် သည် ဆွမ်းခံနေသော ရဟန်း၏ သပိတ်ထဲဝင်သွားလျှင် ဝိနယဒုက္ကဋ်ကို ဖြစ်စေတတ်သေး၏။ ဤအမှုန့်ကလေး အရည်ပျစ်တို့မည်သည် ရထရေဏုမြူထက် အဆပေါင်းများစွာ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာတို့ နှင့် ပြည့်စုံ၍ အစွမ်းထက်လှပါ၏။ ထို့ကြောင့်ပင်လျှင် အနည်းငယ်မျှကို ရေကြည် နှင့်ပြည့်သော ပုလင်းထဲ ထည့်လိုက်သည်နှင့်တပြိုင်နက် အရောင်

အနံ့အရသာ တို့ သိသိသာသာကြီး ပြောင်းလဲလွှမ်းမိုးသွားတော့သည် သာတည်း။ သို့ဖြစ်ပါလျက် အဘယ်ကြောင့် အဗ္ဗောဟာရိကဟု ယူကြပါသနည်းဟု စဉ်းစား၍ မရဘဲ ဖြစ်နေပါသည်။ ဆရာတော်ကား ဘယ်လိုအယူရှိပါသနည်းဘုရား?

၁၂။ ဖြေ =မေးခွန်းပါ မူလပါန ၈–ပါးနှင့် အနုလောမပါနတို့ကား ယာဝကာလိက အသီးအရွက်အပွင့်တို့မှ ဖြစ်သော ဖျော်ရည်များ ဖြစ်သည်။

မေးခွန်းပါ အမှုန့်ဆိုတာ မိးဖြင့်ချက်မှုဖြစ်သောကြောင့် ဝင္ထု၌ သက်ဝင်ပါ၏။ အရည်ပျစ်ဆိုတာလည်း မီးဖြင့် ချက်မှုဖြစ်သည်ဟု ဆိုရကား တင်လဲခေါ် ဖာဏိတ၌ သက်ဝင်၏။

ဖာဏိတသည်ကား –

၁။ သဗ္ဗေသံ ယာဝကာလိကဖလာနံ ဖာဏိတံ ယာဝကာလိမေဝ။ (ဝိ–၅–၂–၂၉၅။)

၂။ ဖာဏိတံနာမ ဉစ္ဆုမှာ နိဗ္ဗတ္တံ။ (ဝိ–၁–၃၆၃။)

၃။ မရိစပက္ကေဟိ ဖာဏိတံ ကရောန္တိ တံ ယာဝဇီဝိကံ။ (ဝိ–၅–၂–၂၉၅။)

ဤပါ–၅ အဆိုကို ထောက်လျှင် –

၁။ ယာဝကာလိက ဖာဏိတ၊

၂။ သတ္တာဟကာလိက ဖာဏိတ၊

၃။ ယာဝဇီဝိက ဖာဏိတ ဟူ၍ ၃–မျိုးဖြစ်ပါသည်။

ဂုဋ္ဌကား –

ဂုဋ္ဌော စ ဖာဏိတံ ခဏ္ဍော၊ မစ္ဆဏ္ဍိ သက္ခရာ ဣတိ။ ဣက္ခုမေ ဥစ္ဆု
ဝိကာ ရာထ၊ ဂုဋ္ဌသ္မိံ ဝိသကဏ္ဍကံ။ – ဟု

အဘိဓာနပ္ပဒီပိကာ –၄၆၂–ဂါထာ၌ ဆိုသောကြောင့် ကြံအထူး ၅–
မျိုး၌ ပါဝင်၏။ ဖာဏိတနှင့် အမျိုးအနွယ်တူ၏။ ထို့ကြောင့် ဖာဏိတသည်
သတ္တာဟကာ လိကဖြစ်သကဲ့သို့ ဂုဋ္ဌသည်လည်း သတ္တာဟကာလိက
ဖြစ်သည်ဟု ယူပါ၏။ ပါဠိတော် အဆိုမရှိပါ။ အလျော်သွင်း၍ ယူခြင်းသာ
ဖြစ်ပါသည်။

ဂုဋ္ဌ၌ ရေအေးထည့်လျှင် ဖျော်ရည်ကဲ့သို့ သုံးဆောင်ရသော (ပါန
ပရိဘောဂ)ဖျော်ရည် ဖြစ်၏။ ဖာဏိတ ၃–မျိုး၌ ရေအေးထည့်လျှင်လည်း
ထိုနည်းတူ ဖျော်ရည် ၃–မျိုး ဖြစ်တော့သည်။

ဆိုခဲ့သောဖျော်ရည်တို့တွင် ယာဝကာလိကသီးရွက်ပွင့်တို့မှ ဖြစ်သော
ဖျော်ရည်သည် ဖျော်ရည်စစ် ဖြစ်သည်။ ကျန်သော ဖျော်ရည်များသည်
(ပါန ပရိဘောဂ) ဖျော်ရည်တုဖြစ်သည်ဟု ယူပါ၏။ ဤ၌ဆိုခဲ့သော
စကားအရ ဖျော်ရည် ၃–မျိုး ရှိနေပါ၏။

အလုံးစုံ အကြွင်းအကျန် မရှိအောင်ဆိုလျှင်ကား –

ဖျော်ရည်သည် –

၁။ ယာဝကာလိကမှဖြစ်သော ဖျော်ရည်၊

၂။ ယာမကာလိကမှဖြစ်သော ဖျော်ရည်၊

၃။ သတ္တာဟကာလိကမှဖြစ်သော ဖျော်ရည်၊

၄။ ယာဝဇီဝိကမှဖြစ်သော ဖျော်ရည်–ဟူ၍ ၄–မျိုးရှိ၏။

(၄)မျိုး အကျယ်ကား –

၁။ မူလဖျော်ရည် ၈–မျိုးနှင့် အနုလောမဖျော်ရည်တို့သည် ယာဝကာလိကမှုဖြစ်သော ဖျော်ရည်မည်၏။ ဤဖျော်ရည်သည် လူသာမဏေက ရေအေးနှင့်ဖျော်ကာ အဖတ်မပါအောင် စစ်၍ပြုမှသာ အပ်၏။

၂။ ယာမကာလိကမှုဖြစ်သော ဖျော်ရည်ဟူသည် စင်စစ်မှုချအားဖြင့် မရှိပါ။နာနာဝါဒ, ဋီကာဝါဒအရ ပရိယာယ်အားဖြင့်သာ ရှိပါ၏။

အဂိလာနံ ပန ဥဒကသမ္ဘိန္နံ ပါနပရိဘောဂေန။ (ဝိ–၅–၂–၇၃။)

လောဏသောဝီရကံ ယာမကာလိကန္တိ ဝဒန္တိ။ (သာ–ဋီ–၂–၂၇၈။)

ဤ၅–ဋီတို့ကို ထောက်ဆ၍ ယာမကာလိကဖြစ်သော လောဏသော ဝီရကဆေးကိုရေအေးဖြင့်ဖျော်လျှင် အဂိလာနရဟန်းအား အပ်သော (ပါနပရိ ဘောဂ)ဖျော်ရည် ဖြစ်၏။

၃။ သတ္တာဟကာလိကမှုဖြစ်သော ဖျော်ရည်ဟူသည်ကား ကြံတင်လဲ, ထန်းတင်လဲ=ဖာဏိတ, ကြံအခဲ ထန်းလျက်ခဲ=ဂုဠ စသည်တို့ကို ရေအေးဖြင့် ဖျော်လျှင် အဂိလာနဿ ဂုဠောဒကံ (ဝိ–၃–၃၂၀။) ဟူသော ခွင့်ပြုချက်အရ ဖျော်ရည်ကဲ့သို့ သုံးဆောင်အပ်သော (ပါနပရိဘောဂ) ဖျော်ရည် ဖြစ်၏။

၄။ ယာဝဇီဝိကမှုဖြစ်သော ဖျော်ရည်ဟူသည်မှာ ''မရိစပက္ကေဟိ ဖာဏိတံ ကရောန္တိ တံ ယာဝဇီဝိကံ (ဝိ–၅–၂–၂၉၅။)ဟူသော ဤ၅–၌ ငရုတ်သီးမှုန့်ဖြင့် ပြုလုပ်သော တင်လဲ = ဖာဏိတ ရှိ၏။ ထို တင်လဲ = ဖာဏိတသည် ယာဝဇီဝိက မည်၏ဟုဆို၏။ ထိုတင်လဲကို ရေအေးဖြင့် ဖျော်လျှင် အဂိလာနရဟန်းအား အပ်သောဖျော်ရည်ဖြစ်ရကား ဤဖျော်ရည်သည် ယာဝဇီဝိကမှုဖြစ်သော (ပါန ပရိဘောဂ)ဖျော်ရည်မည်၏။

အထူးမှတ်ဖွယ် –

''လောဏသောဝီရကံ ယာမကာလိက''န္တိ ကေစိ ဝဒန္တိ။ ကေစိ ပန ''ဝိလာနာနံ ပါကတိကမေဝ၊ အဂိလာနာနံ ပန ဥဒက–သမ္ဘိန္န''န္တိ ဝုတ္တတ္တာ ''ဂုဠံ ဝိယ သတ္တာဟကာလိက''န္တိ။ (ဝိမတိ–ဋီ–၁–၂၄၀။)

ဤ၌ လောဏသောဝီရကကို (က) ယာမကာလိက–ဟုဆိုသည်ကို ကေစိဝါဒ၊ (ခ) သတ္တာဟကာလိက–ဟုဆိုသည်ကိုလည်း ကေစိဝါဒ–ဟု ဆိုထား သောကြောင့် ဤဝိမတိဆရာ၏ ကိုယ်ပိုင်ဝါဒကား (ဂ) ယာဝဇီဝိက–ဟု ယူသည် ဟူ၍ အဓိပ္ပါယ်ဆိုက်ရောက်နေပါ၏။

ဤ (က)(ခ)(ဂ)ဝါဒတို့အရဆိုလျှင် လောဏသောဝီရကဆေး ၁–ခုတည်း ကိုပင် ရေအေးဖြင့် ဖျော်လျှင် ဖျော်ရည်နာမည် ၃–မျိုးဖြစ်လာ၏။ ၃–မျိုးကား –

(က) ယာမကာလိကမှဖြစ်သော ဖျော်ရည်၊

(ခ) သတ္တာဟကာလိကမှဖြစ်သော ဖျော်ရည်၊

(ဂ) ယာဝဇီဝိကမှဖြစ်သော ဖျော်ရည်တို့တည်း။

လိလပ်ရည် ခေါ် ဖျော်ရည်

ယခုခေတ် ဘိလပ်ရည် ခေါ် ဖျော်ရည်ကို အမှုန့်ဖြင့် ဖျော်၍ ပြုလုပ်သည် ဟု ကြားဘူးပါ၏။ ထိုအမှုန့်သည် –

၁။ ယာဝမှုန့်၊

၂။ သတ္တာဟမှုန့်၊

၃။ ဇီဝိကမှုန့်–ဟူ၍ (၃)မျိုး ဖြစ်ရာ၏။

ထို ၃–မျိုးကို အမှုန့်ဖြစ်အောင် ပြုလုပ်စဉ်က ဖာဏိတ, ဂုဠတို့ကဲ့သို့

မိးဖြင့်ချက်၍ ပြုလုပ်စေဖော့စုမှု ဖျော်ရည်ဖျော်သော အခါ၌ကား

(၁) ယာဝမှုန့်ဖြစ်လျှင် လူသာမဏေတို့က ရေအေးဖြင့် ဖျော်၍ အမှုန့်မပါ အောင်စစ်ပြီးမှသာ အပ်၏။ ရဟန်းက အမှုန့်ကို အကပ်ခံပြီးမှ ဖျော်ရည်ဖျော်လျှင် (သဝတ္ထုပဋိဂ္ဂဟ)ေခေါ် ယာဝကာလိက ဝတ္ထုနှင့်တကွ အကပ်ခံသောကြောင့် မအပ်သော ဖျော်ရည်ဖြစ်သည်ဟု မှတ်သားထိုက်၏။

(၂) သတ္တာဟမှုန့်နှင့် (၃)ဇီဝကမှုန့် ဖြစ်ကြလျှင်ကား ရဟန်းက အမှုန့်ကို အကပ်ခံ၍ ရေအေးဖြင့် ဖျော်လျှင်ပင် အပ်သော ဖျော်ရည်များ ဖြစ်ကြပါ၏။ ယာဝကာလိကဝတ္ထုကို အကပ်ခံခြင်း မဟုတ်သောကြောင့် (သဝတ္ထုပဋိဂ္ဂဟ) လည်း မဖြစ်ပါ။ သတ္တာဟနှင့် ဇီဝိကမှုန့်များ ဖြစ်ခြင်းကြောင့် အမှုန့်မပါအောင် စစ်ရန်လည်း မလိုပါ။ ဤသို့လျှင် (၁)မှုန့် ဖျော်ရည်နှင့် (၂),(၃)မှုန့် ဖျော်ရည်တို့၏ အထူးကို ကောင်းစွာမှတ်သားအပ်၏။ ဆိုခဲ့သော စကားတို့အရ "အဗ္ဗောဟာရိက" ဟု ယူဆရန် မရှိကြောင်းကို ကောင်းစွာသိအပ်၏။

ထိုမှတစ်ပါး သတိပြု၍ သုံးရန်ကား ယာဝ,ယာမ,သတ္တ,ဇီဝိ ၄-မျိုးရှိရာ တွင် မည်သည့်အမျိုးမှဖြစ်သော ဘိလပ်ရည်ဖျော်ရည်ဟု မသိတာများပါသည်။ယင်းသို့မသိရာ မသိသောအခါ၌ "ယာဝမှုန့်"မှ ဖြစ်သည်ဟု စိတ်ထား၍ အကပ်မခံဘဲ ထားပြီးလျှင် လူ သာမဏေတို့က ရေအေးဖြင့်ဖျော်၍ စစ်ပြီးမှ အကပ်ခံ၍သုံးလျှင် အပြစ်ကင်းပါ၏။ မမှားနိုင်ပါ။ ဤမှတပါး အခြား ၃-မျိုးမှ ဖြစ်သည်ဟု စိတ်ထား၍ ရဟန်းက အကပ်ခံကာ ရေအေးဖြင့် ဖျော်၍သုံးလျှင် ကား စိတ်ထားသည့်အတိုင်း မှန်လျှင် အပြစ်လွတ်သော်လည်း မမှန်လျှင် (ယာဝမှုန့်ဖြစ်နေလျှင်) အပြစ်မလွတ် အာပတ်သင့်ပါလိမ့်မည်။ ထို့ကြောင့် ယာဝမှုန့် မှဖြစ်သည်ဟု စိတ်ထား၍

ဆိုခဲ့သည့်အတိုင်း စစ်ပြီးမှ အကပ်ခံ၍ သုံးလျှင် အပြစ်ကင်းပါ၏ဟု ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

၁၃။ မေး = စင်စစ်မှန်ကန်သော ပါဠိ (မဂဓဘာသာ) အသံထွက်ပုံကို ရှာဖွေစုံစမ်းသုတေသနပြုရေးအတွက် တကောင်းရာဇဝင်နှင့် ယခုခေတ်သုံး ရှေးအကျဆုံး သဒ္ဒါကျမ်းတို့၏ သမိုင်း အကျဉ်းချုပ်ကို ခိုင်လုံသော အထောက်အထားဖြင့် ရေးသား၍ သနားချီးမြှင့်တော်မူပါဘုရား?

ဤ၌ တကောင်းရာဇဝင်အရ ရှေးတကောင်းလူမျိုးတို့သည် -

(က) သာကီဝင်မင်းမျိုးနှင့် တော်စပ်ပုံ၊

(ခ) ယခုလက်ရှိပါဠိတော်တွင် တွေ့ရှိရသော မဂဓဘာသာစကား မျိုးကို သုံးနှုန်းပြောဆိုရေးသားခဲ့သည့် သာဓက အထောက်အထားများ၊

(ဂ) မြန်မာပြည်တွင် ရှေးအကျဆုံး ဗုဒ္ဓသာသနာ, အထူးအားဖြင့် ပရိယတ္တိ သာသနာ ထွန်းကားခဲ့သည့် အကြောင်းတို့နှင့် ပတ်သက်သော ရာဇဝင်ကို ဆိုလိုပါသည်ဘုရား။

၁၃။ ဖြေ = ရှေးသာကီဝင်လူမျိုးများသည် ဗမာပြည်အထက်ပိုင်း တကောင်းသို့ ၂-ကြိမ် လာကြသည်ဟု ကြားဖူးပါ၏။

အဘိရာဇာ တစ်ကြိမ်နှင့် ဓဇရာဇာတစ်ကြိမ် ပေါင်း ၂-ကြိမ် ဖြစ်ပါသည်။ ပထမအကြိမ် လာသောအချိန်၌ ဗုဒ္ဓ ဂေါတမဘုရား မရှိသေးဟု ကြားရ၏။ ဒုတိယအကြိမ် လာသောအချိန်၌ကား ဗုဒ္ဓဂေါတမဘုရား ရှိနေပြီဟု ကြားဖူးပါ၏။

ယခုလက်ရှိ စကားသံသည် ထိုအချိန်ကရှိနေသော သာကီဝင်လူများထံမှ တိုက်ရိုက်ဆက်နွယ်လာသော အသံဖြစ်သည်ဟု ယူဆပါ၏။ တကောင်းမှ ပြည်, ပြည်မှ ပုဂံသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ ပုဂံပြည်၌ မြောက်ပိုင်းသာသနာ အနွယ်များရှိနေပါပြီ။ တောင်ပိုင်းခေါ် ထေရဝါဒ ဗုဒ္ဓသာသနာကား ပုဂံခေတ်ရောက်မှသာ အောက်ပိုင်းသထုံပြည်မှ ဆက်နွယ်ရောက်ရှိလာပါ၏။

မေးခွန်းပါ (က)အမှတ် စသည်တို့၏ အဖြေများကား -

(က) သာကီဝင်လူမျိုးများကိုယ်တိုင် တကောင်း၌ မြို့ရွာထီးနန်း တည်ကြခြင်းဖြစ်သည်။ တော်စပ်သူများက တည်ကြခြင်းမဟုတ်။

(ခ) ယခုလက်ရှိ ပါဠိမဂဓစကားကို ပုဂံခေတ်၌ စ၍ သင်ယူကြသည်။ ''နမောဗုဒ္ဓါယ သိဒ္ဓံ''ဟု ရှိခိုးပြီးလျှင် အ, အာ, ဣ, ဤ, ဥ, ဦ, ဧ, ဩ, က.ခ.ဂ.ဃ.င စ.ဆ.ဇ.ဈ.ည စသည်မှ အစပြုကာ သင်ယူကြသည်ဟု ကြားဘူးပါ၏။

ကခဂဃင, စဆဇဈည, ဋဌဍဎဏ, တထဒဓန, ပဖဗဘမ, ယရလဝသ ဟဠအံ ဟူသော ဗျည်း(၃၃)လုံးတို့တွင် စဆဇဈ-ဗျည်း ၄-လုံးအသံနှင့် သ-ဗျည်း၏အသံတို့ကို ယခုလက်ရှိ အသံအတိုင်းပင် အသံထွက်ကာ သင်ယူခဲ့ကြ ပါသည်။ ဆပွဲအရဟန်းတို့ခေတ် တိုင်အောင်ပင် အသံပြောင်းလဲသည်ဟု မကြားရ ဘူးပါ။

ယခုအခါ၌ကား စဆဇဈသ ဤဗျည်း(၅)လုံးတို့၌ ကျချဂျဈျဆဟူ၍ အသံထွက်ပြောင်းလဲနေပါ၏။ သီဟိုဠ်စသော နိုင်ငံခြားတို့၌ ပြောင်းလဲနေခြင်း ဖြစ်ပါသည်။ ဗမာပြည်၌ ပြောင်းလဲနေခြင်း မဟုတ်ပါ။

ဗမာပြည်မှာကား စကားမပီသသေးသော ကလေးများ၏ ပါးစပ်၌

စဆသံမှာ ကျချသံထွက်နေသည်ကို ကြားဘူးပါ၏။ ကြားရပုံကား ''အမေရေ ထမင်း'ချာ'တယ် ထမင်း'ကျား'မယ်''ဟု ဤသို့ကြားရခြင်း ဖြစ်ပါသည်။ စကားပီသသော လူကြီးများ၏ ပါးစပ်၌ ဤအသံမျိုး လုံးဝ မကြားဘူးပါ။ မပီသသော ကလေးသံကို ပီသသော လူကြီး၏အသံဖြင့် ပြောင်းလဲလိုက်လျှင်ကား ''အမေရေ ထမင်းဆာတယ် ထမင်းစားမယ်'' ဟူ၍ ဖြစ်လာပါတော့သတည်း။ ဤမျှလောက်ဆိုလျှင် ဗမာပြည် မဂဓ ဘာသာစကားသံကို အကဲခပ်မိလောက်ပါပြီ။

(ဂ) တကောင်းခေတ်က ဗုဒ္ဓသာသနာ ထွန်းကားခြင်း မရှိ လောက်သေးပါဟု ထင်ပါ၏။ ရှေးဟောင်း ဗြာဟ္မဏဘာသာကိုပင် ယူကြသည်ဟု ထင်ပါ၏။ အဆိုပါအချက်များနှင့် ပတ်သက်၍ အထောက် အထားပြစရာ မိမိလက်၌ ရာဇဝင်ကျမ်းစာအုပ်များ မရှိပါ။

~ ~ ~

၁၄။ မေး = အာဏာဝိတိက္ကမန္တရာယိကဓမ္မ ဖြစ်လောက်အောင် နိဿဂ္ဂိ- သံဃာဒိသိသ် အစရှိသော အာပတ်မျိုးသင့်ပြီး၍ မကုစား ရသေးဘဲနှင့် ရုတ်တရက် ပြန်လွန်သွားသော ရဟန်းအား ပြန်လွန်ခါနီး ဓောန်မလွဲ ဘဲ ဝိပ္ပဋိသာရ ဖြစ်ရမည်ဟု ဤသို့သော နိယတသော ရှိပါ၏လော?

ထို့အတူ အန္တရာယိကဓမ္မ ဖြစ်လောက်အောင် အာပတ်သင့်၍ (အထူး အားဖြင့် ရူပိယ, ရူပိယသံဝေါဟာရသိက္ခာပုဒ်တို့ဆိုင်ရာ အာပတ်သင့်၍) အာပတ်မှ စင်ကြယ်အောင် မသုတ်သင်ဘဲနှင့် သမထဝိပဿနာ လုပ်ငန်းခွင်ဝင်ပြီး တရားအားထုတ်ရာ ဝိပ္ပဋိသာရ မဖြစ်လျှင် (အပ္ပနာဈာန်

မဂ်ဖိုလ်နိဗ္ဗာန်တရားထူးကို ထားပါစေဦးတော့) ခဏိကသမာဓိ၊ ဥပစာရသမာဓိနှင့် လောကီယဝိပဿနာ ဉာဏ်တွေကို ရနိုင်ပါ၏လော?

အန္တရာယိကော ဓမ္မာ ဝုတ္တာ ဘဂဝတာတိ။ ကိံသ အန္တရာယိကော? ပဌမဿ ဈာနဿ အဓိဂမာယ အန္တရာယိကော၊ ဒုတိယဿ ဈာနဿ အဓိဂမာယ အန္တရာယိကော၊ တတိယဿ ဈာနဿ အဓိဂမာယ အန္တရာယိကော၊ စတုတ္ထဿ ဈာနဿ အဓိဂမာယ အန္တရာယိကော၊ ဈာနာနံ ဝိမောက္ခာနံ သမာဓီနံ သမာပတ္တီနံ နေက္ခမ္မာနံ နိဿရဏာနံ ပဝိဝေကာနံ ကုသလာနံ ဓမ္မာနံ အဓိဂမာယ အန္တရာယိကော၊ ဟူသော (ဝိ-၃-၁၄၂။ ပါတိမောက္ခုဒ္ဒေသနိဒ္ဒေသ ပဒဘာဇနေ) စကားအရ လည်းကောင်း။ အန္တရာယိကာတိ သတ္တပိ အာပတ္တိယော သဉ္စိစ္စဝီတိက္ကမန္တာ သဂ္ဂန္တရာယဉ္စေဝ မောက္ခန္တရာယဉ္စ ကရောန္တီတိ အန္တရာယိကာ၊ ဟူသော (ဝိ-၄-၁၅၇။) စကားအရလည်းကောင်း၊

တရားထူးမရနိုင်လောက်ဘူးဟု ဆိုရသယောင် ဖြစ်နေပါသည်။ သို့ရာတွင် ယခုခေတ်ရိပ်သာမြောက်များစွာတို့မှာ သီလဝိသုဒ္ဓိနှင့် ပတ်သက်၍ တရားအားထုတ်လိုသော ရဟန်းယောဂီသစ်ကို လက်ခံနေရာချပေးသော တာဝန်ခံ ရဟန်းသည်လည်းကောင်း, ကမ္မဋ္ဌာန်း ဆရာသည်လည်းကောင်း, ကျကျနန စစ်ဆေးလေ့ထုံးစံ ရှိဟန်မတူပါ။ ထိုသို့ အစစ်အဆေးမခံရသဖြင့် သီလဝိသုဒ္ဓိ မပြည့်စုံသေးဘဲနှင့် တရားဝင်အားထုတ်၍ ဉာဏ်စဉ်တရား နာခွင့် ရသည်အထိ ဝါ (လောကီယ လောကုတ္တရာ) ဝိပဿနာဉာဏ်တို့ဖြင့် အမှန်တရားကို ထိုးထွင်းသိမြင်သည်အထိ ဝိပဿနာစုရ ထမ်းဆောင်ကြသော ရဟန်းများစွာ ရှိသတတ်။

ဘုံနေရာ၌ စာတွေ့နှင့်လက်တွေ့ အဘယ်သို့ စပ်ဟပ်ညှိနှိုင်း၍ ယူရမည်နည်း?

အချို့က ''အနဂ္ဂါမိ ကရောဂ်''တွင် ကရောဂ်ပုဒ်သည် ပစ္စုပ္ပန်ဝတ္တမာန် ဝိဘတ်နှင့် ပြီး၏။ ထို့ကြောင့် အနာဂါမ်ကို ပြု၏ဆိုသည်မှာ ကောင်းမှုချ ပြုသည်ဟု မဆိုလို၊ ယေဘုယျအားဖြင့် ပြု၏။ ဝါ- မြန်မာစကားပြေနှင့် ပြန်ရလျှင် အနာဂါမ်ကို ပြုတတ်၏။ ပြုတတ် ၏ဆိုသည်လဲ အမြဲပြုသည်ဟု မဆိုလို၊ ပြုသည်က များ၏။ မပြုသည့် အရာလဲရှိသေး၏။ ဝိပ္ပဋိသာရ ဖြစ်သည့်အခါမျိုးမှာ အနာဂါမ်ပြု၏၊ ဝိပ္ပဋိသာရမဖြစ်က တရားထူးရနိုင်သေး၏။ ဒုဂ္ဂတိတုံ ကျရောက်မည်မဟုတ် ဟူ၍ ဖြေရှင်းပြောဆိုကြကုန်၏။ ဆရာတော်ဘုရားမှုကား အဘယ်သဘော ရပါသနည်းဘုရား?

၁၄။ ဖြေ =အာပတ်တန်းလန်းနှင့် သေသော ရဟန်းအား သေခါနီး၌ ဂရုကံပြုထားသူ မဟုတ်လျှင် ဝိပ္ပဋိသာရ ကောင်ဖြစ်ရမည်ဟု မဆိုနိုင်ပါ။ ဂရုကံ ပြုထားသူဆိုလျှင်တော့ ဝိပ္ပဋိသာရ ကောင်ဖြစ်ရမည့် သဘောမျိုး ဖြစ်ပါသည်။ အဘိဓမ္မာကျမ်း ပါဠိအနေအရာ သေခါနီး၌ အမှတ်ရတတ်သော ကံတို့တွင် ဂရုကံ ဆိုသည်မှာ အဆိုးဘက်၌ ပဉ္စာနန္တရိယကံ, အကောင်းဘက်၌ မဟဂ္ဂုတ်ကံတို့ကို ဆိုထားပါ၏။

သုတ္တန်ကျမ်းဝယ် မင်္ဂလိကို အနာဂါမ်ပြုတတ်သော အရာ၌ကား မေထုန်မှီဝဲသောကံကို ဂရုကံသဘောမျိုး ဆိုထားပါ၏။ ဆိုပုံကား -

သဉ္စိစ္စ ဝီတိက္ကမနဲ့ အနာမသော ဒုက္ကဋ-ဒုဗ္ဘာသိတမှ မဂ္ဂဖလော

အန္တရာယံ ကရောတိ။ ဣဓ ပန မေထုနဓမ္မော အဝိပ္ပေတော၊ မေထုနံ သေဝတော ဟိ ယဿ ကဿစိ နိဿံသယမေဝ မဂ္ဂဖလာနံ အန္တရာယော ဟောတိ။ (မ-ဋ္ဌ-၁-၃၃၈-၃၃၉။)

ဤ ဋ္ဌ-အဆိုကို ထောက်လျှင် ပါရာဇိက အာပတ်ကို ဂရုကံ ယူပြီးလျှင် ကျန်အာပတ်များကို လဟုကံယူရာရောက်၏။ ထို့ကြောင့် ပါရာဇိကအာပတ်ရှိလျှင် ဧကန် ဝိပ္ပဋိသာရဖြစ်၍ မဂ်ဖိုလ်တရားထူးသို့ မရောက်ထိုက်ဟု ဆိုလို၏။ ဤ၌ မှတ်ဖွယ်မှတ်ချက်ကား-ပါရာဇိကနှင့် သီလဝိပ္ပတ္တိချင်း တူသောကြောင့် သံဃာဒိသိသ်အာပတ်ကိုလည်း ဂရုကံ၌ ထည့်သွင်း၍ ယူသင့်သည်ဟု မှတ်အပ်၏။

ကျန်အာပတ်များရှိသူကား ဧကန် ဝိပ္ပဋိသာရဖြစ်မည် မဟုတ်ရကား ဖြစ်သူ တရားထူးသို့ မရောက်သော်လည်း မဖြစ်သူကား တရားထူးသို့ ရောက်နိုင်သည်၊ တရားထူးသို့ မရောက်သော်မှလည်း တရားထူး၏ အနီးဖြစ်သော ဥပစာရ သမာဓိ, သင်္ခါရုပေက္ခာဉာဏ်လောက်တော့ ရောက်နိုင်သည်ဟူသော အဓိပ္ပါယ်ကို ယူလျှင် ဋီကာအဆိုနှင့် နီးကပ်နေပါ၏။ ဋီကာအဆိုကား -

> ယသ္မာ တံခဏမ္ပိ ကာမာနံ အာဒီနဝံ ဒိသွာ ဝိရတော ဟောတိ စေ၊ ဝိသေသံ အဓိဂစ္ဆတိ၊ န ကာမေသု အာသတ္တော၊ တသ္မာ ဝုတ္တံ ''မေထုနံ။ ပ။ အန္တရာယော ဟောတီ''တိ။

(မ-ဋီ-၂-၂၇။ အံ-ဋီ-၂-၂၂၇။)

ဤဋီကာဆရာ၏ အဆိုကား ပါရာဇိက သံဃာဒိသိသ် မဟုတ်သော လဟုကအာပတ်ကို ရည်ရွယ်စိတ်ထား၍ ဆိုပုံရပါသည်၊ အကယ်၍ ပါရာဇိက သံဃာဒိသိသ် အာပတ်တို့ကို စိတ်ထားလျှင်ကား ''ထိုခဏ၌

ကာမအပြစ်မြင်၍ တပ်မက်ခြင်းကင်းငြားအံ့၊ တရားထူးသို့ ရောက်၏” ဟူသော စကားကို မဆိုသင့်ပါ။ မဆိုသင့်ဘဲလျက် ဆိုသည်ကို ထောက်လျှင် ကာမနှင့်စပ်လျဉ်းသော လဟုဂ အာပတ်ကိုသာ ရည်ရွယ်စိတ်ထား၍ ဆိုသည်ဟု မှတ်ယူအပ်၏။

ထို့ပြင် စဉ်းစားဆင်ခြင်စရာနှင့် သိဖွယ်မှတ်ဖွယ်များကား -

အရှင်သာရိပုတ္တနှင့် မန္တာဏီပုတ္တ အရှင်ပုဏ္ဏတို့၏ အမေးအဖြေဖြစ်သော (မ-၁-၁၉၉။) ရထဝိနီတသုတ်၌ သီလဝိသုဒ္ဓိစသော ဝိသုဒ္ဓိ ၇-ပါးကို အရေးထား၍ ဆိုကြ၏။ ဝိသုဒ္ဓိမဂ္ဂကျမ်း စသည်တို့၌လည်း သီလဝိသုဒ္ဓိစသည်ကို များစွာ အရေးထား၍ ဆိုကြ၏။ ထိုစကားတို့၏ အရဆိုလျှင် ယခုခေတ်၌ သီလဝိသုဒ္ဓိဖြစ် ရန် ခက်ခဲသောကြောင့် တရားထူးရရန်လည်း ခက်ခဲသကဲ့သို့ ဖြစ်နေ၏။

ယခုခေတ် ရိပ်သာတို့၏ ဦးစီးဖြစ်သော မဟာစည်ရိပ်သာကြီးကို တည်ထောင်သော ဆရာတော် အရှင်သောဘနကလည်း သီလဝိသုဒ္ဓိကို အလေးဂရုပြု၍ မိန့်ဆိုထားပါ၏။ မိန့်ဆိုထားသော စကားများ-

သီလဝိသုဒ္ဓိ မဖြစ်လျှင် စိတ္တဝိသုဒ္ဓိ မဖြစ်နိုင်ဘူး။

(အဘိဓမ္မာ တရားတော်ကြီး- ၂၀၇။)

သီလဝိသုဒ္ဓိရှိမှ စိတ္တဝိသုဒ္ဓိဖြစ်မယ်၊ သီလမရှိတဲ့ပုဂ္ဂိုလ် တရားအားထုတ်ယင် စိတ္တဝိသုဒ္ဓိဟာ ဖြစ်ကို မဖြစ်နိုင်ပါဘူး၊ ဈာန်တွေဆိုတာလဲ မရနိုင်ပါဘူး။ (အဘိဓမ္မာတရားတော်ကြီး- ၂၀၉။)

သီလဝိသုဒ္ဓိပြည့်စုံမှ စိတ္တဝိသုဒ္ဓိဖြစ်နိုင်သည်။ (နီဝရဏကင်းအောင် စိတ်တည်ငြိမ်မှု သမာဓိကို စိတ္တဝိသုဒ္ဓိခေါ်သည်။)

ယင်းစိတ္တဝိသုဒ္ဓိပြည့်စုံမှ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်မည်။

ယင်းဝိသုဒ္ဓိပြည့်စုံမှ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်သည်၊ ယင်းဝိသုဒ္ဓိပြည့်စုံမှ သမ္မသနာဉာဏ် စသည်တို့ဖြစ်ကြသည်။ (အဘိဓမ္မာ တရားတော်ကြီး -၄၇၁-၄၈၁။)

ဤစကားများအရ သီလဝိသုဒ္ဓိမရှိလျှင် တရားထူးရဘို့ ခက်ခဲသည်၊ မရနိုင်ဘူးဟု ဆိုရလောက်အောင်ပင် ခက်ခဲသည်ဟု မှတ်အပ်၏။

~ ~ ~

သို့ နဘူးကျောင်းတောရ ဆရာတော်ဘုရားကြီး

ဘုရားတပည့်တော် ရန်ကင်းတောရ ဥတ္တမဝံသ အဝေးကပဲ ဆရာတော် ဘုရားကြီးကို ရှိခိုးပြီး၍ စာဖြင့် ရိုသေလေးစားစွာ လျှောက်ထား အပ်ပါသည်ဘုရား။

ဆရာတော်ဘုရား၏ အဖြေစာကို နတ်တော်လဆုတ် (၁၂)ရက်နေ့က ဒကာကြီးဦးသန်းမောင် တောကျောင်းရောက်လာသဖြင့် ကောင်းမွန်စွာ ရရှိပြီး ဖြစ်ပါသည်ဘုရား။ ပါ-၆၅-၃ို့ ပိဋကတ်သုံးပုံကို အခေါက်ခေါက် ကြည့်ရှုလေ့လာပြီး၍ ဓုတင်ဆောင် ဝိနယဂရုက လဇ္ဇီပေသလ ဆရာတော် ကြီးတစ်ပါး၏ အတွေးအခေါ် အယူအဆ ကျမ်းညီနိုင်းပုံ အသုံးအဖြတ်နှင့် လက်တွေ့ကျကျ ကျင့်သုံးနည်းများကို စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာ ရသဖြင့် အလွန်ပင် တန်ဖိုးထားသည့်အပြင် အချိန်အခွင့်ယူပြီး၍ စိတ်ရှည်လက်ရှည် အထောက်အထား ယုတ္တိယုတ္တာနှင့်တကွ စံနစ်တကျ ဖြေရှင်းသနားတော်မူသည့်အတွက်လည်း များစွာ ကျေးဇူးတင်အပ် ပါကြောင်း ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါ၏ အရှင်ဘုရား။

ရတ္တညူ ပကတညူ စ၊ ကပ္ပိယာ ကပ္ပိယေ ဝိဒူ။

သုတ္တ သုတ္တာနုလောမေသု၊ ဂုရုဝါဒေသကေ မတော။ ။

ဝိသာရဒေါ် ထိရော သူရော၊ ဝိဋကတ္တာယ ကောဝိဒေါ်။
ဝိနယဂရုကော လဋ္ဌိ၊ ဓုတင်္ဂဓရ ပုင်္ဂဝေါ။ ။
သဗ္ဗဒါရညိကော ယော သော၊ မြန်မာ့တန္တိဘိပါလကော။
သုဓမ္မဂဏိကာနံ့တု၊ ဥက္ကာပမော သုဒုလ္လဘော။ ။
တာသထေရဝရဿ ဓေါ၊ သာရံ သာရဂုဏံ တွတိ။
နမာမိ သိရသာ ပါဒေ၊ ဒူရတော သန္တိကေဝ ’ဟံ။ ။

ဥတ္တမဝံသာဘိဝံ့
၁၃၅၃–ခုနှစ်၊ နတ်တော်လဆုတ် (၁၃)ရက်နေ့။

ဦးတိသာရသို့ –

ရှင်ဥပါလိအဋ္ဌကထာ ခန္ဒကဝတ္ထု၊ ခန္ဓကဒ္ဓ သားမွေးဝတ်လုံ ပညတ်ခွင့်ပြုတော်မူရာဝယ် သားမွေးကို အပြင်ဘက်ကထားမူ ဒုက္ကဋ်အာပတ်သင့်၏။ အတွင်းကထားမူ အာပတ်လွတ်၏ ဟူသော သိက္ခာပုဒ်တွင် ဝတ်လုံဟူသည် ယခုခေတ် ဝတ်လုံများကဲ့သို့လော? ၎င်းအတိုင်းဆိုလျှင် ဝတ်လုံကို ရဟန်းများအပ်သည်ဟူသော အဓိပ္ပါယ် သက်ရောက်နေပါသည်။

ထိုအတွက် ၎င်းသိက္ခာပုဒ်အကြောင်းကို ရှင်းလင်းစေလိုပါသည်။

ဦးနန္ဒဝံသ
ကန်ပေါက်ငယ်အနောက်တိုက်
စကုမြို့
၁၃၄၂–ခုနှစ်၊ ပြာသိုလဆုတ်–၁၅ရက်။

အဖြေ

ပါဠိရ စုလျား အသုံးအဖြတ်

၁။ တေန ခေါ ပန သမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ဗာဟိရလောမိံ ဥဏ္ဏိံ ဓာရေန္တိ ။ ပ။ (စူဠဝဂ္ဂ ခုဒ္ဒကဝတ္ထု ပါဠိတော်–၂၄၃)

၂။ န ဘိက္ခဝေ ဗာဟိရလောမိ ဥဏ္ဏိ ဓာရေတဗ္ဗာ၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ။ (စူဠဝဂ္ဂ ခုဒ္ဒကဝတ္ထု ပါဠိတော်–၂၄၄)

၃။ ဗာဟိရလောမိံ ဥဏ္ဏိန္တိ ဥဏ္ဏလောမာနိ ဗဟိကတွာ ဥဏ္ဏပါဠိရံ ပါရုပန္တိ တထာ ဓာရေန္တဿ ဒုက္ကဋံ၊ လောမာနိ အန္တောကတွာ ပါရုပိတုံ ဝဋ္ဋတိ။ (စူဠဝဂ္ဂဋ္ဌကထာ ခုဒ္ဒကဝတ္ထု –၄၆)

၄။ ဗာဟိရလောမိန္တိ ဘာဝနပုံ သကံ၊ ယထာ တဿ ဥဏ္ဏပါဠိရဿ ဗဟိဒ္ဓါလောမာနိ ဒိဿန္တိ တထာ ဓာရေန္တဿ ဒုက္ကဋန္တိ ဝုတ္တံ ဟောတိ။ (ဝဇီရဗုဒ္ဓိဋီကာ–၅၂၂)

၅။ ဗာဟိရလောမိန္တိ ဘာဝနပုံသကနိဒ္ဒေသော၊ ယထာ တဿ ဥဏ္ဏပါဠိရဿ ဗဟိဒ္ဓါလောမာနိ ဒိဿန္တိ တထာ ဓာရေန္တဿ ဒုက္ကဋန္တိ ဝုတ္တံ ဟောတိ။ (သာရတ္ထဒီပနီဋီကာ (တ)–၃၈၁)

၆။ ဗာဟိရလောမိန္တိ ဘာဝနပုံသကနိဒ္ဒေသော၊ ယထာ ဗဟိဒ္ဓါလောမာနိ ဒိဿန္တိ၊ ဧဝံ ဓာရေန္တဿ ဒုက္ကဋန္တိ အတ္ထော။ (ဝိမတိဝိနောဒနီဋီကာ (ဒု)–၂၂၈)

၁။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ဆဗ္ဗဂ္ဂိယာ၊ ခြောက်ပါးအစုရှိကုန်သော။ ဘိက္ခူ ရဟန်းတို့သည်။ ဗာဟိရလောမိံ၊ အပ၌အမွေးရှိသော။ ဥဏ္ဏိံ၊ သားမွေးစုလျားကို၊ ဝါ–သားမွေးတဘက်ကို၊ ဝါ–သားမွေးစောင်ကို။

မာရေန္တိ၊ ဆောင်ကြကုန်၏ ခြုံကြရုံကြကုန်ပြီ။ (ပ)

၂။ ဘိက္ခဝေ၊ ရဟန်းတို့။ ဗာဟိရလောမိ၊ အပ၌ အမွေးရှိသော။ ဥဏ္ဏိ၊ သားမွေးစုလျားကို။ ဝါ။ သားမွေးစောင်ကို။ န ဓာရေတဗ္ဗာ၊ မဆောင်အပ်။ ဝါ။ မခြုံ မရုံအပ်။ ယော၊ အကြင်ရဟန်းသည်။ ဓာရေယျ၊ ဆောင်ငြားအံ့၊ ဝါ။ ခြုံရုံငြားအံ့။ အဿ၊ ထိုရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။

၃။ ဗာဟိရလောမိ ဥဏ္ဏိန္တိ ၊ ဟူသည်ကား။ ဥဏ္ဏလောမာနိ၊ သားမွေးတို့ ကို။ ဗဟိကတွာ၊ အပပြု၍။ ဥဏ္ဏပါဝါရံ၊ သားမွေးစုလျားကို။ ပါရုပန္တိ၊ ခြုံကြကုန်၏။တထာ၊ ထိုအခြင်းအရာအားဖြင့်။ ဓာရေန္တဿ၊ ဆောင်သောရဟန်းအား။ ဝါ။ ခြုံသောရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ် အာပတ်သင့်၏။ လောမာနိ၊ အမွေးတို့ကို။ အန္တောကတွာ၊ အတွင်းပြု၍။ ပါရုပိတုံ၊ ခြုံရုံခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

ဤပါဠိတော်အဖွင့်အဋ္ဌကထာတို့တွင် ဓာရေန္တိကို ပါရုပန္တိ-ဟု ဖွင့်သည်ကို ထောက်၍ ပါဝါရ-ဟူသည် ခြုံအပ် ရုံအပ်သော စောင်ကဲ့သို့ တဘက်ပုဝါကြီးကဲ့သို့ အပြန့်အထည်မျိုးဟု ယူသင့်၏။ အင်္ကျီသင်္ကန်းကဲ့သို့ ချုပ်ထားသော အထည်မျိုးဟု မယူသင့်ပါ။ ။

ပါဝါရပုဒ် စုလျားဟု အနက်ဘာသာ ပြန်ဆိုသည်ကို တွေ့မြင်ဘူးပါ၏။ ဝတ်လုံ-ဟု အနက်ပြန်ဆိုသည်ကို မမြင်ဘူးသေးပါ။

စုလျားဆိုတာ ခန္ဓာကိုယ်ပေါ်၌ ရစ်ပတ်၍ စောင်ကဲ့သို့ ခြုံရသော အထည်မျိုးဖြစ်သည်ဟု သတိပြုမိပါ၏။ ယခုခေတ်၌ သင်္ကန်းရောင် သကလတ်အထည်ကို ခြုံကြသကဲ့သို့ပင် ဖြစ်သည်ဟု ထင်ပါ၏။ ရှေးပေါရာဏကျမ်းတို့၌-

"စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားတော်မူသည်"ဟု ဆိုကြ၏။ ထို့ပြင် –

"အလိုမရှိတာကိုလေ နှစ်ကိုအသိပါ မင်းတမင်လာလို့ ပလူးစဉ်က အတွင်းသညာဦးမှာ စုလျားအပြုံခြံ၍ နှစ်ပါးအတူစုံတွဲ"ဟု အနိရုဒ္ဓဂန္ဓဇာတ်၌ ဆိုသည်ကိုလည်း တွေ့မြင်မှတ်သားဘူးပါ၏။ ၎င်းတို့ကို ထောက်ထား၍ စုလျားဆိုတာ ခြုံထည်ဟု ယူဆခြင်းဖြစ်ပါ၏။

ကျောင်းအသုံးအဆောင်အဖြစ်ဖြင့် လှူဒါန်းသောအရာ၌ ပါဝါရစုလျားကို ကော်ဇောကဲ့သို့ အခင်းပြု၍ သုံးဆောင်ကောင်းသည်ကိုလည်း အဋ္ဌကထာများ၌ တွေ့မြင်ရပါ၏။

ဆိုခဲ့ပြီးသော သာဓကစကားတို့ကို ထောက်ထား၍ ပါဝါရစုလျားဆိုတာ အင်္ကျီကဲ့သို့ ချုပ်ထားသော အထည်မျိုးမဟုတ်၊ စောင်ကဲ့သို့ ခြုံ၍လည်းကောင်း၊ ကော်ဇောကဲ့သို့ ခင်း၍လည်းကောင်း သုံးဆောင်သင့်သော အထည်မျိုးဟု ဆုံးဖြတ်ပါ၏။

ထိုခြုံထည်ကိုလည်း သားမွေးပါလျှင် အမွေးကို အတွင်းထား၍ ခြုံအပ်၏။ အပြင်ထား၍ မခြုံအပ်–ဟု အဋ္ဌကထာဆိုသည့်အတိုင်း မှတ်သားမိကြောင်းကို ရိုသေစွာ လျှောက်ထားပါ၏ဘုရား။ ။

အရှင်တိသာရ
ရန်ကင်းတောရ
စကုမြို့နယ်။

နဘူးကျောင်းတောရဆရာတော်အား
ဆက်ကပ်ပါရန်

ရှိသေစွာ အလွန်ရှိသေစွာ မေးလျှောက်ပါရစေ ဆရာတော်ဘုရား။

အကြောင်းမှာ ဘုရားတပည့်တော် အရပ်ပြန်စဉ်က ဘုန်းကြီး တစ်ပါးက မေးပါသည်။ ရှေးခေတ် ကုဋီများ၌ ကျင်ကြီးလမ်း ကျင်ငယ်လမ်း နှစ်လမ်းရှိပါသည်။ ၎င်းကို ပြုလုပ်ရတာ မလွယ်ကြောင်းလည်း မြတ်စွာဘုရား သိတော်မူပါသည်။ ထိုကဲ့သို့ သိတော်မူလျက် မြတ်စွာဘုရားက ကျင်ကြီးလမ်း ကျင်ငယ်လမ်း နှစ်လမ်းခွဲ၍ ပညတ်တော်မူခဲ့ခြင်းမှာ အကြောင်းမဲ့ မဖြစ်တန်ရာပါ။ သို့အတွက် ယခုခေတ်၌ ကုဋီများ ကျင်ကြီးလမ်း ကျင်ငယ်လမ်း နှစ်လမ်းပေါင်း၍ ပြုလုပ် သုံးခြင်း၌ ရဟန်းတော်များ အပ်စပ် မအပ်စပ် သိလိုပါသည်ဟု မေးပါသည်။ ၎င်းကို ဘုရားတပည့်တော်က ဆရာတော်အား မေးလျှောက် ပြီးမှ ဖြေကြားနိုင် မည်ဖြစ်ကြောင်း ပြောထားခဲ့ပါသည် ဆရာတော်ဘုရား။

တပည့် ဓမ္မပါလ
ညောင်ကန်အေးသာသနာ့ရိပ်သာ
အင်းစိန်မြို့နယ်
ကြို့ကုန်း၊ ရန်ကုန်မြို့။

သို့

အရှင်ဓမ္မပါလ

ရန်ကုန်မြို့။

၁။ ခုဒ္ဒကဝတ္ထုက္ခန္ဓကဌ် ကျင်ငယ်စွန့်ရန် ပဿာဝကုမ္ဘ် ကျင်ငယ်အိုးကြီးကို ခွင့်ပြုတော်မူ၏။ ထို့နောက် အုတ် ကျောက် သစ် တစ်ခုခုဖြင့် ကာရံခြင်းကို ခွင့်ပြုပြီးလျှင် ပဿာဝပါဒုကခေါ် ကျင်ငယ်စွန့်ရာ၌ ခြေနင်းပျဉ်ကို ခွင့်ပြု၍ ကျင်ငယ် အိုးကြီး၌ အပိတ်ကိုပါ ခွင့်ပြုသဖြင့် ကျင်ငယ်အိမ် ကျင်ငယ်ကုဋီသဘောမျိုး ဖြစ်လာခဲ့၏။

၂။ ထို့နောက် သီးခြား ကျင်ကြီးစွန့်ရာ ဝစ္စကူပ ကျင်ကြီးတွင်းကို ခွင့်ပြုရာမှစပြီးလျှင် တွင်း၏နံဘေးကမ်းပါး၌ အုတ် ကျောက် သစ် တစ်ခုခုစီခြင်း မြင့်အောင်လုပ်ခြင်း လှေခါးတပ်ခြင်း လက်ကိုင်စရာတန်းကို ထားခြင်း အလယ်၌ အပေါက်ဖောက်ခြင်း ဝစ္စပါဒုကခေါ် ကျင်ကြီးစွန့်ရာ၌ ခြေနင်းပျဉ်ကို ထားခြင်း ကနုတ်ံနှင့် ကနုတ်ံထည့်စရာ ပုံး ခွက် တွင်းပေါက်အပိတ် ဝစ္စကုဋီခေါ် ကျင်ကြီးအိမ်, တံခါးရွက်, လက်ဆွဲကြိုးကွင်း, အုတ် ကျောက် သစ် တစ်ခုခုဖြင့် ကာရံခြင်း, ရေထွက်မြောင်းထားခြင်းတို့ကို ခွင့်ပြုတော်မူ၏။

၃။ ထို့အပြင် တစ်ဖန် သန့်သက်ရေအိုးနှင့် ရေခွက်ကို လည်းကောင်း, အာစမနပါဒုကခေါ် သန့်သက်ရေဆေးရာ၌ ခြေနင်းပျဉ်ကိုလည်းကောင်း, ယင်းအာစမနပါဒုက၌ အုတ် ကျောက် သစ် တစ်ခုခုဖြင့် ကာရံခြင်းကိုလည်းကောင်း, သန့်သက်ရေအိုး၌ အပိတ်ကို လည်းကောင်း ခွင့်ပြုတော်မူ၏။

ဤစုဒ္ဒကဝတ္ထုကွန္တကၥ -

၁။ ကျင်ငယ်စွန့်ရာ၌ ကာရံခြင်း

၂။ ကျင်ကြီးစွန့်ရာ၌ ကာရံခြင်း

၃။ သန့်သက်ရေဆေးရာ၌ ကာရံခြင်းဟူ၍ ကာရံခြင်း (၃)မျိုးကို ခွင့်ပြုတော်မူသည်ကို ထောက်လျှင် အစမူလ ခွင့်ပြုစဉ်က အဆောက်အအုံ (၃)ခု ထား၍ (၃)မျိုး ခွင့်ပြုသည်ဟု ယူဆမိပါ၏။

ဝတ္တကွန္ဓက ဝစ္စကုဋိ ဝတ္တအရာ၌ကား ယခင် (၃)မျိုးတို့ကို ဝစ္စကုဋိဝတ်၌ တပေါင်းတည်းထည့်သွင်း၍ ပညတ်မိန့်ကြားတော်မူ၏။ ပဿာဝကုဋိဝတ်ဟူ၍ လည်းကောင်း၊ အာစမနကုဋိဝတ်ဟူ၍ လည်းကောင်း သီးခြားမိန့်ကြားခြင်း မရှိပါ။ ယင်းသို့ ဝစ္စကုဋိဝတ်၌ ထည့်သွင်း၍ ပညတ်ခြင်းကြောင့် အကာအရံ တစ်ခုတည်း ရှိသော ဝစ္စကုဋိ၏ အတွင်း၌ပင် ကျင်ငယ် ကျင်ကြီး သန့်သက်ရေတို့ကို စွန့်နိုင်သည် ဆေးနိုင်သည်ဟု မှတ်အပ်၏။ ဤသို့ တပေါင်းတည်း ထည့်သွင်း၍ ပညတ်အပ်သော ဝစ္စကုဋိဝတ်၌ ဝစ္စပါဒုကသာရှိ၍ ပဿာဝပါဒုက မရှိခြင်းကြောင့် ဝစ္စပါဒုကခေါ် ခြေနင်းပျဉ်၌ ထိုင်လျက် ကျင်ကြီးကျင်ငယ် နှစ်မျိုးကို စွန့်နိုင်၏ စွန့်အပ်၏ စွန့်ကောင်း၏။ ထို့နောက် အာစမနပါဒုကခေါ် သန့်သက်ရေဆေးရာ ခြေနင်းပျဉ်သို့ ရွှေ့ပြောင်းထိုင်လျက် သန့်သက်ရေ ဆေးသင့်သည်ဟု မှတ်အပ်၏။

ဤဝစ္စကုဋိဝတ်၌ ဝစ္စကူပနှင့် ပဿာဝါဒေါဏိဟု နှစ်ခုရှိရကား ကျင်ကြီး တွင်းထဲ၌ ကျင်ကြီးကို ကျစေပြီးလျှင် ကျင်ငယ်ခွက်၌ ကျင်ငယ်ကို ကျစေကာ နှစ်ပြာခွဲ၍ ကျစေနိုင်ခြင်းကြောင့် ရှေးမထေရ်ကြီးများသည် နှစ်မျိုးခွဲထားကြသည် ဟု ထင်ပါ၏။ ဤကား ဤဝတ်အရ ယူပြခြင်းတည်း။

ခုဒ္ဒကဝတ္ထုကြွန်ကဥ္စကား မူလပညတ်စဉ်က ဝစ္စဒေါ်ဘကို မပြ၊ ပဿာဝကူပကိုလည်း လုံးဝမပြဘဲ ဝစ္စကူပကိုသာ ပြခြင်းကြောင့်လည်းကောင်း, ကျင်ကြီးတွင်းထဲ၌ ကျင်ငယ်မကျစေရဟု ပဋိကွေ့ ပပယ်မြစ်ချက်လည်း မရှိခြင်း ကြောင့်လည်းကောင်း, ကျင်ကြီးတွင်းထဲ၌ပင် ကျင်ကြီး ကျင်ငယ် နှစ်မျိုးလုံးကို ကျစေခြင်းဖြင့် အပြစ်မရှိနိုင်ပါဟု မှတ်အပ်၏။

ဆိုခဲ့ပြီးသော စကားများကို ထောက်ထား၍ ယခုခေတ် ရေလောင်း ဝစ္စကုဋိ၏ ကျင်ကြီးတွင်းသို့ ကျင်ကြီးသွားသော လမ်းကြောင်းမြောင်းဝ၌ ရေထည့် ထားသော ကြွေခွက်စသည်ကို တပ်ဆင်ထားရာ ထိုကြွေခွက်ထဲ၌ ကျင်ကြီး ကျင်ငယ် သန့်သက်ရေတို့ကို ကျစေခြင်းဖြင့် အပြစ်မရှိလောက်ပါဟု မှတ်အပ်၏။ ။

၁။ မေး = သင်္ကန်းချုပ်ပုံ ၃–မျိုး တွေ့ရပါသည်ဘုရား။ မည်သည့်ပုံစံက အမှန်ဖြစ်ပါသနည်းဘုရား။ ငါးပိုင်း (၄) စပ်ဖြစ်ဖို့က အဓိကကျပါသလား ဘုရား။

၁။ ဖြေ = သင်္ကန်းချုပ်ပုံ ၃–မျိုး ကွဲရာ၌ ဤစာရေးသူ၏အမြင်မှာ ဆိုနိုင်တွာနှင့် ဒေသတွာ ကွဲကြခြင်းဟု မြင်ပါ၏။ ဤ ၂–မျိုးပါဝင်နေသည့် (၅) ပိုင်း (၄) စပ်သည် များမှန်ကြာမှန်ဖြစ်သည်ဟု ယူဆပါ၏။

မှန် (၄) မျိုး

၁။ များမှန် များလျှင် မှန်သည်ဟု ထင်၏။

၂။ ကြာမှန် ကြာလျှင် မှန်သည်ဟု ထင်၏။

၃။ နိုင်မှန် စစ်နိုင်သူဖြစ်လျှင် မှန်သည်ဟု ထင်၏။

၄။ အာဏာမှန်နိုင်ငံရေးအာဏာရလျှင် မှန်သည်ဟု ထင်၏။

ဤမှန် (၄) မျိုးတို့တွင် ၁၊ ၂ အမှန်များကို ဆိုခြင်းဟု မှတ်ပါ။ ထို့ပြင် နှစ်ထပ်ဒုကုဋ်သင်္ကန်းကို ချုပ်ရာ၌ ၉–ပိုင်း (၈) စပ်မှစ၍ (၁၅) ပိုင်း ဖြတ်၍ (၁၀၄) ခါ စပ်ချုပ်ရသော သင်္ကန်းအထိ ရှိနေပါ၏။

၂။ မေး = ပံသုကူဆောင်ရဟန်းသည် ဒကာ၏သင်္ကန်းကို အလှူခံရုံနှင့် ဓုတင်ပျက်ပါသလား သို့မဟုတ် ထိုသင်္ကန်းကို ဝတ်ရုံမှ ပျက်ပါသလား ဘုရား။

၂။ ဖြေ = ''ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ''ဟု ပယ်ချမှုကို ကောက်လျှင် ပံသုကူဆောင်ရဟန်းသည် ပံသုကူမဟုတ်သော (လူကလှူသော) သင်္ကန်းကို အလှူခံသောခဏ၌ ဓုတင်ပျက်၏ဟု မှတ်ရပေလိမ့်မည်။

သို့သော်လည်း မဟာဋီကာအလိုအားဖြင့် မိမိသုံးဆောင်လိုသော စိတ်ဆန္ဒဖြင့် အလှူခံမှသာ ဓုတင်ပျက်၏ဟုဆိုသဖြင့် ထိုစိတ်ဆန္ဒမရှိလျှင် မပျက်ဟု အဓိပ္ပါယ်ဆိုက်ရောက်နေပါ၏။ စူဠဋီကာအလို မိမိသုံးဆောင်လိုသော စိတ်ဆန္ဒမရှိဘဲ လှူသောဒါယကာ၏စိတ်ကြည်လင်မှုကို စောင့်ထိန်းခြင်းငှါ မပယ်မူ၍ အခြားရဟန်းအားပေးမည်ဟု နှလုံးသွင်း၍ အလှူခံလျှင် ဓုတင်မပျက်ဟု မိန့်ဆို၏။

ဆိုခဲ့သော စကားများ၏အလိုမှာ အလှူခံရုံမျှဖြင့် ဓုတင်ပျက်ခြင်းသည် မသေချာပါ (မသုံးဆောင်လိုဟူသော) စိတ်ကြောင့် ဓုတင်မပျက်လည်း ဖြစ်နိုင်သေး၏ဟု မှတ်ပြီးလျှင်၊ ဝတ်ရုံသုံးဆောင်မှသာ ဓုတင်ပျက်ခြင်းသည် သေချာသည် ခိုင်မာသည်ဟူ၍ မှတ်အပ်၏။

ဤစာရေးသူ၏အလိုကား အလှူခံရုံမျှဖြင့် ဓုတင်ပျက်သည်ဟု ယူပါ ၏။ အလှူခံယူထားသော သင်္ကန်းကို စွန့်လှူပြီးလျှင် ဓုတင်သစ်ပြန်၍ ဆောက် တည်ပါ၏။

၃။ မေး = ပံသုကူဆောင်ရဟန်းသည် ပံသုကူဓုတင်မဆောင်သော ရဟန်း၏သင်္ကန်းကို ခေတ္တငှါးဝတ်ရုံမျှနှင့်(ဖြင့်) ဓုတင်ပျက်ပါသလား ဘုရား။

၃။ ဖြေ = ခေတ္တငှါး၍ ဝတ်အပ်သော သင်္ကန်းသည် ''ဂဟပတိဒါန''လူက လှူသော သင်္ကန်းဖြစ်လျှင် ထိုသင်္ကန်းကို ဝတ်ရုံသုံးဆောင်ခြင်းဖြင့် ပံသုကူဓုတင်ပျက်ပါ၏။ အကယ်၍ ထိုသင်္ကန်းသည် ပံသုကူကောက်ယူထားသော သင်္ကန်းဖြစ်ပါမူကား ထိုပံသုကူသင်္ကန်းကို ဝတ်ရုံသုံးဆောင်ခြင်းဖြင့် ပံသုကူ ဓုတင်မပျက်ဟု မှတ်အပ်၏။

တနည်း/ငှါး၍ ဝတ်ခြင်းမဟုတ်။ ပိုင်ရှင်ရဟန်းက အပြီးအပြတ်ပေးလှူသဖြင့်

ဝတ်ရုံသုံးဆောင်ခြင်းဖြစ်ပါမှုကား ပံသုကူစုတင်မပျက်ပါ။ အဘယ့် ကြောင့်နည်းဟု မေးလျှင် လူက လှူသော သင်္ကန်းမဟုတ် ရဟန်းက လှူသော သင်္ကန်းဖြစ်ခြင်းကြောင့်တည်းဟု ဖြေဆိုအပ်၏။

၄။ မေး = မရင်းနှီးသော ရဟန်းတစ်ပါးက ''အရှင်ဘုရားဓုတင်ဆောင်ပါ သလားဘုရား''ဟု မေးလာပါက ဓုတင်ဆောင်ရဟန်းအနေနှင့် ကြွားရာ မရောက်အောင် မည်ကဲ့သို့ စကားမျိုးဖြင့် ဖြေကြားသင့်ပါသနည်းဘုရား။ လူက မေးလာလျှင်လည်း မည်ကဲ့သို့ ပြန်ပြောသင့်ပါသနည်း အရှင်ဘုရား။

၄။ ဖြေ = ရဟန်းက မေးလာလျှင် ဖြေပုံ။ အရှင်ဘုရား ဤမေးခွန်းကို အခြားရဟန်းအား မေးထိုက်ပါသလားဘုရားဟု ပြန်မေးပါ။ ဤသို့ ပြန်မေးခြင်းသည်ပင် အဖြေစကားဖြစ်ပါတော့၏။ (ပါဠိလို) ပဋိပုစ္ဆာ ဗျာကရဏာဟု ခေါ်ပါ၏။ လူက မေးလာလျှင် ဖြေပုံကား ဒိုဒါယကာကြီး ဤမေးခွန်းမျိုးကို ရဟန်းများအား မမေးထိုက်ဟု ထင်ပါသည်။ ဤကဲ့သို့ တားမြစ်ပြောဆိုခြင်းသည်ပင် ထိုမေးခွန်း၏အဖြေဖြစ်ပါ၏ (ပါဠိလိုကား) ပဋိက္ခေပဗျာကရဏာဟု ခေါ်ပါ၏။

၅။ မေး = ဓုတင်တိစီဝရိက်ဆောင်ရဟန်းသည် ဝိနည်းတိစီဝရိက်ကို လည်း ဆောင်ကောင်းပါသလားအရှင်ဘုရား။

၅။ ဖြေ = ဓုတင်တိစီဝရိက်ဆောင်ထားသော ရဟန်းသည် ဝိနည်းတိစီ ဝရိက်ကိုလည်း ဆောင်ကောင်းပါ၏။ ဝိနည်းတိစီဝရိက်ကို ဆောင်လျှင် အရုဏ် တက်ချိန်၌ နှစ်ထပ်သင်္ကန်းနှင့် (၂တောင့်ထွာ)မကွာအောင် နေရခြင်းဟူသော ဒုက္ခကို ခံရတတ်ပါ၏။ သတိပြု၍ နေရပါ၏။ သတိပြု နေပါလျှက်ပင် တခါတရံနှစ်ထပ်ဒုကုဋ်သင်္ကန်းနှင့် ကင်းကွာသဖြင့်

နိသသဂ္ဂိထိုက်သော သက်န်းဖြစ်သွားပါ၏။ နိသသဂ္ဂိဖြစ်လျှင် ဝိနည်းသိသော ရဟန်းတစ်ပါးထံသို့ သွား၍ စွန့်ရပါ၏။ စွန့်ပြီးလျှင် ဒေသနာကြားမှ ထိုနိသဂ္ဂိပါစိတ်အာပတ်ငြိမ်းပျောက်ပါတော့၏။ ဤကဲ့သို့ ဒုက္ခများသည်ကို သိအပ်သိသင့်ပါ၏။

၆။ မေး = မြတ်စွာဘုရားရှင်သည် ဒုကုဋ်သက်န်းကြီးကို ခေါက်၍ ခင်းထိုင်သည်ဟု ကြားဘူးပါသည်။ ရဟန်းတော်များသည်လည်း မိမိ၏ဒုကုဋ်သက်န်းကြီးကို ခေါက်၍ ခင်းထိုင်ကောင်းပါသလားအရှင်ဘုရား။

၆။ ဖြေ = မြတ်စွာဘုရားသည် ဒုကုဋ်သက်န်းကို (၄) ထပ်ခေါက်၍ ခင်းစေ၍ ထိုင်တော်မူသည်ဟု မဟာပရိနိဗ္ဗာနသုတ်၌ ရှိသည်ကို တွေ့မြင်ရပါ၏။ ရဟန်းများ ဒုကုဋ်ခင်းထိုင်သည်ကိုကား မတွေ့ရသေးပါ။

မြတ်စွာဘုရားသည် ဟောကြားပညတ်အပ်သော ဓမ္မဝိနယတို့တွင်

(က) ဘုရားပြုလုပ်ကောင်းလျှင် ရဟန်းများလည်း ပြုလုပ်ကောင်းသည့် သိက္ခာပုဒ်။

(ခ) ဘုရားသာလျှင်ပြုလုပ်ကောင်းသော်လည်း ရဟန်းများမပြုမလုပ်ကောင်းသည့်သိက္ခာပုဒ်ဟူ၍ (၂) မျိုး ရှိနေပါ၏။

ထိုတွင် ဤဒုကုဋ်ကို ခင်း၍ထိုင်ခြင်းကို (က) ၌ မထည့်မသွင်းဘဲ (ခ) ၌ ထည့်သွင်းသင့်သည်ဟု ထင်ပါ၏။ အဘယ့်ကြောင့်နည်းဟု မေးလျှင်ကား သုဒ္ဓပါစိတ်နဝမသိက္ခာပုဒ်၌လာသော "သုဂတစီဝရ"၌ မြတ်စွာဘုရား၏သက်န်းတော် (ပမာဏ)သည် မြတ်စွာဘုရားသာ ဝတ်ရုံသုံးဆောင်ကောင်း၍ ရဟန်းများ မဝတ်မရုံ မသုံးဆောင်ကောင်းသောကြောင်းတည်းဟု ဖြေလို ပါ၏။

၇။ မေး = အာရညိကဓုတင်ဆောက်တည်လိုသော ရဟန်းသည် မုဒ္ဒ

အဆင့်သာ ဆောက်တည်လိုပါက နွှေဥတု (၄-လ)ကိုသာ ဆောက်တည်ရမည်ဟု ဝိသုဒ္ဓိမဂ်၌ ပါရှိပါသည်။ ထို့ကြောင့် တခြားဥတုတစ်မျိုး (၄-လ) ကို ဆောက် တည်ပါက မုဒ္ဒအဆင့်တောင်မရဟု ပြောကြပါသည်။ အဲဒီ မှန်ပါသလားဘုရား။

၇။ ဖြေ = "ယထာပရိစ္စိန္နေကာလေ"ကို ဖွင့်ပြရာ၌ ဋီကာက မုဒ္ဒကသဿ ပရိစ္ဆိန္နေဂိမှန္တဥတုမှိဟု ဖွင့်ပြသောကြောင့် မုဒ္ဒပုဂ္ဂိုလ်သည် နွှေဥတု (၄-လ) တော၌နေမှ မုဒ္ဒအရည်အချင်းရသည်ဟု ဆိုကြ၏။

ရှေးမဟာဋီကာ၌ကား "မုဒ္ဒကဿကောဥတု"ဟု ဥတု ဝိသေသဥတုအမည်အထူးမပြုဘဲ ဆိုထားပါ၏။ ယင်းသို့ဆိုသောကြောင့် နွှေဖြစ်စေ, မိုးဖြစ်စေ, ဆောင်းဖြစ်စေ, ဥတုတစ်ခုခု၌ တောမှာနေလျှင် မုဒ္ဒအရည်ကင်ရသည်ဟူသော အယူအဆကို ယူနေကြကုန်၏။ ဤအယူကို ဓုတင်ဝိနိစ္ဆယဆရာက ထောက်ခံသည်ဟု သိအပ်၏။ (ဆရာတို့ကား ရှေးမဟာဋီကာနည်းကို ကြိုက်ကြကုန်၏)ဟူသော ဤစကားဖြင့် ထောက်ခံသည်ဟု မှတ်အပ်၏။

၈။ မေး = ရပာန်းတစ်ပါးထံမှ ငွေနှင့်ဝယ်ယူထား၍ နိဿဂ္ဂိထိုက်နေသော စာအုပ်များကို အပ်စပ်သောနည်းဖြင့် မိတ္တူကူးစက်ဖြင့် ကူးယူပါက ထိုစာအုပ်များ နိဿဂ္ဂိထိုက်ပါသလား။ သို့မဟုတ် အပြစ်ကင်းပါသလား ဘုရား။

၈။ ဖြေ = ကူးယူဆဲဖြစ်သော စာအုပ်သစ်ထဲသို့ အကူးခံစာအုပ်မှ တစုံတခုပါ လာမှုမရှိသောကြောင့် စာအုပ်သစ်သည် နိဿဂ္ဂိထိုက်ခြင်း မရှိဟု မှတ်အပ်၏။

နိဿဂ္ဂိထိုက်နေသော စာအုပ်ကို လက်ဖြင့်ကိုင်ယူမျက်စိဖြင့် ကြည့်ရှုပြီးမှ

ကူးယူမှု ပြုလုပ်ခြင်းသည် သုံးဆောင်မှုဖြစ်ရကား "အနိဿဋ္ဌိတ္တာ ပရိဘုဥ္စတိ၊ အာပတ္တိဒုက္ကဋဿ" (ဝိ-၂၉၆)ဟူသော ပါဠိတော်နှင့်အညီ ဒုက္ကဋ်အာပတ်သင့်၏။

တနည်း/ သုံးဆောင်မှုမဖြစ် မြတ်နိုးပူဇော်မှုဖြစ်သောကြောင့် ဒုက္ကဋ်မသင့် (အာစရိယဝါဒ)

၉။ မေး = ရဟန်းတစ်ပါးသည် အလဇ္ဇီရဟန်းထံ၌ နိဿရည်းမယူရဟု ကြားဘူးပါသည်။ အလဇ္ဇီရဟန်းထံ၌ စာပေမသင်ကြားရဟု ပညတ်ချက် ရှိပါသလားဘုရား။ လူသာမဏောတို့သည် အလဇ္ဇီရဟန်းကို ဥပဇ္ဈာယ် ပြု၍ ရဟန်းခံပါက အပြစ်ဖြစ်ပါသလားဘုရား။ အလဇ္ဇီရဟန်းသည် မိမိကိုယ်တိုင် ဥပဇ္ဈာယ်ပြု၍ လူသာမဏောတို့ကို ရှင်ပြုရဟန်းခံပေးပါက အပြစ်ဖြစ်ပါသလား ဘုရား။

၉။ ဖြေ = နဘိက္ခဝေအလဇ္ဇီနံနိဿာယဝတ္ထဗ္ဗံ (ဝိ ၃-၁၂၇)ဟု အလဇ္ဇီ ရဟန်းထံ၌ နိဿယည်းယူ၍ မနေရဟု ရှိပါ၏။ နိဿယည်းမယူရဟု မရှိပါ။ သို့သော်လည်း ယူ၍မနေရ၊ မယူရ၊ ဤစကားနှစ်ခုအတူတူဘဲဟု ထင်မိပါ၏။ "စာပေမသင်ကြားရ"ဟူသော မေးခွန်းပါစကားသည် ဓမ္မသမ္ဘောဂဓမ္မပရိဘောဂ-ဟူသော စကားတို့နှင့် ဆက်စပ်သောစကား ဖြစ်နေပါ၏။ လဇ္ဇီရဟန်းသည် အလဇ္ဇီရဟန်းအား ပစ္စည်းပေးခြင်း ယူခြင်း ပြုလျှင်

အာမိသသမ္ဘောဂ ပြုသည်မည်၏။

ပါဠိစာပေကို သင်ပေးခြင်း သင်ယူခြင်းပြုလျှင် ဓမ္မသမ္ဘောဂ ပြုသည်မည်၏။ ထိုနှစ်ခုလုံးပင် မအပ်ဟု ဋ္ဌ-ဋီတို့၌ အဆိုရှိနေရကား မသင်ကြားရဟု ပညတ်ချက်ရှိသကဲ့သို့ဖြစ်သည်ဟု မှတ်အပ်၏။

ပါဠိများကား/ဧကောအလင္ဂီ အလင္ဂီသတမ္ဘိကရောတိ။ (ဝိ၅-၂-၂၇၃)
လင္ဂိနမေဝပတိအလင္ဂိနာသဟ တနုဘ. . .ရိဘောဂါနဝင္ဇန္တိ (ဝိမတိ ၁-၃၃၈)

လူသာမဏေတို့၌ အပြစ်မဖြစ်ပေ။ ရဟန်းဖြစ်ပြီးမှ အလင်္ဂီရဟန်းကို မှီ၍ နေလျှင် ဒုက္ကဋ်အာပတ်သင့်၏။

ဗာလ-အဗျတ္တရဟန်းက ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးလျှင် ဒုက္ကဋ်အာပတ် သင့်၏ အလင်္ဂီရဟန်းက ရဟန်းခံပေးသော ဝတ္ထုမှာတော့ သေးဟု ဆိုချင်ပါ၏။

၁၀။မေး = နှာခေါင်းအတွင်း၌ ပေါက်သော အမွေးများအပြင်ထွက်၍ ရှည် အောင်ထားပါက အပြစ်ဖြစ်သည်ဟု ကြားဘူးပါသည်။ နားအတွင်းအမွေး များ အပြင်ထွက်၍ ရှည်နေလျှင်သော်၎င်း၊ ပါးမေးစေ့ရှိ မှဲ့များ၌ ပေါက်သော အမွေး များရှည်နေလျှင်သော်၎င်း၊ ထိုအမွေးရှည်ရှိသော ရဟန်းသည် အပြစ်ရှိပါသလားဘုရား၊ နုတ်သင့်ညှပ်သင့်ပါသလား ဘုရား။

၁၀။ဖြေ = နှာခေါင်းမွေးများအပြင်ထွက်သည်ကို နှာခေါင်းမွေးများကို ဆောင်ထားသည်ဟု ဝိနည်းစူဠဝဂ္ဂပါဠိတော်(ဝိ ၄-၂၇၅)၌ မိန့်ဆို၏။ ဤကဲ့သို့ ထားလျှင် ဒုက္ကဋ်အာပတ်သင့်၏။ ထို့ပြင် နုတ်ပယ်ရန် မွေးညှပ်ကိုလည်း ခွင့်ပြုတော်မူ၏။ နားမွေး ပါးမွေး မေးစေ့မွေးများ ထားခြင်းသည် ပါဠိတော်၌ မရှိပါ။ ထားခြင်းကြောင့် ဒုက္ကဋ်အာပတ်လည်း မရှိပါ။ နုတ်ပယ်ရန်ကား သင့်သည်ဟု ယူဆပါ၏။ အကြောင်းပြစရာကား "ကေသမဿုံဩဟာရာပေတွာ"=ဆံမုတ်ဆိတ်ကို ပယ်၍ဟု ဆိုရာတွင် မုတ်ဆိတ်ကိုပယ်မှု၌ ပါဝင် သင့်သည်ဟု ယူဆသောကြောင့် ဖြစ်ပါ၏၊

၁၁။မေး = သတ္တာဟကာလိက–ယာဝဇီဝိကဆေးများကို ရဟန်းကိုယ်တိုင် အကပ်ခံ၍ အပ်စပ်သော မီးဖြင့် ကိုယ်တိုင်ကျိုချက်ကောင်းပါသလား ဘုရား။

၁၁။ဖြေ = မေးခွန်းပါဆေးများကို ရဟန်းကိုယ်တိုင်မီးဖြင့် ချက်ကောင်းပါ၏။ အသားမှထွက်သော အသားဆီကို ဆီဖြစ်အောင် ချက်နည်းသည် ပါဠိတော်နှင့်အဋ္ဌကထာများတွင် ရှိနေပါ၏။ ဂဗြာဝသံကာလေပဋိဂ္ဂဟိတံ ကာလေ နိပ္ပက္ကံကာလေသံသဋ္ဌံ တေလပရိဘောဂေနပရိဘုဉ္ဇိတုံ(ဝိ ၃–၂၉၂)။ သစေပနဝသံပဋိဂ္ဂဟေတွာ၊ သယံ ကရောတိ။

ကရောတိ၊ ပုရေဘတ္တံ ပဋိဂ္ဂဟေတွာ ပစိတွာ ပရိဿာဝေတွာ သတ္တာဟံနိရာ မိသပရိဘောဂေန ပရိဘုဉ္ဇိတဗ္ဗံ။ (ဝိဋ္ဌ ၂–၂၉၂)

ထို့ပြင် ယာဝဇီဝိကပျားရေ မစု (ဝိဋ္ဌ ၂–၂၉၄) နှင့် ယာဝဇီဝိက တင်လဲ ဖာဏိတ (ဝိဋ္ဌ ၂–၂၉၅)လည်း ရှိနေသည်ဟု သိအပ်၏။

၁၂။မေး = ယခင်နေ့က အကပ်ခံပြီးသော သကြားထန်းလျက်ခဲစသော သတ္တာဟကာလိကပစ္စည်းများကို ကျန်းမာသော ရဟန်းအနေဖြင့် နံနက်ပိုင်း၌ အာဟာရအလို့ငှါ သူချည့်သက်သက် (အရည်မဖျော်ပဲ) စားကောင်းပါသလားဘုရား။ မွန်းလွဲပိုင်း၌ ရေဝတ်သကဲ့သို့ မွတ်သိပ် ဆာလောင်မှုပျောက်ပါစေခြင်း အကျိုးငှါ ရေနှင့်ဖျော်၍ သောက်ကောင်း ပါသလားဘုရား။ ယခင်နေ့က အကပ်ခံပြီး ယာဝဇီဝိက ဆေးကိုလည်း ထိုကဲ့သို့ သုံးဆောင်ကောင်းပါသလားဘုရား။

၁၂။ဖြေ = ယခင်နေ့က အကပ်ခံထားသော သကြားထန်းလျက်ခဲကို ပုရေ ပဋိဂ္ဂဟိတဟု ခေါ်၏။ ထိုပစ္စည်းများကို နောက်နေ့နံနက်ပိုင်း(ကာလ)၌ သူ့ ချည်းသက်သက် သုံးဆောင်ကောင်းပါ၏။ (ဝိကာလ)မွန်းလွဲပိုင်း၌

ကား ရေနှင့်ဖျော်၍ သောက်ကောင်းပါ၏။ ယာဝဇိဝိကကိုလည်း ထိုနည်းအတူပင် နံနက် ပိုင်း မွန်းလွဲပိုင်းတို့၌ သုံးဆောင်ကောင်းပါ၏။

မှတ်ချက် ။ ယနေ့အကပ်ခံသော ယာဝကာလိက, ယာမကာလိက, ပစ္စည်းများနှင့် မရောမနှောရပါ။ ရောနှောလျှင် မအပ်ဟု မှတ်လေ။

အကျဉ်းပြလင်္ကာ ။ သတ္တာဟဇိဝိ ရှေးနေ့ဆိက ခံပြီမှလျှင် ယာဝ ယာမံ ယနေ့ခံ ရောပြန်မအပ်သာ။

ရောနှောလင်္ကာ ။ ယနေ့ကပ်ခံ တူလတ်ပြန်၍ လေးတန်တို့ရှည် ရောနှောပြီ အရှည်တိုဘက်ပါသတည်း။

၁၃။မေး = သာသနာ့မြေကျပြီးသား ကျောင်းတိုက်ဝင်းအတွင်းရှိ မြေတစ်ကွက်ကို "ဝိသုံဂါမနယ်မြေ"အဖြစ်လည်းမလျှောက် သက်ဆိုင်ရာနယ်မြေအတွင်းရှိ သံဃာကိုလည်း မသိမ်းပဲ ကျောင်းတိုက်ဝင်းအတွင်းရှိ သံဃာကိုသာ သိမ်း၍ သိမ်သမုတ်ပါက အောင်မြင်သော သိမ်ဖြစ်နိုင်ပါသလားဘုရား။

၁၃။ဖြေ = သာသနာ၏မြေဖြစ်သော ကျောင်းတိုက်ဝင်းရှိ သံဃာကိုသာ သိမ်း၍ ဂါမခေတ်အတွင်းရှိ ရဟန်းများကို မသိမ်ပဲ သမုတ်ခြင်းသည် (ဝဂ္ဂအစုကွဲ) အညီမညွတ်ပဲ သမုတ်ခြင်းကြောင့် မအောင်မြင်သောသိမ်ဖြစ်ပါသည်။ ဤသိမ်မျိုးကို အရှင်ကောသလ္လကိုယ်တိုင် တွေ့မြင်ခဲ့ဘူးပါသလား သို့မဟုတ် အတွေးအကြံဖြင့် မေးပါသလား?ဟု စဉ်းစားဆင်ခြင်မိပါ၏။ အကယ်၍ ဤသိမ်မျိုးအဟုတ်တကယ်ရှိနေလျှင် ဂါမခေတ်ရှိ ရဟန်းများကို သိမ်း၍ နောက်ထပ်သမုတ်မှသာ အောင်မြင်သော သိမ်ဖြစ်ပါလိမ့်မည်။

၁၄။မေး = အထက်ဖော်ပြပါပုံတွင် ပါရှိသည့်အတိုင်း မူလသိမ်သမုတ်

ထားပြီးသော မြေကွက်တွင် ကြီးမားသော ကျောင်းကို ဆောက်မည်ဖြစ်သောကြောင့် မူလသိမ်ကွက်နှင့် ကပ်၍ တဆက်တည်း၌ သိမ်နှုတ်ကာ ကျောင်းကို ဆောက်ထားပါသည်။ ကျောင်းအဆောက်အဦတစ်ပိုင်းတစ်စသည် တိုးချဲ့၍ သိမ်နှုတ်ထားသည့်မြေကွက် (သိမ်မသမုတ်ရသေးသည့်မြေကွက်)တွင် ပါရှိနေပါသည်။ ဖော်ပြပါ သိမ်ကျောင်း၌

(က) ရဟန်းများ ကံကြီးကံငယ်ဆောင်နိုင်ပါသလားဘုရား မည်ကဲ့သို့ သတိထားရပါမည်နည်း။

(ခ) ကျောင်းအဆောက်အဦတစ်ခုလုံး သိမ်သမုတ်ပြီးသော မြေကွက်အတွင်း ဝင်အောင်ရွှေ့ဆက်လက်၍ ဆောင်ရွက်ရမည့် အစီအစဉ်များကို သိလိုပါသည်အရှင်ဘုရား။

၁၄။ဖြေ = တိုးချဲ့မြေကွက်၌ သိမ်နှုတ်ထားသောကြောင့် ဗဒ္ဓသိမ်ဟောင်း မရှိရကား သီမာသင်္ကရမဖြစ်ဟု ယူဆပါ၏။ သီမာသင်္ကရဖြစ်လျှင်သာ တစ်ဖက် တွဲဖက်သိမ်မှ ရဟန်းများကို ပင့်ဆောင်ပြီးမှ ကံဆောင်ရခြင်း စသော အလုပ်ကိစ္စများ ရှုတ်ထွေးလာတတ်ပါ၏။ ယခု မေးခွန်းပါသိမ်ကား သီမာသင်္ကရမဖြစ်သောကြောင့် အလုပ်ကိစ္စ မရှုတ်မထွေးဟု ဆင်ခြင်စဉ်းစားမိပါ၏။ ထို့ကြောင့် ထိုသိမ်ကျောင်း၌

(က) ကံကြီးကံငယ်တို့ကို ဆောင်နိုင်ပြုလုပ်နိုင်ပါ၏။

(ခ) နောက်ထပ်သိမ်ချဲ့၍ သမုတ်ရမည်။ သမုတ်နည်းအစီအစဉ်ကား တိုးချဲ့မြေသိမ်အတွင်း ပါဝင်လာအောင် နိမိတ်တို့ကို တိုးချဲ့မြေဘက်သို့ တိုး၍ ထားရမည်။

သိမ်သမုတ်ရန် နီးကပ်သောအချိန်၌ သိမ်ဟောင်းကို နှုတ်ပြီးမှ

နိမိတ်ကြားပြီးလျှင် သမုတ်ကမ္မဝါစာကို ဖတ်ရပါ၏။ ဤကဲ့သို့ သမုတ်လျှင် တိုးချဲ့မြေနှင့် သိမ်ပေါင်းမြေသည် တစ်ခုတည်းသော ဗဒ္ဓသိမ် ဖြစ်လာပါတော့၏။

၁၅။မေး = ခရီးသွားသည့်အခါ "အရှင်ဘုရား ပရုပ်ဆီလေးပါရင် နဲနဲလောက် စွန့်ပါဘုရား" "အကိုက်အခဲပျောက်ဆေးပါရင် တစ်လုံးလောက် စွန့်ပါ ဘုရား"ဟု လူများက တောင်းတတ်ပါသည်။ ထိုအခါ ရဟန်းတစ်ပါးအနေနှင့် မိမိမှာပါလာသော ပရုပ်ဆီ အကိုက်အခဲပျောက်ဆေးကို ပေးပါက အပြစ် ဖြစ်ပါသလားဘုရား။

၁၅။ဖြေ = "ဇနဿကာတုံဘေသဇ္ဇံ၊ ဒါတုံ ဝဋ္ဋတိန လဗ္ဘတိ" လူအား ဆေးကုခြင်းဆေးပေးခြင်း ဆေးနည်းပြောဆိုခြင်းငှါ မရအပ်ဟု ခုဒ္ဒသိက္ခာ၌ ဆို၏။ ထို့ကြောင့် ပါလာသော ပရုပ်ဆီစသော ဆေးကို ပေးခြင်းဖြင့် ကုလဒူသနဒုက္ကဋ် အာပတ်သင့်နိုင်၏။ အဘယ့်ကြောင့်နည်း "ပွင့်သီးမှုန့်မြေ၊ ဝါးပူခြေ၊ ဝေဇ္ဇဒူ ရှစ်ဖြာဟူသော ကုလဒူသနပစ္စည်း (၈) မျိုးတွင် ပရုပ်ဆီသည် ဝေဇ္ဇ၌ ပါဝင်သောကြောင့်တည်း။

၁၆။မေး = ရေကိုသောက်သည့်အခါ ဆေးအဖြစ်နှင့် ဆင်ခြင်၍ သောက်ရမည်ဟု ကြားဘူးပါသည်။ ရဟန်းများသည် ရေကို ဆွမ်းမတော်သုံးပိတ်မိမထားသူထံမှ တောင်းမသောက်ကောင်းဟုလည်း ပြောကြပါသည်။ မည်သို့ မှတ်ယူရပါမည်နည်းဘုရား။

၁၆။ဖြေ = ရေကို ဆင်ခြင်၍ သောက်ခြင်းသည် သက်နီးဆွမ်းကျောင်းဆေး ပစ္စည်း (၄) ပါးတို့တွင် ဆေး၌ ထည့်သွင်း၍ ဆင်ခြင်ခြင်းဖြစ်သည်။ ဆင်ခြင်နိုင်လျှင် ကောင်းလှသည်သာ ဖြစ်ပါ၏။ ဤကဲ့သို့ ဆေး၌သွင်း၍ ဆေးပစ္စည်းဖြစ်လျှင် ကာလိက (၄) ပါးတို့တွင်လည်း ယာဝဇီဝိကဆေး၌

ပါဝင်ရပေလိမ့်မည်။ ယင်းသို့ဖြစ်ခြင်းကြောင့်ပင် ဆွေမျိုးမတော်သူ မဖိတ်သူကို့ထံ တောင်း၍ မသောက်ကောင်းခြင်းဖြစ်သည်ဟု မှတ်အပ်၏။

တနည်းမှတ်ရန် ပြပါဦးမည်... ရေသည် ဒွန္တပေါနသိက္ခာပုဒ်၌ ပစ္စည်း (၄)ပါး ကာလိက (၄)ပါးတို့မှ လွတ်နေပါ၏။ အကပ်မခံပဲ သောက်ကောင်းနေပါ၏။ ဆေး၌ မပါမဝင်ဟု ဆိုလို၏။ ဤအချက်ကို ထောက်လျှင်လည်းကောင်း ''သေသေသဗ္ဗမ္ပိလဗ္ဘတိ''ဟူသော ခုဒ္ဒသိက္ခာ (၃၇၇) ဂါထာကို ထောက်လျှင်လည်းကောင်း ဆွေမျိုးမဟုတ်သူ မဖိတ်သူတို့ထံ ရေကို တောင်း၍ သောက်ကောင်းပါ၏ဟု မှတ်လေ။

၁၇။မေး = ရဟန်းတော်များသည် ရေကို ဝိနည်းတော်အရ မပေးကောင်းသော လူပုဂ္ဂိုလ်တို့အား ပေးပါက အပြစ်ဖြစ်ပါသလား၊ တချို့ကျောင်းတိုက်များ၌ ကျောင်းဝင်းအတွင်းရှိ ရေတွင်းများမှ ရေများကို ရပ်ကွက်ထဲမှ လူအများအား လာရောက်ခပ်ယူခွင့်ပြုထားသော ဘုန်းကြီးမှာ မည်သည့်အပြစ် ဖြစ်,မဖြစ် သိလိုပါသည်အရှင်ဘုရား။

၁၇။ဖြေ = ရေကို ဆေးအဖြစ် ဆင်ခြင်၍ သောက်ရမည်-ဟူသော အဆိုဝါဒအရ ရေသည် ဆေးပစ္စည်းဖြစ်နေသဖြင့် ဆေးပေးကောင်းသောလူသည် ရေပေးကောင်းသောလူဖြစ်ပြီးလျှင် ဆေးမပေးကောင်းသော လူသည် ရေ မပေးကောင်းသော လူဖြစ်ရပေလိမ့်မည်။ မပေးကောင်းသူကို ပေးလျှင် ဒုက္ကဋ် အာပတ်ဟု ဆိုရမည်ဖြစ်သော်လည်း ဝိနည်း၌ကား ရေကို ပေးကောင်း မပေးကောင်းပညတ်ချက်မရှိပါ။ ထို့ကြောင့် ထိုဒုက္ကဋ်အာပတ်လည်း မသေချာမနိုင်လုံဟု မှတ်အပ်၏မှတ်လေ။ ရေနှင့်စပ်၍ မှတ်ဖွယ်ကို ဆက်၍ ဆိုပါဦးမည်။

ရေတွင်းရေကန်ဟူသည် အစတူးစဉ်ကပင် တစ်ကျောင်းပိုင် တစ်အိမ်ပိုင်တစ်ဦးတည်း သောက်သုံးရန် တူးခဲ့သည်မဟုတ်။ အများ သောက်သုံးရန် ရည်ရွယ်ချက်ရှိပြီးမှ တူးခဲ့ကြသည်။ ထို့ကြောင့် ရေသည် အများဆိုင်အများပိုင်ဖြစ်သည်ဟု မှတ်အပ်၏ (အာစရိယဝါဒ) ဤကဲ့သို့သော ရည်ရွယ်ချက်ဖြင့် တူးခဲ့သည့် ရေတွင်းရေကန်ရှိ ရေများ ကို လူတို့က ခပ်ယူသည်ကို ရဟန်းကပေးသည်ဟု မဆိုသင့်ပါ။ ရဟန်း က ပေးသကဲ့သို့ ပြောဆိုနေကြသည်မှာ ရဟန်း၏ကျောင်းဝင်းအတွင်းရှိ ရေတွင်းရေကန်ဖြစ်၍သာ ပြောဆိုကြခြင်း ဖြစ်ပါသည်။ ကျောင်းဝင်း အတွင်း၌ တူးကြသည်မှာလည်း ရေနီးရေထွက်မည်ကို ခန့်မှန်း၍သာ လျှင် လူတွေက တူးခဲ့ကြခြင်းဖြစ်သည်။ ရဟန်းက တူးသည်မဟုတ်ပါ။

အကယ်၍ လူပိုင်မြေကွက်၌ရှိသော ရေတွင်းရေကန်မှ ရေကို ရဟန်းတို့က ခပ်ယူသုံးစွဲလျှင်လည်း အပဝါရိတရေကို ရဟန်းတွေက ယူသည်ဟု မစွပ်စွဲသင့်ပါ။ အဘယ်ကြောင့်နည်း ရေသည် အများပိုင် ဖြစ်သောကြောင့်တည်း။

အများသောက်သုံးရန် ရည်ရွယ်ချက်ရှိပြီးမှ တူးကြခြင်းကြောင့် ဤလူများကို အမြဲကုသိုလ်တိုးပွားနေသူများဟု မိန့်ဆိုကြသည်။ ဆိုပုံပါဠိ

ပပဉ္စဥဒပါနဉ္စ၊ ယေဒဒန္တိ ဥပဿယံ။
တေသံဒိဝါစရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။

ယေ၊ အကြင်လူတို့သည်။ ပပဉ္စ၊ ရေအိုးစင် ရေချမ်းစင်ကိုလည်းကောင်း။ ဥဒပါနဉ္စ၊ ရေတွင်းရေကန်ကိုလည်းကောင်း။ ဥပဿယံစ၊ အများမှီခိုရာ ကျောင်းဇရပ်ကိုလည်းကောင်း။ ဒဒန္တိ၊ ပေးလှူကြကုန်၏။ တေသံ၊ ထိုလူ

တို့အား၊ ဒိဝါစ၊ နေ့၌လည်းကောင်း။ ရတ္တောစ၊ ညဉ့်၌လည်းကောင်း။ သဒါ၊ အခါခပ်သိမ်း။ ပုညံ၊ ကောင်းမှုကုသိုလ်သည်။ ပဝဍ္ဎတိ၊ တိုးပွား လေ၏။

မြစ်သား အရှင်ကောသလ္လအမေး   အရှင်တိဿရအဖြေ

၁။ မေး = ဝိနည်းတိပိဋကရိက်ဆောင်ရဟန်းတစ်ပါးအနေဖြင့် အရုဏ် တက်ချိန်၌ ထိုသင်္ကန်းများနှင့် ၂-တောင်ထွာ ဟတ္ထပါသ်မှ ကင်းလွတ် ခွင့်ရသော (ကင်းလွတ်သော်လည်း အပြစ်မရှိသော) နေရာဌာန ၁၅- မျိုးကို သိလိုပါသည်ဘုရား။ စာအုပ်ကိုလည်း ပြောပြတော်မူပါဘုရား။

၁။ ဖြေ =

၁။ ဂါမော = ရွာ　၉။ သတ္ထော = လှည်း

၂။ နိဝေသနံ = အိမ်　၁၀။ ခေတ္တံ = လယ်

၃။ ဥဒေါသိတော= တိုက်　၁၁။ ဓညကရဏံ = ကောက်နယ်၊ တလင်း

၄။ အာဠှော = ပြအိုး　၁၂။ အာရာမော = ကျောင်းဝင်း၊ အာရာမ်

၅။ မာဠော = ပြာသာဒ်　၁၃။ ဝိဟာရော = ကျောင်း

၆။ ပါသာဒေါ = ပြာသာဒ်　၁၄။ ရုက္ခမူလံ = သစ်ပင်ရင်း

၇။ ဟမ္မိယံ = ပြာသာဒ်　၁၅။ အဇ္ဈောကာသော = လွင်ပြင်

ဦးပြည် (ခေါင်းတိုး)

၈။ နာဝါ = လှေ

(ဝိ ၁-၂၉၉) ပါရာဇိကပါဠိ၊ စာအုပ် (ဝိဋ္ဌ ၁-၂၃၃-၂၃၄) ပါရာဇိကဏ္ဍ ဋ္ဌ-စာအုပ်။

၂။ မေး = ပါရာဇိကဏ်၌ အရှင်သာရိပုတ္တရာက "ဝိနည်းသိက္ခာပုဒ်တော်ကို ပညတ်တော်မူရန် အချိန်တန်ပါပြီဘုရား" ဟု တောင်းပန်လျှောက်ထားသည့်အခါ "မြတ်စွာဘုရားရှင်က ချစ်သားသာရိပုတ္တရာဆိုင်းငံ့ဦးလော့ ယခုအချိန်မတန်သေး... ဗဟုသုတကြွယ်ဝသော ရဟန်းများများပြားလာသောအခါ ကျူးလွန်မှုအပြစ်များ ထင်ရှားဖြစ်ပေါ်လာလိမ့်မည်။ ထိုအခါ ပညတ်တော်မူမည်"...ဟု ဖတ်ဖူးပါသည်။ ထိုစကားတော်၌ ဗဟုသုတဆိုသည်မှာ မည်ကဲ့သို့သောအကြောင်းအရာကို ဆိုလိုပါသနည်းဘုရား။

၂။ ဖြေ = ဒီဃနိကာယ်-မဇ္ဈိမနိကာယ်-သံယုတ္တနိကာယ်-အင်္ဂုတ္တရနိကာယ်-ခုဒ္ဒကနိကာယ်-ဟူ၍ နိကာယ်(၅)မျိုးရှိ၏။ ထိုတွင် နိကာယ် (၁) ခုကို တတ်သိသောရဟန်း (၂) ခုတို့ကို (၃) ခုတို့ကို (၄) ခုတို့ကို (၅) ခုတို့ကို တတ်သိသော ရဟန်းသည် ဗဟုသုတရဟန်းမည်၏။

အကျဉ်းမှတ်ရန် ။ ဒီမဇ်သံအင်၊ ခုဒ္ဒဝင်၊ ငါးအင်နိကာယ

နိကာယ်ငါးခု၊ တတ်သိမှု၊ ဗဟုသုတခေါ်ဆိုကြ။

၃။ မေး = သိမ်သမုတ်ရန်အတွက် သိမ်နှုတ်ရာတွင် မြေကွက်ပေါ်၌ ယာယီအမိုးများမိုး၍ သိမ်နှုတ်ကောင်းပါသလားဘုရား။

၃။ ဖြေ = အမိုး(မဏ္ဍပ်)မပြုမလုပ်သင့်ပါ။ မပြုမလုပ်သင့်ဟု ဆိုသည်မှာ တိုင်များစွာ စိုက်ထောင်သော အမိုးမဏ္ဍပ်မျိုးကိုသာ ဆိုလိုပါသည်။ ထီးကဲ့သို့ တစ်ပင်တိုင်စိုက်ထောင်သော အမိုးမဏ္ဍပ်မျိုးကိုကား ပြုလုပ်နိုင်ပါသည်။ ဤကဲ့သို့ ပြုလုပ်၍ သိမ်နှုတ်ကောင်းသည်ဟု မှတ်အပ်၏။

၄။ မေး = သိမ်မြေကို တိုးချဲ့ရာတွင် ကပ်လျက်ရှိသော တိုးချဲ့မြေကွက်ကိုသာ သိမ်နှုတ်ထားပါသည်။ မူလသိမ်မြေကွက်ထဲ၌ အဆောက်အဦးကို

ဆောက်ရာ အဆောက်အဦးတပိုင်းတစသည် သိမ်နုတ်ပြီး တိုးချဲ့ မြေကွက်ထဲ၌ တည်ရှိနေပါသည်။ အဆောက်အဦမဆောက်ခင်က မူလ သိမ်မြေကွက်ကို မနုတ်ခဲ့ရပါ။ ယခုလက်ရှိအနေအထားအတိုင်း အဆောက်အဦအတွင်းမှ နေ၍ သိမ်နုတ်ပါက မူလသိမ်ကျွတ်ပါမည်လား ဘုရား။

၄။ ဖြေ = တိုးချဲ့မြေကွက်ကို သိမ်နုတ်ထားခြင်းကြောင့် ဗဒ္ဓသိမ် (၂) ခု ရောစပ်မှုသိမာသင်္ကရဖြစ်ခြင်းမရှိပါ။ (တနည်း) ဗဒ္ဓသိမ် (၂) ခုပေါ်၌ တည်နေခြင်းမဟုတ်။ မူလဗဒ္ဓသိမ် (၁) ခုပေါ်၌ တည်နေခြင်းသာ ဖြစ်ပါ၏။ ထို့ကြောင့် ထိုအဆောက်အဦအတွင်း၌နေ၍ သိမ်နုတ်လျှင် သိမ်ကျွတ် နိုင်ပါ၏-ဟု မှတ်လေ။

၅။ မေး = ပရိဝါသ်ဆောက်တည်ရာ၌ဖြစ်စေ၊ မာနတ်ဆောက်တည်ရာ၌ ဖြစ်စေ၊ တစ်မိုးတစ်ရံတည်း၌ ဒုဏ်သားနှစ်ဦးရှိရာတစ်ဦးက အိပ်၍ တစ်ဦးက ထိုင်နေပါက အိပ်သော ဒုဏ်သားရဟန်း ညဉ့်အရေအတွက် ပျက်ပါသလားဘုရား။

၅။ ဖြေ = ဤ၌ တစ်ရံဟူသော စကားအရ အကာအရံကို မလိုအပ်ဟု မှတ်သင့်၏။ အကာအရံမရှိသော်လည်း အမိုးအောက်တံစက်မြိတ်မှ ရေကျရာအတွင်း၌ လဲလျောင်းအိပ်နေလျှင် ညဉ့်ပျက်၏။ မလဲမလျောင်း မအိပ်သောရဟန်းအား ညဉ့်မပျက်ဟု မှတ်အပ်၏။ အထောက်အထား သာဓကပါဠိများကား

တသ္မာ နေသံ သဟသေယျာ သဗ္ဗာကာရေန ပဋိက္ခိတ္တာ (ဝိ၌ ၄-၁၃)

သဟဝါသော တိ ဝုတ္တပ္ပကာရေ ဆန္နေ ပကတတ္တေန ဘိက္ခုနာသဒ္ဓိံ

သယနမေဝ အဓိပ္ပေတံ၊ န သေသက္ကရိယာပဋကပ္ပံ
(သာရတ္ထဒီ ၃-၃၇၀)

၆။ မေး = ဒကာ်သားရဟန်းသည် အကြောင်းတစ်မျိုးကြောင့် ညဉ့်ပျက်လတ္တံ့ဖြစ်ပါက ဝတ်ချပြီးမှသာ ဝတ်ဆောက်တည်ခြင်း ဝတ်ကြားခြင်း ပြုရမည်ဟု တစ်နေ့က ဆရာတော်ပြောပြပါသည်။ ထိုအစီအစဉ်သည် နိက္ခိတ္တဝတ်မှာလား အနိက္ခိတ္တဝတ်မှာလားဘုရား၊ ပြန်လည်ရှင်းလင်းအောင် ပြောပြတော်မူပါဘုရား။

၆။ ဖြေ = နိက္ခိတ္တ၊ အနိက္ခိတ္တ၊ ဝတ် ၂-မျိုးလုံးနှင့်ပင် သက်ဆိုင်၏ဟု မှတ်ပါ။ သို့သော်လည်း နိက္ခိတ္တဝတ်၌ ဝတ်ကို ပြန်လည်၍ ဆောက်တည်သော ညဘက်အခါ၌သာ "သဟဝါသော"စသော ညဉ့်ပျက်ကြောင်းများဖြစ်ပေါ်လာနိုင်ပါ၏။ ထိုအခါ ဝတ်ကို ချ၍ ဆောက်တည်ခြင်း ပြောကြားခြင်းတို့ကို ပြုရပါမည်။ ဝတ်ကို ချထား၍ ဝတ်မရှိသော နေ့ဘက်အချိန်၌ကား "သဟဝါသော"စသော ညဉ့်ပျက်ကြောင်းများနှင့် မသက်ဆိုင်ဟု မှတ်အပ်၏။ ဤကား နိက္ခိတ္တဝတ်၌ ပြုကျင့်စဉ်တည်း

အနိက္ခိတ္တဝတ်၌ကား အမြဲတမ်းဝတ်ရှိနေသော ရဟန်းဖြစ်ရကား နေ့ဘက်၌ဖြစ်စေ၊ ညဘက်၌ဖြစ်စေ "သဟဝါသော"စသော ညဉ့်ပျက်ကြောင်းများ ဖြစ်ပေါ်လာလျှင် ဝတ်ကိုချ၍ ဆောက်တည်ခြင်း ပြောကြားခြင်းတို့ကို ပြုလုပ်မှသာလျှင် လာလတ္တံ့သော ညဉ့်ရက်ကို ရနိုင်သည်ဟု မှတ်အပ်၏။ ဤကား အနိက္ခိတ္တဝတ်၌ ပြုလုပ်စဉ်ကျင့်စဉ် ဖြစ်သတည်း။

၇။ မေး = သာသနာရေးဦးစီးဌာနထုတ် "ရဟန်းကျင့်ဖွယ်နှစ်ရာနှစ်ဆယ်ခုနစ်သွယ်"စာအုပ်စာမျက်နှာ ၁၄၆၊ စာပိုဒ်နံပါတ် ၂၊ ၃ ကို အများအမှန်

မိစစ်ပေးတော်မူပါဘုရား။

၇။ ဖြေ = မေးခွန်းပါကျမ်းစာအုပ်စာမျက်နှာ ၁၄၆ ၌ရှိသော စာပိုဒ် ၂ ၌ ဒေါ်သာရယာန်းသည်... (လ) ပကတိတ်ရဟန်းနှင့် ကင်းကွာ၍ တစ်ညဉ့်အိပ်မိပါက (ညဉ့်ပျက်သည်မည်၏) ထိုညဉ့်အတွက် တစ်ရက် ထပ်တိုး၍ ပရိဝါသ်မာနတ်ကျင့်ရမည်။

စာပိုဒ် ၃ တွင် ပြောကြားပြီးသော ရဟန်းအားလည်းကောင်း... (လ) မိမိသံဃာဒိသိတ်အာပတ်သင့်သည့်အတွက် ဝတ်ဆောက်တည်နေရကြောင်းကို (မာနတ်ကျင့်စဉ်အခါ၌) နေ့စဉ်ဖွင့်ဟပြောကြားရမည်... မှတ်ချက်/ ဤ(......)လက်သည်းကွင်းအတွင်း စကားများသည် စကားသစ်ထည့်သွင်း၍ ပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

၈။ မေး = သုက္ကဝိသဋ္ဌိသိက္ခာပုဒ်၌ လိုလပြုသော ရဟန်း၏သုတ်သွေးသည် ကျင်ချောင်းအတွင်း မူလတည်ရာဌာနမှ ရွေ့ရှားခဲ့လျှင် ထိုရဟန်းအား သံဃာဒိသိသ်အာပတ်သင့်သည်ဟု ပါရှိရာ သုက်သွေးအပြင်မထွက်ပဲအတွင်းမှာသာ ရွေ့ရှားသည်ကို မည်ကဲ့သို့ သိနိုင်ပါသနည်း ဘုရား။

၈။ ဖြေ = သုက်သွေးအပြင်မထွက်ပဲ အတွင်းမှာသာ ရွေ့ရှားသည်ကို သိရန် ခက်ခဲသည်ဟု ထင်ပါ၏။ မသိနိုင်ပါဟုပင် ဆိုချင်ပါ၏။ အပြင်ထွက်သည်ကိုကား သိသင့်သည်ဟု ဖွင့်ဆိုကြပါ၏။ "ဝိသဋ္ဌိ"ဟူသော စကားနှင့် ဆန့်ကျင်သည်ဟု ထင်မိပါ၏။ မိမိ၏အယူကား အပြင်ထွက်မှသာ သိသည့်အတွက် အပြင်ထွက်လျှင် သံဃာဒိသိသ်အာပတ်သင့်သည်ဟု ယူချင်ပါ၏။

၉။ မေး = ဘုရားရှင်လက်ထက်အခါက ရဟန်းတို့အတွက် အပ်စပ်သော

ဘိနပ်ပုံစံသတ်မှတ်မှုရှိပါသလားဘုရား။ ယခုဘုရားတပည့်တော်တို့ စီးနေသည့်ဘိနပ်ထိပ်ဦးချွန်မဟုတ်ပဲ ထိပ်ဝိုင်းပုံစံအတိုင်းပါပဲလားဘုရား။

၉။ ဖြေ = မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ဘိနပ်ပုံစံနှင့်ပတ်သက်၍ သတ်မှတ်ပညတ်ချက်မရှိခဲ့ပါ။ အထပ်အလွှာနှင့် ပတ်သက်၍ ပညတ်ချက်များ ရှိခဲ့ပါ၏။ ၁-လွှာဘိနပ်မှစ၍ ခွင့်ပြုပညတ်တော်မူ၏။ ၂-လွှာယာ၊ ၃-လွှာရှိသော ဘိနပ်များလည်း ရှိပါ၏။ ၄-လွှာမှ အထက်ကို အထပ်ထပ်ဘိနပ်ဟု ခေါ်ကြ၏။ ထို့ပြင် အညိုရောင်စသော အရောင်အဆင်းအမျိုးမျိုးတို့ကိုလည်း ပယ်မြစ်တော်မူ၏။ သဲကြိုးရောင်အမျိုးမျိုးလည်း ပယ်မြစ်၏။ ဖနောင့်ဖုံး ဖမိုးဖုံးစသော ဘိနပ်တို့ကိုလည်း ပယ်တော်မူ၏။

၁၀။မေး = ရဟန်းတစ်ပါးသည် ခရီးသွားရင်း ဝါဆိုလပြည့်ကျော် (၁) ရက်နေ့ မိမိရောက်ရှိရာနေရာကျောင်း၌ ဝါတွင်း (၃) လနေလိုစိတ်မရှိပါ။ တခြားနေရာကျောင်း၌သာ ဒုတိယဝါကပ်၍ နေရန်အစီအစဉ်ရှိပါသည်။ ထို့ကြောင့် ယခုရောက်ရှိရာကျောင်း၌ ဝါဆိုသည့်အခါ

''တ္တမသ္မိံ ဝိဟာရေ တ္တမံ တေမာသံ ဝဿံ ဥပေမိ''ဟု ဆိုကောင်းပါသလား၊ မည်ကဲ့သို့ ဆိုရမည်နည်းဘုရား။

၁၀။ဖြေ = မေးခွန်းပါ ဝါဆိုစာပိုဒ်အတိုင်း ''တေ မာသံ ဝဿံ ဥပေမိ''ဟုသာ ဆိုနိုင်ပါသည်။ ဒွေမာသံဝဿံဥပေမိ-ဟုလည်းကောင်း၊ ဧက မာသံ ဝဿံ ဥပေမိ-ဟုလည်းကောင်း မဆိုနိုင်မဆိုသင့်ပါ။ အဘယ်ကြောင့်နည်း

''နဘိက္ခဝေ ဝဿံ ဥပဂန္တွာ(ပ) တေမာသံ

အဝသိတွာ စာရိကာ ပက္ကမိတဗ္ဗာဟူ၍ ဝါဆိုပြီးပါက (၃) လ မနေပဲ ခရီးမသွားအပ်ဟု ပယ်မြစ်ချက်ရှိသောကြောင့်တည်း။

တနည်း/ မှတ်ဖွယ်ကား မေးခွန်းပါ ရဟန်းသည် ဝါဆိုလပြည့်ကျော် (၁)ရက်နေ့အဆိုပါကျောင်းသို့ ဆိုက်ရောက်မလာအောင် အခြားအရပ်၌ အချိန်ဖြုန်းတီး၍ နေပြီးမှ (၂) ရက်နေ့ရောက်လာလျှင်ကား ဝါမဆိုပဲ ဆက်လက်၍ ခရီးသွားနိုင်ပါ၏ဟု မှတ်လေ... ဆက်ဆိုပါဦးမည်။ ဤနည်းအတိုင်းမဟုတ်ပဲ ယခင်နည်းအတိုင်း ဝါဆိုပါမူကား (၃)လမနေခြင်းကြောင့် "ယော ပက္ကမေယျ အာပတ္တိဒုက္ကဋဿ" (ဝိ ၃-၁၉၃) ဟူသောပါဠိတော်နှင့်အညီ ဒုက္ကဋ်အာပတ်သင့်သည်ဟု နိုင်မြဲစွာ မှတ်သားအပ်၏။

၁၁။မေး = ရဟန်းတစ်ပါးသည် အရုဏ်ဆွမ်းစားရာ၌ ဆွမ်းဘောဇဉ်ကို တားမြစ်မိသောကြောင့် ပဝါရိတ်သင့်သွားပါသည်၊ ထိုအပြစ်ကို မည်သည့်အာပတ်ဟု ခေါ်ပါသနည်းဘုရား။

၁၁။ဖြေ = တားမြစ်မှုကို ပဝါရိတ်သင့်သည်ဟု အဆိုရှိပါသည်။ အာပတ်သင့်သည်ဟု အဆိုမရှိပါ။ "ယောပနဘိက္ခုဘုတ္တာဝီပဝါရိတော"ဟု ဆိုသည်ကို သတိပြုအပ်၏။

၁၂။မေး = နံနက်ဆွမ်းစားစဉ်ပဝါရိတ်သင့်ပြီးသော ရဟန်းသည် နေ့ဆွမ်းစားချိန်ရောက်သည့်အခါ ဆွမ်းဘောဇဉ်ကို အတိရိတ်ဝိနည်းကံမပြုချင်သောကြောင့် (ပြုလုပ်ရန်အခြားရဟန်းမရှိသောကြောင့်) ဘောဇဉ်ငါးပါးကို မစားပဲ ထိုငါးပါးမှ လွတ်ကင်းသော သစ်သီး နွားနို့ ဘီစကစ်မုန့်တို့ကိုသာ မိမိကိုယ်တိုင်အကပ်ခံ၍ သုံးဆောင်ပါက ပါစိတ်အာပတ်သင့်မသင့် သိလိုပါသည်ဘုရား။

၁၂။ဖြေ = ပဝါရိတ်သင့်သော ရဟန်းသည် ဘောဇဉ်ငါးပါးတွင် တစ်ပါးပါးကို စားတုန်းစားဆဲမှာ ဘောဇဉ်ငါးပါးတွင် တစ်ပါးပါးကို ပယ်မြစ်သောကြောင့် ပဝါရိတ်သင့်ခဲ့သည်။ ထိုရဟန်းသည် အတိရိတ်ဝိနည်းကံမပြုပဲ

ဘောဇဉ်နှင့် ဘောဇဉ်မဟုတ်သော ခဲဖွယ်ကို အကပ်ခံလျှင် ဒုက္ကဋ်သင့်၏ စားလျှင် ပါစိတ်အာပတ်သင့်၏။

ခါဒနိယံဝါဘောဇနိယံဝါ တိယံကိဥ္စိယာဝကာလိကံ။ (ကင်္ခါ - ၂၂၃)

ခါဒေယျဝါဘုဥ္ဇေယျဝါတိဗွေ့ဝုတ္တနယေနပဝါရိတဿ အနတိရိတ္တံယံကိဥ္စိ အာမိသံအဇ္ဈောဟရဏတ္ထာယ ပဋိဂ္ဂဏှတော ‹ဂဟဏေဒုက္ကဋံအဇ္ဈော ဟာရေပါစိတ္တိယံ။ (ကင်္ခါဝိတရဏီအဌကထ - ၂၂၃)

ခါဒနိယံဘောဇနိယံဝါတိ၊ …ဟူသည်ကား။ ယံကိဥ္စိ၊ အလုံးစုံသော။ ယာဝကာလိကံ၊ ယာဝကာလိကဖြစ်သော ခဲဖွယ်ဘောဇဉ်ပင်တည်း။ ခါဒေယျဝါဘုဥ္ဇေယျဝါတိဗွေ၊ ခါဒေယျဝါဘုဥ္ဇေယျဝါဟူသော ဤပါဠိတော်၌။ ဝုတ္တနယေန၊ ဆိုခဲ့သောနည်းဖြင့်။ ပဝါရိတဿ၊ ပဝါရိတ်သင့်သော ရဟန်းအား။ အနတိရိတ္တံ၊ အတိရိတ်ဝိနည်းကံမပြုအပ်သော။ ယံကိဥ္စိ၊ အလုံးစုံသော။ အာမိသံ၊ ယာဝကာလိကဖြစ်သော ခဲဖွယ်ဘောဇဉ်ကို။ အဇ္ဈောဟရဏတ္ထာယ၊ စားမျိုခြင်းအကျိုးငှါ။ ပဋိဂ္ဂဏှတော၊ အကပ်ခံယူသော ရဟန်းအား။ ဂဟဏေ၊ ခံယူခြင်းကြောင့်။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။ အဇ္ဈောဟာရေအဇ္ဈောဟာရေ၊ မျိုခြင်း မျိုခြင်းကြောင့်။ (ဝါ) မျိုတိုင်း မျိုတိုင်း။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။

ဤ၌ ဘောဇဉ်ငါးပါးနှင့် ခဲဖွယ် (၁၂) ပါးတို့ကို သိထိုက်၏။ အကျဉ်းပြအံ့

မြစ်ဥစွယ်ညှောက်၊ ပင်ခေါက်ရွက်ပွင့်၊ သီးစေ့(ဆင့်)၊ မှုန့်(နှင့်) စေးဆယ့်နှစ်

မှတ်ချက် ။ (ဆင့်) (နှင့်) သည် ကာရန်မျှသာ ဖြစ်သည်။ (၁၂) ရေတွက်ရာ၌ မပါဟုမှတ်ပါ။

၁၃။မေး = ယခုခေတ်အခါ အရက် ဘီယာအမျိုးမျိုးပေါ်ထွက်နေပါသည် ဘုရား ထိုအရက်ဘီယာများ ရောင်းကောင်းရန်အတွက် ဓာတ်ပုံကြော်ငြာပန်းချီကားများ ပြုလုပ်ကာ အငြိုင်အဆိုင်လူသိများအောင် လုပ်ကြပါသည်။ ပိုင်ရှင်များက ခိုင်း၍ လုပ်ပေးရသောကြောင့် ဓာတ်ပုံဆရာ ပန်းချီဆရာ သရုပ်ဆောင်မင်းသား မင်းသမီးများမှာ ထိုက်သင့်သော ငွေရရှိကြပါသည်။ ၎င်းငွေကို ထိုသူများအတွက် သမ္မာအာဇီဝအဖြစ် ရရှိသော ငွေဟုခေါ်ရမလား၊ မိစ္ဆာအာဇီဝအနေဖြင့် ရရှိသော ငွေဟု ခေါ်ရမည်လားဘုရား။

၁၃။ဖြေ = သမ္မာအာဇီဝခေါ် ကောင်းသောအသက်မွေးခြင်းဖြင့် အသက်မွေးသောလူတစ်ယောက်သည် မကောင်းသောရောင်းကုန်ပစ္စည်း (၅) မျိုးတို့ကို ရောင်းခြင်းမှ ရှောင်ကြဉ်ရပါ၏။ ထိုပစ္စည်း (၅) မျိုးတို့ကို ရောင်း၍ အသက်မွေးလျှင် သမ္မာအာဇီဝပျက်ပါတော့၏။

ထိုပစ္စည်း (၅) မျိုးကား

၁။ သတ္တ ကြက်ဝက်စသော ရောင်းကုန်ပစ္စည်း

၂။ သတ္ထ သေနပ်စသော ရောင်းကုန်ပစ္စည်း

၃။ မံသ နွားစသော ရောင်းကုန်ပစ္စည်း

၄။ မဇ္ဇ အရက်စသော ရောင်းကုန်ပစ္စည်း

၅။ ဝိသ ပိုးသတ်ဆေးစသော ရောင်းကုန်ပစ္စည်း

မေးခွန်းပါ အရက် ဘီယာဟူသော ပစ္စည်းများသည် မဇ္ဇပင်ဖြစ်ပါကုန်၏။ ထိုပစ္စည်းများကို ပိုင်ရှင်သာ ရောင်းပါသည်။ ဓာတ်ပုံဆရာ ပန်းချီဆရာ မင်းသား မင်းသမီးတို့ကား ထိုပစ္စည်းများကို မရောင်းကြပါ။

သူတို့ရသော ငွေသည် သူတို့ကိုယ်တိုင် အရက်ရောင်း၍ ရသော ငွေမဟုတ် ဓါတ်ပုံရိုက်ခ၊ ပန်းချီရေးခ၊ သရုပ်ဆောင်ခရသော ငွေသာ ဖြစ်သည်ဟု ဆိုနိုင်ပါ၏။ ထို့ကြောင့် သူတို့ရရှိသော ငွေကို မိစ္ဆာအာဇီဝ အဖြစ် ရရှိသောငွေဟု မခေါ်နိုင်ပါဟု မှတ်အပ်၏။

မိစ္ဆာအာဇီဝမဖြစ်လျှင် သမ္မာအာဇီဝဖြစ်ဖွယ်ရာ ရှိသည်ဟု ဆိုရမည်ဖြစ်ပေ၏။ သို့သော်လည်း မိစ္ဆာအာဇီဝဖြစ်နေသော အရက်ပိုင်ရှင် အရက်ရောင်းသူကို အားပေးကူညီမှုပြုလုပ်သောကြောင့် သန့်ရှင်းသော သမ္မာအာဇီဝမဖြစ်နိုင်ရကား။ မသန့်ရှင်းသော သမ္မာအာဇီဝဖြစ်သည် ဟူ၍သာ ဆိုသင့်ပါတော့၏။

အရှင်သာသနအမေး **အရှင်တိသာရအဖြေ**

၁။ မေး = တေနခေါပနသမယေန ဆဗ္ဗဂ္ဂိယာဘိက္ခူအလင်္ကိနံနိသယံဒေန္တိ ဘဂဝတော ဝေမတ္တံ အာရောစေသုံ၊ နဘိက္ခဝေ အလင်္ကိနံ နိသယ ယောဒ္ဒါ တဗ္ဗော၊ ယောဒဒေယျ၊ အာပတ္တိဒုက္ကဋဿာတိ။ (ဝိ ၃-၁၂၇) (မဟာဝဂ္ဂပါဠိ)

တေနခေါပနသမယေန ဘိက္ခူအလင်္ကိနံနိသာယဝသန္တိ ဝေပိန စိရဿဝ အလင်္ကိနော ဟောန္တိ ပါပကာ။ ဘိက္ခူဘာဂဝတော ဝေမတ္တံ အာရောစေသုံ။ နဘိက္ခဝေ အလင်္ကိနံနိသာယ ဝတ္တဗ္ဗံ၊ ယောဝသေယျ၊ အာပတ္တိဒုက္ကဋဿာတိ။ (ဝိ ၃-၁၂၇)

ဟူသော ဝတ္ထုနှစ်ခုအရ ဘုရားလက်ထက်ကတည်းက အလင်္ကီရဟန်း ရှိနေပြီး တာကတစ်ကြောင်း ဘုရားလက်ထက်က မဟာသိမ်တွေပဲ

ရှိတာက တစ်ကြောင်းကြောင့် အတူတူများ ဥပုသ်ပြုလေသလား ဘုရား?။

၁။ ဖြေ = စူဠ၀ါခေါ် စူဠဝဂ္ဂပါဠိပါတိမောက္ခဋ္ဌပနက္ခန္ဓကကို ထောက်လျှင် မြတ်စွာ ဘုရားသက်တော်ထင်ရှားရှိစဉ်က ဥပုသ်ပြု ပါတိမောက်ပြရာ၌ အလဇ္ဇီရဟန်းများ ထင်ရှားပေါ်လွင်စွာ မပါမဝင်နိုင်ပါဟု ယူဆမိပါ၏။ အကြောင်းပြစရာ ပါဠိကား နဝဘိက္ခဝေသာပတ္တိကေန ပါတိမောက္ခံ သော တဗ္ဗံ၊ ယောသုဏေယျအာပတ္တိ ဒုက္ကဋဿ။ (ဝိ ၄-၄၂၄) (စူဠဝဂ္ဂပါဠိ-ပါတိ မောက္ခဋ္ဌပနက္ခန္ဓက) ဟူသော ပါဠိတော်ပင် ဖြစ်ပါသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ သာပတ္တိကေန၊ အာပတ်ရှိသောရဟန်းသည်။ ပါတိ မောက္ခံ၊ ပါတိမောက်ကို။ နဝသောတဗ္ဗံ၊ မနာအပ်။ ဟူသော ဤစကားကို ဆင်ခြင်၍ သိအပ်၏။ ဤ၌ သာပတ္တိက အာပတ်ရှိသော ရဟန်းနှင့် အလဇ္ဇီရဟန်းအတူတူဟု မှတ်ပါ။ ဥပုသ်ပြုရာ၌ အလဇ္ဇီ ရဟန်းများသည် ထင်ရှားပေါ်လွင်စွာ မပါသော်လည်း ပုန်းလျှိုးကွယ်ဝှက် ၍ကား ပါဝင်နေသည်ဟု သတိပြုကာ မှတ်သားရ၏။

ဆဗ္ဗဂ္ဂိယာဘိက္ခူ "နာမေ့ကောဝိဇာနာတိ"တိ သာပတ္တိကာဝ ပါတိမောက္ခံ သုဏန္တိ။ (နာမေ့၌ နအမေ့-ဟု ပုဒ်ဖြတ်ပါ) အနက်ကား

ဆဗ္ဗဂ္ဂိယာ၊ ခြောက်ပါးစုဖြစ်ကုန်သော။ ဘိက္ခူ ရဟန်းတို့သည်။ အမေ့၊ ငါတို့ကို။ ကောစိ၊ တစုံတယောက်သောသူသည်။ နဇာနာတိ၊ (အာပတ်သင့်တာကို) မသိ။ ဣတိ၊ ဤသို့။ သာပတ္တိကာဝ၊ အာပတ် ရှိကုန်လျက်သာလျှင်။ ပါတိမောက္ခံ၊ ပါတိမောက်ကို။ သုဏန္တိ နာကြားကြ ကုန်၏။ ဤစကားများကို ထောက်ဆ၍ ဘုရားလက်ထက်မှာပင် အလဇ္ဇီ

၃။ မေး = တေနခေါပန သမယေန ဘိက္ခူ မကာသေတိ ဥဗ္ဗဋ္ဋာဟောန္တိ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ မကာသကုဋိကန္တိ။ (ဝိ၄-၂၅၆) ညီကို ကောင်းမှု ဦးပြဿာမေးခိုင်း၍ ဆရာတော်ဘုရားအား မေးလျှောက်ဖူးသည့် မေးခွန်းအဖြေပါဘုရား။

၃။ ဖြေ = ဤမေးခွန်း၌ မေးပုံအခြင်းအရာ (အာကာရ) မပါသဖြင့် အပ်-မအပ် မေးသလော, အသုံးပြုပုံပြုနည်းမေးသလော-ဟု မကွဲမပြား ဖြစ်နေပါ၏။ ထို့ကြောင့် မှန်းဆလျှက်သာ ဖြေပေအံ့။ 'မကာသကုဋိ'ကို တဲ့တဲ့မြန်မာဘာသာ ပြန်ဆိုလျှင် 'မှက်ခြင်ကျောင်းငယ်'ဟု ပြန်ဆိုရမည် ဖြစ်သော်လည်း အဋ္ဌကထာဆရာက 'မကာသကုဋိကာတိ စီဝရကုဋိကာ ဝုစ္စတိ=မကာသကုဋိဟူသည်မှာ သင်္ကန်းကျော်ငယ်ကို ဆိုအပ်၏'ဟူ၍ မိန့်ဆိုထားပါ၏။ ထို့ပြင် ဝိနည်းကို မြန်မာပြန်သော ဆရာတို့က 'ခြင်ထောင်'ဟု ဘာသာပြန်ဆိုထားပါ၏။ ထိုပြန် ဆိုချက်များတွင် သင့်လျော်ခေါ်လွယ်သော ပြန်ဆိုချက်ဖြစ်သော 'ခြင်ထောင်' ဟူသော ပြန်ဆိုချက်ကို ယူထားသည်ဟု မှတ်အပ်၏။ ထိုခြင်ထောင်ကို ရဟန်းတို့ သည် အလှူခံအပ်ပါသလော-ဟု မေးလျှင် 'အနုဇာနာမိ' စသည်ဖြင့် ဟောကြားခွင့်ပြုတော်မူသောကြောင့် အလှူခံခြင်းငှါ အပ်ပါ၏-ဟု ဖြေဆိုအပ်၏။

ထိုမှတပါး ထိုခြင်ထောင်ကို အသုံးပြုလျှင် ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ရဦးမည်လားဟု မေးပါမူကား "ကုဋိကံ"ဟူသော စကား ကို ထောက်ထား၍ ကျောင်းငယ်ဖြစ်သောကြောင့် ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ရန် မလိုသဖြင့် မတင်ပဲ ကျောင်းငယ်အဖြစ် သုံးဆောင် ထိုက်ပါသည်-ဟူ၍ ဖြေဆို အပ်၏။

၄။ မေး = သိုးမွေးခြုံထည်ခွင့်ပြုသည်ဟူသော ဉူးဩဘာစကားနှ တပည့်တော် ဖြင့် ရှာလို့မတွေ့ပါဘုရား။

၄။ ဖြေ = ဤမေးခွန်းသည် မေးခွန်းနှင့်မတူပါ။ တူအောင်ပြုလုပ်လျှင်ကား တပည့်တော်ဖြင့် ရှာလို့မတွေ့ပါ။ ဆရာတော်တွေ့အောင် ရှာဖွေ၍ ဖြေတော်မူပါဘုရားဟု ဖြစ်လာပါတော့၏။ တွေ့အောင်ရှာဖွေလျှင်ကား ဆဗ္ဗဂ္ဂိယာဘိက္ခူ ဗာဟိရလောမိံဥဏ္ဏိံဓာရေန္တိ။ (ဝိ ၄–၂၄၃)၊ ရူဠ္ဍဝဂ္ဂခုဒ္ဒက ဝတ္ထုက္ခန္ဓက။ နဘိက္ခဝေ ဗာဟိရလောမိဥဏ္ဏိဓာရေတဗ္ဗာ။ (ဝိ ၄–၂၄၄)၊ ရူဠ္ဍဝဂ္ဂခုဒ္ဒကဝတ္ထုက္ခန္ဓက။ ဗာဟိရလောမိံဥဏ္ဏိန္တိ ဥဏ္ဏလောမာနိဗဟိ ကတွာ ဥဏ္ဏပါဝါရံပါရုပန္တိ။ တထာဓာရေန္တဿဒုက္ကဋံ၊ လောမာနိ အန္တောကတွာ ပါရုပိတုံ ဝဋ္ဋတိ။ (ဝိဋ္ဌ ၄–၄၆)

ဟူသော ပါဠိတော်များနှင့် အဋ္ဌကထာကို တွေ့ရပါ၏။

ဆဗ္ဗဂ္ဂိယာဘိက္ခူ ခြောက်ပါးစုရဟန်းတို့သည်။ ဗာဟိရလောမိံ၊ ပြင်ပ ၌ အမွေးရှိသော။ ဥဏ္ဏိံ၊ သိုးမွေးခြုံထည်ကို။ ဓာရေန္တိ၊ ခြုံရုံကြကုန်၏။ (ပါဠိတော်အနက်ဖြစ်၏။) ဘိက္ခဝေ၊ ရဟန်းတို့။ ဗာဟိရလောမိ၊ ပြင်ပ၌ အမွေး ရှိသော။ ဥဏ္ဏိ၊ သိုးမွေးခြုံထည်ကို။ နဓာရေတဗ္ဗာ၊ မဆောင်အပ် မခြုံအပ်။ (ပါဠိတော်အနက်ဖြစ်သည်) ဗာဟိရလောမိံဥဏ္ဏိန္တိ–ဟူသည် ကား။ ဥဏ္ဏ လောမာနိ၊ သိုးမွေးတို့ကို။ ဗဟိကတွာ၊ ပြင်ပပြု၍။ ဥဏ္ဏ ပါဝါရံ သိုးမွေးခြုံထည် ကို။ ပါရုပန္တိ၊ ခြုံရုံကြကုန်၏။ တထာ၊ ထိုနည်းအတူ။ ဓာရေန္တဿ၊ ခြုံရုံသော ရဟန်းအား။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။ လောမာနိ၊ အမွေးတို့ကို။ အန္တောကတွာ၊ အတွင်းပြု၍။ ပါရုပိတုံ၊ ခြုံရုံခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ (ဤကား အဋ္ဌကထာ၏အနက်ဖြစ်သည်)

ဤပါဠိတော်အဋ္ဌကထာတို့တွင် ပါဠိတော်က သိုးမွေးခြုံထည်ကို

ပယ်ပြစ်တော်မူ၏။ အဋ္ဌကထာက အမွေးကို အတွင်းထား၍ ခြုံရုံလျှင် အပ်သည်ဟု ဆို၏။ ဆိုသည့်အတိုင်း မှတ်အပ်၏။

တောင်တွင်းအရှင်စန္ဒိမာအမေး
နဘူးကျောင်းတောရအရှင်တိသာရအဖြေ

၁။ မေး = ပံသုကူရုတင်ဆောင်ရဟန်းတစ်ပါးသည် အခြားသော ရဟန်း တစ်ပါးနိဿဂ္ဂိထိုက်၍ စွန့်ထားသော (သက်နိသပိတ်)စသည့် ပစ္စည်း များအား (ကို) နိဿဂ္ဂိမှန်းမသိ၍ ကောက်ယူသုံးစွဲငြားအံ့ အာပတ် သင့်ပါသလားဘုရား။

၁။ ဖြေ = ပံသုကူရုတင်ဆောင်ရဟန်းမှာ ပံသုကူလသညာရှိပြီးဖြစ်သည် ဟု ယူဆပါ၏။ နိဿဂ္ဂိထိုက်၍ စွန့်ထားသော ပစ္စည်းများကို ထိုသညာဖြင့် ကောက်ယူလျှင် "အနာပတ္တိဘိက္ခဝေ ပံသုကူလသညိဿ" ဟူ၍ အကြိမ်များစွာ ဟောတော်မူသောကြောင့် အာပတ်မသင့်ဟု မှတ်အပ်၏။ ထို့ပြင် ဆက်လက်၍ မှတ်ဖွယ်ကား

"အသာမိကံ ဟိ ပံသုကူလန္တိဝုစ္စတိ" (ကင်္ခါဋီသစ် - ၃၀၄)

"အသာမိကမ္ပိ ပံသုကူလံသဗ္ဗသာဓာရဏာဥ္စ" (ဝဇိရဋီ - ၂၃၉)

ဤဋီကာတို့၌ ပိုင်ရှင်ကင်းလျှင် ပံ့သုကူ=ပံသုကူဆိုလျှင်လည်း ပိုင်ရှင်ကင်းရမည် ဟုဆိုသောကြောင့် (ပိုင်ရှင်မရှိ) ပိုင်ရှင်ကင်းသည့် (နိဿဂ္ဂိထိုက်၍ စွန့်ထားသော)ပစ္စည်းကို ခိုးလိုသောစိတ်ဖြင့် ကောက်ယူ သည့်တိုင်အောင် အာပတ်မသင့်ပါဟူ၍ ခိုင်မြဲစွာ မှတ်သားအပ်၏။ ဤ၌ အာပတ်မသင့်ဟုဆိုသည်မှာ ခိုးမှုဖြစ်သော ဒုတိယပါရာဇိက အာပတ်မသင့်တာကို ဆိုလိုပါသည်။ ကောက်ယူသော ပစ္စည်းသည်

နိသဂ္ဂိထိုက်၍ စွန့်ထားသော ပစ္စည်းဖြစ်နေသဖြင့် နိသဂ္ဂိပါစိတ်အာပတ် သင့်မသင့်ကိုကား ပိုင်းခြားဝေဖန်၍ ပြရပေလိမ့်ဦးမည်။ နိသဂ္ဂိ (၃၀) တို့ကို စွန့်ပြီး ပြန်ရ–မရ သုံးစွဲရ–မသုံးစွဲရအားဖြင့် ခွဲလျှင် အုပ်စု (၃) မျိုး ကွဲပါ၏။

ကွဲပုံကား

(က)ဆိုလတ္တံ့ ဖ–ခုမှာ တပါးသောပစ္စည်း (၂၄) ခုတို့သည် အုပ်စု (၁) ခု ဖြစ်၏။

(ခ) အခင်းသုံးခုဆေးတစ်ခုဟူ၍ ပစ္စည်း (၄) ခုတို့သည် အုပ်စု (၁) ခု ဖြစ်၏။

(ဂ) ငွေကို ခံယူ ငွေဖြင့် ဝယ်ယူဟူ၍ပစ္စည်း (၂) ခုတို့သည် အုပ်စု (၁) ခု ဖြစ်၏။

ဤအုပ်စု (၃) မျိုးတို့တွင်

(က)အုပ်စုဝင် (၂၄) ပါးသော ပစ္စည်းတို့၌ စွန့်ထိုက်၍ စွန့်ထားသည်ကို ကောက် ယူသုံးစွဲလျှင် နိသဂ္ဂိပါစိတ်အာပတ်မသင့်ဟု မှတ်ပါ။

(ခ) အုပ်စုဝင် (၄) ခုသော ပစ္စည်းတို့၌ စွန့်ထိုက်၍ စွန့်ထားသည်ကို ကောက်ယူရရှိသော်လည်း မသုံးစွဲရ သုံးစွဲလျှင် ဒုက္ကဋ်ရှိသောဝဒုက္ကဋ် အာပတ်သင့်၏။

(ဂ) အုပ်စုဝင် (၂) ခုသော ပစ္စည်းတို့၌ စွန့်ထိုက်၍ စွန့်ထားသည်ကို မကောက်မယူရ ကောက်ယူလျှင် နိသဂ္ဂိပါစိတ်အာပတ်သင့်၏။

နှုတ်ငုံ့ကျက်မှတ်လိုက ကျက်မှတ်ရန်လင်္ကာ

ဆိုလတ္တံ့ငြား၊ ခြောက်ပါးကိုယယ်၊ နှစ်ဆယ်လေးပါး၊ ပစ္စည်းများ၌

စွန့်ထိုက်စွန့်မှု ကောက်ယူသုံးစွဲ၊ ပြုအပ်မြဲထုံး၊
အခင်းသုံးခု၊ ဆေးတစ်ခုဟု၊ လေးခုတို့၌၊ စွန့်ထိုက်စွန့်ထား
ပြန်ရပြားလဲ(လည်း) မသုံးစွဲရ၊ မြဲမှတ်ကြရန်၊
ငွေခံဝယ်ယူ၊ ဤနှစ်မှု၌၊ စွန့်ထိုက်စွန့်ပြီး၊ ပြန်လည်းမရ
မသုံးရသည်၊ မှတ်ကြသုံးမျိုးကွဲပုံတည်း

ထို့ပြင် ''ပံသုကူလမ္ပိနဝဋ္ဋတိ=ပံသုကူလည်းမအပ်''ဟုဆိုသော စကားလည်း ရှိပါ၏။ ထို၏အကြောင်းကို ဆက်လက်၍ ပြဆိုပေအံ့။ ငွေကို အလှူခံထား သောရဟန်းသည် ငွေကို သံဃာ့အလယ်၌ စွန့်၏။ ထိုငွေကို လူတစ်ယောက်က ကောက်ယူပြီးလျှင် ထောပတ်ဆီများနှင့် သပိတ်သက်န်းတို့ကို ဝယ်၍ ရဟန်းတို့အား ပေးလှူပါက ငွေကို အလှူခံထားသော ရဟန်းမှတပါး ကျန်သော အလုံးစုံသောရဟန်းတို့သည် ခွဲခြမ်းဝေဘန်၍ သုံးဆောင်ခြင်းငှါ အပ်ကုန်၏။ ငွေကို အလှူခံမိသော ရဟန်းသည်ကား လုံးဝမအပ်ပါ။ ပေးလှူသော ထိုပစ္စည်းများ မအပ်ရုံသာမကသေး အကယ်၍ ထိုလူတစ်ယောက်က ထောပတ်ဆီများနှင့်သပိတ်သက်န်းတို့ကို ပံသုကူပစ်ထားစွန့်ထားခဲ့ညားအံ့ ထိုပံသုကူပစ္စည်းတို့သည်ပင် ငွေကို အလှူခံ၍စွန့်သော ထိုရဟန်းအား မအပ်ပါ။ ဤကဲ့သို့သော ပစ္စည်းမျိုးကို ရည်ရွယ်၍ ''ပံသုကူလမ္ပိနဝဋ္ဋတိ'' ဟူသော စကားကို ဆိုခဲ့ခြင်းဖြစ်ပါသည်။

၂။ မေး = ဆရာတော်ဘုရားရေးသားတော်မူသည့် စိဝရဝဏ္ဏာဝိနိစ္ဆယ ကျမ်းလာ မိုးတိမ်နီရောင်ဖြစ်ဖို့ရန်အတွက် မည်သည့်သစ်ခေါက်တို့ကို မည်မျှလောက် ပြုတ်၍ ဘယ်ကဲ့သို့ ဆိုးရပါသနည်းဘုရား။

၂။ ဖြေ = ညောင်ပင်အမျိုးမျိုးတို့တွင် ညောင်နီဟုခေါ်သော ညောင်ပင်

တမျိုး ရှိပါသည်။ ထိုညောင်နီပင်မှ အခေါက်ကိုခွာပြီးလျှင် ရေထည့်၍ သုံးခွက် တစ်ခွက်တင်အောင်ကျိုရမည်။ ဤတစ်ခွက်တင်ကျန်သော ရေဖြင့် သင်္ကန်းကို လိပ်လျှက်ဆိုး ရေလောင်း၍ ပုတ်ခတ်ဆိုးရပါ၏။ အနီရောင်ဖြစ်လာပါ၏။

ဆိုပြီးစအနီရောင်သည် ဝတ်ရုံသုံးဆောင်သောအခါ ခန္ဓာကိုယ်မှ ထွက်သော ချွေးနှင့်ထိကာ လူးလဲရောစပ်သဖြင့် အရောင် (မည်း) မဲညိုဖြစ်သွားတတ်ပါ၏။ တနည်း/သီတင်းပင်ခေါ်သော အပင်မျိုးလည်း ရှိပါ၏။ ထိုအပင်၏အသီးကို ရေဖြင့် ဖျော်ထားသော သီတင်းသီးဆိုး ရေဖြင့် ဆိုးလျှင်လည်း အနီရောင်ဖြစ် လာတတ်ပါ၏။

၃။ မေး = တစ်ချို့သော ရဟန်းတော်များက စဝီးသပိတ်တွင် ကြေးဖြူပါ၍ မအပ်ဟု ပြောကြပါသည်ဘုရား။ ဆရာတော်၏အယူအဆကို အမိန့်ရှိတော်မူပါဘုရား။

၃။ ဖြေ = ဒန်သတ္တု ခဲဖြူစသည်တို့ မရောနှောသော သံသက်သက် စင်စင် ကြယ်ကြယ်ကို ရနိုင်ခဲသည်ဟု ထင်ပါ၏။ ကြေးဖြူလည်း ပါဝင်ရောနှောနိုင် သည်ဟုပင် ထင်ပါ၏။ ထို့ကြောင့် အနည်းငယ်မျှ ပါဝင်ယုံမျှဖြင့် မအပ်ဟု မဆိုသင့်ပါ။ အပ်သော သပိတ်ဟုသာ ဆိုသင့်ပါ၏။ မိမိကလည်း အပ်သည်ဟု ယူဆပါ၏။

အပ်သောသပိတ်ဟု ယူဆသော်လည်း (မည်း) မဲနက်အောင် ပြုလုပ်မှသာ သပိတ်ဟု အဓိဋ္ဌာန်တင်လောက်မည်။ မဲနက်ရောင်မဖြစ် သေးလျှင် သပိတ်အဓိဋ္ဌာန်မတင်လောက်သေးပါ။ ခွက်မျှသာဖြစ်သေး သည်ဟု ယူဆ ပါ၏။ ဤ၌ ဆက်၍ ဆိုပါဦးမည်...

ခွက်မျှသာဖြစ်သည်ဟု ဆိုခဲ့သော ထိုသပိတ်သည် ကြေးဖြူ

အပါများလျှင်မူကား ကြေးပြားခွက်ဟုပင် ခေါ်ရပေလိမ့်မည် (ယေဘုယျနည်းကို) ထောက်ဆသင့်သည်ဟု ဆိုလိုပါ၏။

ဤကြေးပြားခွက်သည် ရဟန်းတစ်ပါးပိုင် ပုဂ္ဂလိကအစွပ်ဖြင့် မထားသင့်ပါ-မအပ်ပါ။ လူတို့၏ဥစ္စာဖြစ်လျှင် သို့မဟုတ် သံဃိက သံဃာပိုင်ဖြစ်လျှင် အပ်၏။ ဆွမ်းထည့်၍ စားကောင်းသေး၏ဟု ခုဒ္ဒသိက္ခာ၌ ဆို၏။ ဆိုပုံကား

အကပ္ပိ ဖလိကာ ကာစ၊ (ကံသဇာ ဂိဟိသန္တကာ။

သံဃိကာ ကပ္ပိယာ) တုမ္ဗ-ဃဋိဇာ တာဝကာလိကာ-ဟု

ဆိုပါ၏။

မှတ်ချက် ။ ဤဂါထာ၏အစိတ်အပိုင်းဖြစ်သော လက်သဲကွင်း (..........) အတွင်း စကားများကို စူးစိုက်၍ ကြည့်ရှုဥ်းစားမှတ်သားပါလော။ ဤမျှဖြင့် ကြေးပြားပါသော သပိတ် (ခွက်) အသုံးအဖြတ်သည် သင့်လျော်လောက်ပါပြီ။

၄။ မေး = တိစီဝရိတ်ဓုတင်ဆောင်ရဟန်းတစ်ပါးသည် ဥပမာ (ဓေ-၁၀၀)ခန့် ကျယ်ဝန်းသည့် ကျောင်းဝင်းအတွင်း၌ မိမိကျောင်းတိုက်မှ အခြားကျောင်းများသို့ လှည့်လည်သွားလာရတွင်လည်း နှစ်ထပ်သင်္ကန်းကို ကိုယ်နှင့်မကွာ ယူဆောင်သွားရမည်လားဘုရား သို့တည်းမဟုတ် မြို့တွင်းရွာတွင်း သွားမှသာ ယူဆော်သွားရပါသလားဘုရား။

၄။ ဖြေ = တိစီဝရိက်ဟူသည်(က) ဝိနည်းတိစီဝရိက်

(ခ) ဓုတင်တိစီဝရိက် ဟူ၍ ၂-ပါး ရှိ၏။

ထိုတွင် သင်းပိုင်ကို "ဌာမံအန္တရဝါသကံအဓိဋ္ဌာမိ"ဟု ဆို၍ အဓိဋ္ဌာန်တင်၏။ ကော်သီကို "ဌာမံ ဥတ္တရာသင်္ဂံအဓိဋ္ဌာမိ"ဟု ဆို၍ အဓိဋ္ဌာန်

တင်၏။ ဤကဲ့သို့ အဓိဋ္ဌာန်တင်ထားသော သက်နိုး (၃) ထည်သည် ဝိနည်းတိစီဝရိက်မည်၏။ ဤဝိနည်းတိစီဝရိက်ကို ဆောင်သောနည်း ကား ဂါမ=ရွာစသော (၁၅) ဌာနတို့၌ ထား၍ စောင့်ရှောက်ကာ ဆောင်ရသော နည်းများပင် ဖြစ်ပါ၏။ ထိုနည်းတို့တွင် မချွတ်မယွင်းသော နည်းကား အရုဏ်တက်ချိန်၌ သက်နိုးနှင့် (၂-တောင်ထွာ)အနီးကပ်၍ နေထိုင်ကာ စောင့်ရှောက်လျှက် ဆောင်နည်းပင် ဖြစ်ပါသည်။ ဤနည်း ဆောင်လျှင် နိဿဂ္ဂိပါစိတ်အာပတ်မသင့်နိုင်ပါဟု ခိုင်မြဲစွာ မှတ်အပ်၏။

ဓုတင်တိစီဝရိက်ကား သက်နိုး (၃) ထည်ကို ယခင်နည်း အဓိဋ္ဌာန်မတင်ဘဲ ဝိကပ္ပနာပြု၍ (သို့မဟုတ်) ပရိက္ခာရစောဠအဓိဋ္ဌာန် တင်၍ ဆောင်ထားရ၏။ ပရိက္ခာရစောဠအဓိဋ္ဌာန်တင်နည်းကား (၁) ထည်ထည်ကို ''ဣမံ ပရိက္ခာရစောဠံ့တိအဓိဋ္ဌာမိ''ဟု ဆို၍ တင်ရ၏။ (၃) ထည်တို့ကို ''ဣမာနိ ပရိက္ခာရစောဠနိတိအဓိဋ္ဌာမိ'ဟု ဆို၍ တင်ရ၏။ ဤဓုတင်တိစီဝရိက်ကို ဆောင်သော ရဟန်းသည် အရုဏ် တက်ချိန်၌ သက်နိုးနှင့် (၂-တောင်ထွာ) မကွာအောင် နေရန် မလိုပါ။ ချမ်းသာလွတ်လပ်စွာ နေနိုင်ရကား ဆောင် လွယ်သောနည်း ဖြစ်ပါ၏။

၅။ မေး = ကေသိသင်းပိုင်တို့ကို လျှော်ဖွတ်ထား၍ နှစ်ထပ်သက်နိုးကို ဝတ်ထားကောင်းပါသလားဘုရား။

၅။ ဖြေ = မဝတ်ကောင်းပါ။ ဤပုစ္ဆာ၏အဖြေသည် (ဝိသုဒ္ဓိမဂ္ဂ၌(ပ)၆၂)၌ ရှိပြီး ဖြစ်ပါ၏။ ထို့ပြင် ဓုတင်ဝိနိစ္ဆယ ၂၈ ၌လည်း ရှိပါ၏။ ထိုကျမ်းများ၌ သက်နိုးဆိုးသောအခါမှာ ပဋ္ဌာနထား၍ များစွာမိန့်ဆိုကြ၏။ လျှော်ဖွတ် သောအခါ၌ကား အနည်းငယ်မျှသာ ဆိုကြ၏။ ရွာကျောင်း တောရ ကျောင်းခွဲခြား၍လည်း ဆိုကြသေး၏။ ထိုကျမ်းတို့၌ ဆိုပုံကို နည်းယူ၍

အနည်းငယ်ရေးပါအံ့။

သင်းပိုင်ကိုဝတ်၍ ကေသိဒုကုဋ်တို့ကို လျှော့ပွတ်ရပါ၏။

ကေသိကိုဝတ်၍ သင်းပိုင်ဒုကုဋ်တို့ကို လျှော့ပွတ်ရပါ၏။

သင်းပိုင်ကေသိတို့ကို ဝတ်ရုံ၍ ဒုကုဋ်ကို လျှော့ပွတ်ရပါ၏။

တောရကျောင်း၌ သုံးထည်ကို လျှော့ပွတ်၍ သင်္ကန်းတို့၏အနီး၌ နေအပ်၏။

ဒုကုဋ်(၂ ထပ်သင်္ကန်း)ကိုကား မဝတ်ရဟု တားမြစ်ထားပါ၏။

ဝတ်လျှင်ဘာဖြစ်တတ်သလဲ? ဟုမေးလျှင်ကား

ကေစိဆရာတို့က ဝတ္တဘေဒဒုက္ကဋ်အာပတ်သင့်၏-ဟု ဆိုကြ၏။ အညေ ဆရာတို့က ဒုပ္ပရိဘောဂဖြစ်သောကြောင့် မအပ်ဟု ဆိုကြ၏။ အပရေ ဆရာတို့က မရိုသေခြင်းမျှ၌ ဒုက္ကဋ်အာပတ်သင့်ကောင်းသောကြောင့်ဟု ဆိုကြ၏။

၆။ မေး = တိစီဝရိက်ဆောင်လိုလျှင် သားရေနွယ်ရှိမှဖြစ်သည်ဟု ဆိုကြပါသည်ဘုရား၊ မည်သည့်သားရေနွယ်ကို အဘယ်မျှလောက်အရှယ်ပမာဏလောက်အထိ သုံးကောင်းပါသလဲဘုရား။

၆။ ဖြေ = သားရေနွယ်ရှိမှဖြစ်သည်ဟူသော စကားသည် ပါ-ဠ-ဋီတို့၌ မရှိပါ။ ဓုတင်ဝိနိစ္ဆယကျမ်း၌လည်း မရှိပါ။ သားရေနွယ်၏အရှယ်အတိုင်းအရှည်ပမာဏလည်း မရှိပါဟုသာ ဆိုချင်ပါ၏။ "မဥပမာဏေန"ညောင်စောင်း လောက်ပမာဏဟု ဝိ ၃-၂၈၁ ၌ ရှိနေသော်လည်း "ထိုညောင်စောင်းပမာဏ"ကို ဘုရားခွင့်ပြုခြင်းမရှိခဲ့ပါ။

သားရေနွယ်၌ တွေးကြံဖွယ်ရှိနေသည်မှာ ဓုတင်တိစီဝရိက်ဆောင် ရဟန်းက လေးထည်မြောက်သင်္ကန်းကို ရှောင်ကွင်းလိုသဖြင့်

လေးထည်မြောက်မဖြစ်အောင် သားရေနွယ်ကို ဆောင်သည်ဟု ယူဆသင့်ကြောင်းကို တွေ့ကြံမိပါ၏။ သားရေနွယ်သည် သက်နှီးမဟုတ်သောကြောင့် တိစီဝရိက်မပျက်ဟု မှတ်အပ်၏။

၇။ မေး = သင်္ကန်းသုံးထည်လုံးအား (ကို) အထက်အောက်လှည့်လည်၍ တလှည့်စီဝတ်ရုံကောင်းပါသလားဘုရား။

၇။ ဖြေ = သင်းပိုင်ကေသိတို့ကို အထက်အောက်လှည့်၍ ဝတ်ကောင်းရုံကောင်း၏။ ဒုကုဋ်(၂ထပ်)သင်္ကန်းကိုကား ခြုံရုံခြင်းမျှသာ ပြုကောင်း၏။ မဝတ်ကောင်းပါ။ မဝတ်ကောင်းဟူသော စကား၌ အထောက်အထား ပြစရာ ပါဠိကား

"သဃာဋိံ ပနနိဝါသေတုံ နဝဋ္ဋတိ"ဟူသော (ဝိသုဒ္ဓိမဂ္ဂဋ္ဌ(ပ)၆၂) ၌ရှိသော ပါဠိပင် ဖြစ်ပါသည်။

ဤ၌ ဒုကုဋ်(၂ထပ်)ဟူသော စကားနှင့် သဃာဋိဟူသော စကားသည် အတူတူပင် ဖြစ်သည်ဟု မှတ်ယူအပ်၏။ ထို့ပြင် ဒုကုဋ်ဟူ၍လည်း ခေါ်ကြသေး၏။

တောင်တွင်းအရှင်စန္ဒိမာ၏ထပ်ဆင့်မေးခွန်းများ

ယခုအခါ ဆွမ်းခုတင်ဇီးပါးနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားပါရစေ ဘုရား။

၁။ မေး = သပိတ်ပိုက်၍ ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးသည် ရဟန်း သာမဏေများမှ(က) လောင်းလှူသည်ကို သပိတ်ဖုံးပေါ်၌ ခံယူလျှင် (သို့မဟုတ်) အဖုံးလှပ်၍ ခံယူလျှင် မည်သည့်ခုတင်ပျက်ပါသလဲဘုရား။

၁။ ဖြေ = သပိတ်ဖုံးသည် ဒုတိယဘာဇန=နှစ်ခုမြောက်ခွက်ဖြစ်ထိုက်

ရကား ဖိုးရုံသာဖိုးသင့်ပါ၏။ တစုံတခုစားသောက်ဖွယ်ကို မခံသင့်မထည့်သင့်ပါ ခံလျှင် ထည့်လျှင် ဒုတိယသာ ဖြစ်သွားသောကြောင့် ပတ္တပိဏ်ဓုတင်ပျက်သည်ဟု ယူဆပါ၏။

အဖိုးလုပ်၍ သပိတ်ဖြင့်သာ ခံယူလျှင်ကား အဖိုးသည် ဖိုးရုံသာဖိုး၍ တစုံတခုကို မခံယူဘဲ မထည့်ဘဲ ထားခြင်းကြောင့် ဒုတိယဘာဇနေဒါနှစ်ခုမြောက်ခွက်မဖြစ်ဟု ယူဆပါ၏။

တနည်း/သပိတ်ဖိုးသည် မြူမှုံကျလျှင် မြူမှုံကို စွန့်လိုက်ရသည်သာ ဖြစ်၍ စွန့်သော ခွက်သာလျှင် ဖြစ်တော့သည် စားခွက်မဟုတ်ပါ။ ထို့ကြောင့် အဖိုးပေါ်၌ ခံယူလျှင် စွန့်ခွက်၌ ခံယူခြင်းသာ ဖြစ်ပါသည်။ စွန့်ခွက်၌ ခံယူထားသော ဘောဇဉ်ကို မစားဘဲ စွန့်ပစ်ပြီးလျှင် သပိတ်အတွင်း၌ ရှိသော ဆွမ်းကိုသာ စားရသော ရဟန်းသည် ပတ္တပိဏ်ဥက္ကဋ္ဌပုဂ္ဂိုလ်အဖြစ်မှ လျှောကျရုံသာ ဖြစ်သည်။ ဤကဲ့သို့ လျှောကျလျှင် မဇ္ဈိမပုဂ္ဂိုလ်၌ဖြစ်စေ၊ မုဒုပုဂ္ဂိုလ်၌ဖြစ်စေ တည်ရှိနိုင်သေးရကား ပတ္တပိဏ်ဓုတင်မပျက်ဟု ယူဆမိကြောင်း ထပ်လောင်း၍ တနည်းဖြေပြလိုက်ပါ၏။

၂။ **မေး =** ဆွမ်းစားဇရပ်သို့ ရောက်ပြီးမှ ဆွမ်းမစားမီရဟန်းသာမဏေ **လူပုဂ္ဂိုလ်က** လှူသည်ကို ခံယူပါက မည်သည့်ဓုတင်ပျက်ပါသလဲဘုရား။

၂။ **ဖြေ =** ရဟန်းသာမဏေ လူပုဂ္ဂိုလ်တို့က လောင်းလှူသော ဆွမ်းသည် **အတိရေကလာဘ်**မဟုတ်သောကြောင့် ပိဏ္ဍပါတိကဓုတင်မပျက်ဟု **မှတ်အပ်၏။** သပဒါနစာရိကဓုတင်ဆောင်ဥက္ကဋ္ဌ, မဇ္ဈိမ, မုဒု, (၃)မျိုးတို့တွင် ဥက္ကဋ္ဌ ပုဂ္ဂိုလ်အဖြစ်မှ လျှောကျသွားပါ၏။ ဆွမ်းစားဇရပ်သို့ ရောက်ပြီးမှ ခံယူသောကြောင့်တည်း။ ဥက္ကဋ္ဌပုဂ္ဂိုလ်အဖြစ်မှ လျှောကျရုံသာ ဖြစ်ပါသည်။ သပဒါနစာရိကဓုတင်ပျက်ခြင်းမဟုတ်ပါ။ ဓုတင်မပျက်သော်

လည်း ရဟန်းက လောင်းလှူသောဆွမ်းသည် အကပ်မခံဘဲ ကိုင်ယူထားသော ဆွမ်းဖြစ်လျှင်လည်းကောင်း၊ ဆွေမျိုးမတော်သူ မဖိတ်သူအားတောင်း၍ ရထားသော ဆွမ်းဖြစ်လျှင်လည်းကောင်း၊ ထိုဆွမ်းကို ခံယူစားသောက်ခြင်းဖြင့် အာပတ် သင့်နိုင်သေးသည်ဟု မှတ်လေ။

၃။ မေး = ရဟန်းတစ်ပါးသည် အစဉ်သဖြင့် ဆွမ်းခံခဲ့ပြီးနောက် မိမိ၏ဆွေမျိုးအိမ်တွင် ဆွမ်းစားသောရဟန်း မည်သည့်ဓုတင်ပျက်ပါသလဲဘုရား။

၃။ ဖြေ = ရှေးအခါက ရွာတွင်းမှာ ဆွမ်းစားဇရပ်ရှိတတ်ပါ၏။ အသနသာလာဟုခေါ်ကြသည်။ ဆွေမျိုးအိမ်သည် ရွာတွင်းဆွမ်းစားဇရပ်နှင့်တူသည်ဟု ယူဆပါ၏။ အသနသာလာခေါ် ရွာတွင်းဆွမ်းစားအရပ်နှင့်တူသောဆွေမျိုးအိမ်၌ ဆွမ်းစားသောရဟန်းမှာ မည်သည့်ဓုတင်မျှ မပျက်ဟုမှတ်သင့်ပါ၏။

၄။ မေး = ခရီးသွားရင်းဖြင့် ဆွမ်းခံကြွရန် ပြင်စဉ် ဒါယကာမှ(က) အိမ်သို့ပင့်၍ သပိတ်တွင်း(၌) လောင်းလှူသော ဆွမ်းအား(ကို) ထိုအိမ်မှာပင်သုံးဆောင်ပါက မည်သည့်ဓုတင်ပျက်ပါသလဲဘုရား။

၄။ ဖြေ = ပိဏ္ဍပါတိကဓုတင်ဆောင်ပုဂ္ဂိုလ်သည် ဥက္ကဋ္ဌ၊ မဇ္ဈိမ၊ မုဒုဟူ၍ (၃)မျိုး ရှိပါ၏။ ထို (၃)မျိုးတို့တွင် အိမ်သို့ ပင့်သည်ကိုလိုက်သွား၍ဆွမ်းကို ခံယူသော ထိုရဟန်းသည် ဥက္ကဋ္ဌပုဂ္ဂိုလ်အဖြစ်မှ လျှောကျရုံသာဖြစ်ပါသည်။ ပိဏ္ဍပါတိကဓုတင်ပျက်စီးခြင်းမဖြစ်ပါဟု မှတ်အပ်၏။ ထို့မှတပါး သပဒါနစာရိက ဓုတင်ဆောင်ပုဂ္ဂိုလ်သည်လည်း ဥက္ကဋ္ဌပုဂ္ဂိုလ်အဖြစ်မှ လျှောကျခြင်းစသည် ဖြစ်နိုင်သည်ဟု မှတ်လေ။

၅။ မေး = ခရီးသွားရင်း မိမိ၏မိဘဆွေမျိုးအိမ်တွင် ဝင်ရောက်၍ သပိတ်

ဖြင့်ပင် အကပ်ခံ၍ ဘုန်း(ဘုဥ်း)ပေးသောရဟန်း မည်သည့် ဓုတင် ပျက်ပါသလဲဘုရား။

၅။ ဖြေ = မေးခွန်းပါရဟန်းသည် ပိဏ္ဍပါတိကဓုတင်မပျက်ပါ။ အတိရေ က လာဘ်မဟုတ်သောကြောင့်ဟု ဖြေလိုပါ၏။ သို့သော်လည်း ထိုရဟန်း သည် ကောင်းသောဆွမ်းနှင့် များသောဆွမ်းကို အလိုရှိ၍ မိဘဆွေမျိုး အိမ်သို့ ဝင်ရောက်ခြင်းဖြစ်ပါမူကား သပဒါနစာရိကဓုတင်ပျက်၏။ နံနက် ခရီးမထွက်မီ ဆွမ်းတစ်ထပ်စားခဲ့ပြီး၍ ယခုလမ်းမှာ ဒုတိယအကြိမ် စားခြင်းဖြစ်လျှင် ဧကာသနိကဓုတင်ပျက်၏။ ခရီးသွားရင်းလမ်းမှာ စားသော ခွက်သည် ဒုတိယဘာဇနနှစ်ခုမြောက်ခွက်ဖြစ်လျှင် ပတ္တပိဏ် ဓုတင်ပျက်၏။ ခရီးမထွက်သေးခင် နံနက်ဆွမ်းစားစဉ်က ပဝါရိတ် သင့်ထားလျှင် ယခုနောက်တစ်ကြိမ်စားခြင်းကြောင့် ခလုပစ္ဆာဘတ္တိက ဓုတင်ပျက်၏။

မှတ်ချက် ။ ဤ၌ ပိဏ္ဍပါတိကဓုတင်မှတပါး၊ ကျန်သော ဆွမ်းဓုတင် (၄)ခု ပျက်နိုင်ကြောင်းကို တွေးကြံ၍ သိအပ်၏။ မှတ်အပ်၏။

၆။ မေး = သပိတ်အတွင်း၌ ဆွမ်းခဲဘွယ်တို့ကို သုံးဆောင်ပြီးနောက် သပိတ်ကို ဆေးကြောခိုင်းပြီးလျှင် ထိုနေရာ၌ပင် ထိုသပိတ်အတွင်း ဘောဇဉ်တို့ကို ထည့်(စေ)၍ ဘုဉ်းပေးလျှင် ပတ္တပိဏ်ဓုတင်ပျက်ပါသလား ဘုရား။

၆။ ဖြေ = ဤမေးခွန်း၌ စိစစ်စရာရှိနေပါ၏။ ရှိနေပုံကား ဘောဇဉ်တို့ကို ထည့်၍ဟူသော စကား၌ ဤရဟန်းသည် ဘောဇဉ်သစ်ရှိသော ဒုတိယ ခွက်ကို ကိုယ်တိုင်အကပ်ခံ၍ ခွက်ထဲမှ ဘောဇဉ်သစ်ကို သပိတ်အတွင်း သို့ ထည့်သည်ဟု အဓိပ္ပါယ်ဆိုက်ရောက်နေပါ၏။ ဤကဲ့သို့ဖြစ်လျှင်

မူကား ဒုတိယဘာဇနကို အကပ်ခံသောကြောင့် ပတ္တပိုဏ်စုတင်ပျက်သည်ဟု ခိုင်မြဲစွာ မှတ်အပ်၏။

ဆိုခဲ့သည့်အတိုင်း မဟုတ်မူ၍ "ဘောဇဉ်တို့ကို ထည့်စေ၍"ဟု ဆိုလျှင်ကား လူသာမဏေတို့ကို အထည့်ခိုင်း၍ ထည့်သော ဘောဇဉ်တို့ကို ဘုဉ်းပေးလျှင် ပတ္တပိုဏ်စုတင်ပျက်ပါသလားဟု မေးသော မေးခွန်းဖြစ်နေပါသည်။ ဤနည်းကြောင့် မေးခွန်း၌(စေ)ဟူသော စကားကို ထည့်ခြင်းဖြစ်ပါ၏။ ဤကား မေးခွန်းကို စိစစ်ပုံဖြစ်ပါသတည်း။ အဖြေကို ဆိုပါဦးမည်၊ ဤ၌ စိစစ်ထားသော မေးခွန်းအတိုင်း ဖြစ်ပါမူကား ပတ္တပိုဏ်စုတင်မပျက်ပါ။ ဒုတိယဘာဇနကို သာယာခြင်း လက်ခံခြင်း မရှိသောကြောင့်တည်း။ စုတင်မပျက်သော်လည်း ကိစ္စများသောကြောင့် ဤနည်းကို မနှစ်သက်ထိုက်ဟု ဆိုချင်ပါ၏။ ပယ်ပုံအစီအစဉ်ကို ထောက်ဆကြည့်လျှင်လည်း နှစ်ကြိမ်ဖြစ်နေသောကြောင့် ဤနည်းကို မနှစ်သက်နိုင်ပါ။ ပယ်ပုံအစဉ်ကား (က)နေရာများ စွာ၌ စားခြင်းကို ပယ်၍ (၁) နေရာတည်း၌ စားခြင်းကို ပြုကြသည်။ (ကောသနိက်ခေါ်၏) (ခ) ခွက်ပေါင်းများစွာ၌ စားခြင်းကိုပယ်၍ (၁) ခွက်တည်း၌ စားခြင်းကို ပြုကြသည် (ပတ္တပိုဏ်ခေါ်၏) (၁) နေရာတည်း (၁) ခွက်တည်းဟု (၁)ဖြစ်အောင် အကျဉ်းချုံးခဲ့ကြသည်။ ဤမေးခွန်းပါနည်း၌ကား (၁) နေရာ တည်း (၁) ခွက်တည်းဖြစ်လျက်၊ (၂) ကြိမ်ဖြစ်နေပါသည်။ (၁) ဖြစ်အောင် လုပ်ပြီးမှ (၂) ဖြစ်နေခြင်းကို မနှစ်သက်ပါဟု ဆိုပါ၏။

၇။ မေး = ကောသနိက်စုတင်ဆောင်ထားသော ရဟန်းသည် နံနက်ပိုင်းတွင် ဆေးအဖြစ်(ဇီးဖြူပနံခါး)အစရှိသော သစ်သီးကိုစားသုံးပါက စုတင်ပျက်ပါသလားဘုရား။ ထိုရဟန်းသည်ပင် ညနေပိုင်းတွင်

ဆာလောင်မွတ်သိပ်သဖြင့် အဖျော်ရည်အကပ်ခံသောက်သုံးပါက ဝုတ်ပျက်ပါသလားဘုရား။

၇။ ဖြေ = ကောသနိက်အရာ၌ ယာဝကာလိကဘောဇဉ်ဖြင့်သာ ဆုံးဖြတ်ပိုင်းခြားအပ်၏။ ယာဝကာလိကဘောဇဉ်ကို တစ်နေရာ၌ စားပြီး၍ နောက်တစ်နေရာ၌ စားလျှင်သာ ဝုတ်ပျက်၏။ ကျန်ကာလက (၃) ပါးကို စားခြင်းကြောင့် ဝုတ်မပျက်ဟု မှတ်ရာ၏။

ဤ၌ ကာလိက(၄)ပါးကို အကျဉ်းပြသင့်ပေ၏။

၁။ ဆွမ်းဘောဇဉ်ငါးပါးသည် ယာဝကာလိကမည်၏။ မွန်းတည့်ချိန်အထိ စားအပ်၏။

၂။ သပြေသီးဖျော်ရည်စသည်သည် ယာမကာလိကမည်၏။ အရုဏ်တက်ချိန်အထိ သောက်အပ်၏။

၃။ ထောပတ်စသည်သည် သတ္တာဟကာလိကမည်၏။ (၇) အရုဏ်တက်ချိန်အထိ စားအပ်၏။

၄။ ဇီးဖြူဖန်ခါးစသည်သည် ယာဝဇီဝိကမည်၏။ တစ်သက်ပတ်လုံး စားအပ်၏။

မှတ်ချက် ။ စားအပ်သောက်အပ်၏ဟုဆိုသော်လည်း အကြောင်းမဲ့လျှင် မအပ်ပါ။ အကြောင်းရှိမှသာ အပ်ပါ၏။ အကြောင်းကား ဝိပါသ–ဆာလောင်မွတ်သိပ်သောအကြောင်းရှိမှ ယာမ–အဖျော်ကို သောက်အပ်၏။ ဂေလည–အနာရောဂါ ဟူသောအကြောင်းရှိမှ သတ္တာဟ–နှင့်–ဇီဝိတတို့ကို စားအပ်၏ဟု မှတ်ရာ၏။

၈။ မေး = သပဒါနဝုတ်ဆောင်ရဟန်းသည် မိမိကျမ္မာရေးနှင့် မလျော်ကန်သည့် ဆွမ်းဟင်းလျာအား(ကို) မခံယူဘဲ ကျော်သွားလျှင်

(သို့မဟုတ်) ခံယူပြီးမှ မစားမီ စွန့်ပစ်လိုက်လျှင် ဓုတင်ပျက်ပါသလား ဘုရား။

၁။ ဖြေ = သပဒါနစာရိက ဓုတင်ဆောင်ရဟန်းသည် မကောင်းသော ဘောဇဉ်မများသောဘောဇဉ်ကို လောင်းလှူသောအိမ်ကို ကျော်လွန်၍ အကောင်းနှင့် အများဘောဇဉ်ကို လောင်းလှူသောအိမ်သို့ သွား၍ ခံယူလျှင် ဓုတင်ပျက်၏ဟု ဓုတင်္ဂနိဒ္ဒေသ ယကျမ်း၌ ဆို၏။

ကျမ္မာရေးကို အကြောင်းပြု၍ ကျော်လွန်သွားခြင်းသည် ဓုတင်ပျက် ကြောင်းကို ရှောင်လွှဲသကဲ့သို့ ပြုလုပ်သည်ဟု ထင်မိ၏။ သို့သော်လည်း "ရှောင်ကာမှအတဲ့တိုးမိ"ဟူသော မြန်မာလူမျိုးတို့၏ စကားပုံကဲ့သို့ ဤ၌ အတဲ့(အတည့်)တိုးမိသွား၏။ တိုးမိပုံကား ကျမ္မာရေးနှင့်မလျော်ကန်သည့် ဆွမ်းဟင်းလျာဟူသည်မှာ ထိုရဟန်း အတွက် မကောင်းသော ဘောဇဉ်များပင် ဖြစ်ပေ၏။ ထိုဘောဇဉ်များကို မခံမယူလိုသဖြင့် ထိုရပ်ကွက်ကို ကျော်လွန်သွားခြင်းဖြစ်ရကား ဓုတင် ပျက်ကြောင်းကို တည့်တည့်တဲ့တဲ့တိုးမိပေတော့၏။ ထို့ကြောင့် ဤ သပဒါနစာရိက ဓုတင်ပျက်သည်ဟု ယူဆပါ၏။ မစားဘဲ စွန့်ပစ်လိုက်ခြင်း သည် ဤဓုတင်နှင့် မဆိုင်ပါ။

၉။ မေး = ဆရာတော်အရှင်သူမြတ်ဘုရား ဓုတင်တို့ကို ဆောက်တည်၍ တောတွင် နေထိုင်လိုသော ရဟန်းသည် မည်သည့်အချက်တို့နှင့် ပြည့်စုံ ရမည်နည်း, မည်သည်တို့ကို သိရှိထားရမည်နည်း, မည်ကဲ့သို့သော တောမျိုးတွင် နေထိုင်သင့်သနည်း, အစရှိသည်တို့ကို အကျယ်တဝင့် ဖြေကြားပေးတော်မူပါ ဆရာတော်သံဃာတော်အရှင်သူမြတ်ဘုရား။

၉။ ဖြေ = ပဋိမောက္ခသံဝရ ... ကာ၊ ကတမေပဉ္စ၊ မန္တတ္တာ မောမူဟတ္တာ

အာရည်ကောဟောတိ၊ ပါပိစ္ဆောဝတ္တုဗ္ဗာပကတော အာရည်ကော ဟောတိဥပ္ပာဒါစိတ္တကွေပါအာရည်ကောဟောတိ၊ ဝဏ္ဏိတံ ဗုဒ္ဓေဟိ ဗုဒ္ဓသာဝကေဟိတိ အာရည်ကောဟောတိ၊ အပ္ပိစ္ဆတံယေဝနိဿာယ, သန္တုဋ္ဌိံယေဝနိဿာယ, သလ္လေခံယေဝနိဿာယ, ပဝိဝေကံယေဝ နိဿာယ, ဣဒမတ္ထိတံယေဝ နိဿာယ အာရည်ကောဟောတိ၊ ဣမေခေါ်ဘိက္ခဝေပဉ္စအာရည်ကာ။

(အံ၂-၁၉၃)

ဘိက္ခဝေ၊ ရဟန်းတို့။ အာရည်ကာ၊ တောနေရဟန်းတို့သည်။ ဣမေပဉ္စ၊ ဤငါးပါးတို့ပင်တည်း။ ကတမေပဉ္စ၊ အဘယ်ငါးပါးတို့နည်းဟူမူကား။ မန္ဒတ္တာ မောမူဟတ္တာ၊ နုံနဲ့တွေဝေသည်၏အဖြစ်ကြောင့်။ အာရည်ကော၊ တော၌နေသည်။ ဟောတိ၊ ဖြစ်၏။ ပါပိစ္ဆောဝတ္တုဗ္ဗာပကတော၊ ယုတ်မာသော အလိုဆိုးရှိ၍ အလိုဆိုးသည် လွှမ်းမိုးအပ်သည်ဖြစ်၍။ အာရည်ကော၊ တော၌ နေသည်။ ဟောတိ၊ ဖြစ်၏။ ဥမ္မာဒါစိတ္တကွေပါ၊ ရူးသွပ်ခြင်း စိတ်ပြန့်လွင့်ခြင်း ကြောင့်။ အာရည်ကော၊ ...သည်။ ဟောတိ၊ ...၏။ ဗုဒ္ဓေဟိ ဗုဒ္ဓသာဝကေဟိ၊ ဘုရားနှင့် ဘုရား၏တပည့်တို့သည်။ ဝဏ္ဏိတံ၊ ချီးမွမ်းအပ်၏။ ဣတိ၊ ဤသို့ သိ၍။ အာရည်ကော၊ ...သည်။ ဟောတိ၊ ...၏။ အပ္ပိစ္ဆတံယေဝ၊ အလိုနည်း သည်၏အဖြစ်ကိုသာလျှင်။ နိဿာယ၊ မှီ၍။ သန္တုဋ္ဌိံယေဝ၊ ရောင့်ရဲတင်းတိမ် ခြင်းကိုသာလျှင်။ နိဿာယ၊ မှီ၍။ သလ္လေခံယေဝ၊ ကိလေသာခေါင်းပါးခြင်းကို သာလျှင်။ နိဿာယ၊ မှီ၍။ ပဝိဝေကံယေဝ၊ ဆိတ်ငြိမ်ခြင်းကိုသာလျှင်။ နိဿာယ၊ မှီ၍။ ဣဒမတ္ထိတံယေဝ၊ ဤအကျင့်ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အကျိုးရှိသည်ဟု သိသည်၏အဖြစ်ကို။ နိဿာယ၊ မှီ၍။ အာရည်ကော၊

တောင်နေသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အာရညိကာ၊
တောနေရဟန်းတို့သည်။ ဣမေ ခေါ်ပဥ္စ၊ ဤငါးပါးတို့ပင်တည်း။
အကျဉ်းမှတ်ရန်လင်္ကာ။ နံအတွေ့ဝေ၊ လိုဆိုးတွေ့နှင့်၊ ရှုးလေစိတ်ပျို့၊
ချီးမွမ်းအံ့ညီ၊ ခုငါးမိုလေ၊ ဤငါးထွေ၊ တောနေရဟန်းတည်း။
တောနေရဟန်း (၅) မျိုးတို့တွင် နောက်ဆုံးငါးပါးမြောက်ရဟန်း၌
ဟောတော်မူသော မိရာ (၅) ပါးတို့ကို "ခုတာမမွ"တို့ဟူ၍ မိန့်ဆိုကြ
ကုန်၏။

အပ္ပိစ္ဆတာစသန္တုဋ္ဌိ၊ သလ္လေခ ပဝိဝေကတာ။

ဣဒမတ္ထိတာပဉ္စေသာ၊ ခုတာမမ္မာတိ ဝုစ္စရေ။ ။ ရစနာ
တောင်နေလိုသော ရဟန်းသည် ထိုတရား (၅) ပါးတို့နှင့် ပြည့်စုံညီညွတ်ရ
ပေလိမ့်မည်ဟု မှတ်ထားပါလော။

ဤ၌ အပ္ပိစ္ဆတာ–သန္တုဋ္ဌိတာ–တို့ကား အလိုနည်းခြင်း ရောင့်ရဲလွယ်
ခြင်းဟူသော အလောဘစေတသိက်တည်း။ သလ္လေခတာ–ပဝိဝေကတာ
တို့သည်ကား ခေါင်းပါးခြင်းဆိတ်ငြိမ်ခြင်းသဘောကြောင့် အလောဘ–
အမောဟတို့၌ အကျုံးဝင်ကုန်၏။ ဣဒမတ္ထိတာသည်ကား ဤအကျင့်
သည် မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အကျိုးရှိသည်ဟု သိသော ဉာဏ်ပင်တည်း။
ဤသို့ ကောက်ချက်ချ၍ ယူရပါ၏။

တောသို့သွားသောရဟန်းမှာ ဤတရားငါးပါးကို ဆောင်ယူကာ ပါသွား
သင့်ပါ၏။ ထို့ပြင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများလည်း
ပါသွားသင့်ပေ၏။ မဟိစ္ဆာခေါ်၊ လောဘတဏှာကား ပါမသွားသင့်သော
တရားဖြစ်ပါ၏။

သိရှိထားရမည့်အချက်များမှာ ရွာနှင့်တောရကျောင်းအကွာအဝေးတာ

(၅၀၀) ကျော်ရှိသင့်သည်ကို သိထားရမည်။ ထို့ပြင် ကောင်းကင်ရှိ နက္ခတ်တာရာတို့ကို အလုံးစုံမသိသော်လည်း အနည်းငယ်မျှကိုကား သိထားရမည်။

မည်ကဲ့သို့သော တောမျိုးတွင် နေထိုင်သင့်သနည်း? မေးခွန်းအဖြေကား

"ရေနီးရွာနီး၊ လမ်းကောင်းပြီး၊ တသီးဆိတ်ငြိမ်ကျောင်း"ပင် ဖြစ်ပါ၏။ ရေနီးဟူသည် ရေအမြဲစီးဆင်းသော ချောင်းနှင့် နီးခြင်း မြစ်နှင့်နီးခြင်း မြေကြီး၌ တွင်းတူးလျှင် (၁၀) တောင် (၁၅) ပေအတွင်း ရေထွက်ခြင်း ဤ (၃) မျိုးတစ်ခုခုရှိလျှင် ရေနီးသည် မည်၏။

ရွာနီးဟူသည် (၄) တောင် (၆) ပေရှိသောတာဖြင့် တာ (၅၅၀) (၇၀၀) (၈၀၀) ရှိသော ရွာသည် ရွာနီးမည်၏။

လမ်းကောင်းဟူသည် ချောက်ကမ်းပါးပြတ်သို့ ဆင်းသွားရသောလမ်း, တောင်ကြီးပေါ်သို့ တက်သွားရသောလမ်း, ဤလမ်းမျိုးမဟုတ်လျှင် လမ်းကောင်းဟုပင် ဆိုလောက်ပါ၏။

ဆိတ်ငြိမ်ဟူသည် မော်တော်ကားယာဉ်များသွားသော လမ်းရှည်စသည်နှင့် မြို့ကြီးများနှင့် မနီးမကပ်လျှင် ဆိတ်ငြိမ်သည်မည်၏။

ဤကဲ့သို့ ဆိတ်ငြိမ်သော တောရကျောင်း၌ နေထိုင်သင့်ပါ၏။

☆☆☆

အလှူရှင်များစာရင်း

၁။	ဦးဇော်ဝင်း၊ နှင်းရာဇာမိသားစု၊	ပျဉ်းမနား	၅၅၀၀၀
၂။	ဦးတင်ထွန်း + ဒေါ်ကြည်ကြည်၊ ကုန်သည်၊ ဘိုကလေးမြို့		၅၀၀၀၀
၃။	ဦးချိုဝင်း + ဒေါ်ကြေးမုံ၊ ရန်နိုင်စားတော်ဆက်၊	ပျဉ်းမနား	၃၀၀၀၀
၄။	ဦးငွေးလွင် မိသားစု၊ ဆန်စက်နှင့်တွင်လုပ်ငန်း	မြန်ကမြေး	၃၀၀၀၀
၅။	ဦးဝင်းမြင့် + ဒေါ်သီသီအေး၊ အခွန်ဦးစီးမှူး၊	ပန်းဘဲတန်း	၂၀၀၀၀
၆။	ဦးသော်တာ + ဒေါ်ငွေးငွေးရီ မိသားစု၊	ပျဉ်းမနား	၂၀၀၀၀
၇။	ဦးအောင်စိုးဝင်း + ဒေါ်ခင်ထွေး၊ ငွေတောင်တန်းမိသားစု		၂၀၀၀၀
၈။	ဗိုလ်ကောင်းထက်သော်တာ၊ ဗလငြိမ်းထက်သော်တာ(DSTA) အမှတ်-၁၁၆၊ အမြောက်တပ်၊	ရေးမြို့	၂၀၀၀၀
၉။	ဦးသန်းလွင် + ဒေါ်စိန်စိန်၊ ရွှေပေါ်ထွန်းမိသားစု၊	ပျဉ်းမနား	၂၀၀၀၀
၁၀။	ဦးရွှေ + ဒေါ်ခင်သန်းမြင့်၊ မယကရုံး၊	ပျဉ်းမနား	၁၀၀၀၀
၁၁။	မိခင်ဒေါ်လှရွှေ၊ သားဦးစိုးဝင်းနှင့် ညီညီမများ၊	ပျဉ်းမနား	၁၀၀၀၀
၁၂။	ဦးကျော်အေးမိသားစု၊ အထည်ကုန်သည်၊	ပျဉ်းမနား	၁၀၀၀၀
၁၃။	ဦးသံချောင်း + ဒေါ်တင်ငွေ ၊ ဒေါ်ပုထမင်းဆိုင်၊ ဘိုကလေး		၁၀၀၀၀
၁၄။	ဦးသာခွန်းမိသားစု၊ ကြာပင်ကျေးရွာ၊	ကြာပင်	၅၀၀၀
၁၅။	ဒေါ်သန်းမြင့်နှင့်ညီမများ၊ ဒေါ်မြခင် မိသားစု၊	ပျဉ်းမနား	၅၀၀၀
၁၆။	ဗိုလ်ကြီးမောင်ထွန်း + ဒေါ်ခင်သန်းလှ၊ သမီး – ဒေါ်စောတောဝင်း မိသားစု၊	ရန်ကုန်	၅၀၀၀
၁၇။	မောင်မျိုးသူရ + မမိမိချိုခိုင်၊ မောင်ကျော်ဇေလွင် မိသားစု	အမေရိကန်နိုင်ငံ	၅၀၀၀
၁၈။	ဦးစိန်ဆိုင် + ဒေါ်ခင်ပု၊	ရန်ကုန်မြို့	၅၀၀၀

ဓမ္မဒါန

အုပ်ရေ (၁၁၀၀)

မန္တလေးတိုင်း ရမည်းသင်းမြို့ နယ် နဘူးကျင်းရွာ ၏
ရန်ကင်းတောရကျောင်းဆရာတော်
သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဂဏဝါစက၊ အရညဝါသီ

အရှင်တိဿရထေရ်

ပါဠိမြန်မာ နှစ်ဘာသာတို့ ဖြင့်
ရေးသားပြုစုပြီးသော စာပေကျမ်းများ

- ၁။ မန္တလေးတိုင်း၊ ရမည်းသင်းမြို့နယ်၊ သရက်ကန်ရွာ၊ ပထမကျောင်းတည်ဆရာတော် အရှင်ဥက္ကံသ၏ထေရပတ္တိအကျဉ်းမှတ်တမ်း။
- ၂။ ရန်ကုန်မြို့ ဘုရားဖြူကျောင်းတိုက်ကြီး၏ ဦးစီးနာယက ဝိနယနုဂ္ဂဟအသင်းကြီးတည်ထောင်တော်မူခဲ့သော ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာဝံသမဟာထေရ်၏ အန္တိမပူဇာ၊ ထေရပ္ပတ္တိဂါထာအကျဉ်းသံဝေဂယူဖွယ်စာစောင်။
- ၃။ မြန်မာပြည် အမြို့မြို့အနယ်နယ်တွင် တောရဆရာတော်ဦးဆောင်၍ သမုတ်ခဲ့သော သိမ်များ၏ သိမ်သမုတ်မှတ်တမ်း
- ၄။ အရဏုဂ္ဂကာလဝိနိစ္ဆယခေါ် အရုဏ်တက်ချိန် အဆုံးအဖြတ်ကျမ်း၊
- ၅။ စီဝရဝဏ္ဏဝိနိစ္ဆယခေါ် သင်္ကန်းရောင်အဆုံးအဖြတ်ကျမ်း
- ၆။ ဆန္ဒဒါနဝိနိစ္ဆယခေါ် ဆန္ဒပေးအဆုံးအဖြတ်ကျမ်း
- ၇။ ခုတင်ဝိနိစ္ဆယခေါ်ရှုတင်အဆုံးအဖြတ်ကျမ်း။
- ၈။ ဓမ္မသံယုတ္တဂါထာခေါ် တရားနှင့်ယှဉ် နေစေချင်
- ၉။ ဝန္ဒနာနာစုံကျမ်းခေါ် မြင့်မြတ်သူတို့၏အလုပ်များ။
- ၁၀။ ကလျာဏီ ကျောက်စာ ပါဠိနိဿယ။